The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 19 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 30 , 2016

## တောင်ကိုရီးယားနိုင်ငံသို့ စိန်တစ်လုံးသရက်သီး တင်ပို့တော့မည်

|pmrsu ES- 16|

## ရှမ်းပြည်နယ်အတွင်း စံမမီတဲ့ မြေသြဇာ၊ ပိုးသတ်ဆေးနဲ့ စားသောက်ကုန် ရောင်းချသူများအားဥပဒေနဲ့အညီ အရေးယူသွားမည်

|pmrsu ES- 17|

## ရောပုသိမ်ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သော ကုမ္ပဏီမှ ၂၀၁၆-၂၀၁၇ မိုးစပါးရာသီ တောင်သူများကို မျိုးစပါး၊ သွင်းအားစု စိုက်ပျိုးစရိတ်များပံ့ပိုး

|pmrsu ES- 23|

# အင်တာနက်ရရှိသည့် နေရာတိုင်းမှ ပို့ကုန်သွင်းကုန်လိုင်စင်များကို လျှောက်ထားနိုင်သည့် Fully Online Licensing စနစ်ကို ဇွန်လဆန်းတွင် စတင်နိုင်တော့မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် ထုတ်ကုန်သွင်းကုန် လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းများအား Paper Based စနစ်ဖြင့် ထုတ်ပေးခြင်းအစား Electronic စနစ်သို့ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ ပြောင်းလဲထုတ်ပေးခဲ့ပါတယ်။ အဲဒီစနစ်မှာ လုပ်ငန်းရှင်များအနေနဲ့ လိုင်စင်လျှောက်ထားခြင်းလုပ်ငန်းများကို လုပ်ဆောင်ရာမှာ နည်းလမ်းသုံးမျိုးနဲ့လျှောက်ထားနိုင်ကြောင်း သိရပါတယ်။



အဲဒီနည်းလမ်းသုံးမျိုးကတော့ စီးပွား/ကူးသန်းရှိအွန်လိုင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်တဲ့နေရာ (PAC) မှာ လိုင်စင်အချက်အလက်များ ဖြည့်သွင်းစေခြင်းဖြင့် လျှောက်ထားခြင်း၊ Diskette Format နဲ့ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းစေပြီး Local Online(IELPS) စနစ်အတွင်းသို့ ထည့်သွင်းစေခြင်းဖြင့် လျှောက်ထားခြင်း၊ Myanmar Tradenet Website အသုံးပြုပြီး လျှောက်ထားခြင်းစတဲ့ နည်းလမ်းတွေနဲ့ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

နည်းပညာရပ်တွေ တိုးတက်လာတာနဲ့အမျှ နိုင်ငံတကာအဆင့်မီ ပို့ကုန်သွင်းကုန်လိုင်စင်များ ထုတ်ပေးနိုင်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ Fully Online Licensing System ကို စတင်ကျင့်သုံး

|pmrsu ES- 18|



## Imperial အမှတ်တံဆိပ် ဝီစကီ၊ ရမ်၊ ဗော့ဒကာနဲ့ ဂျင်တို့ကို နိုင်ဂျီရီးယားနဲ့ စင်ကာပူနိုင်ငံသို့ တင်ပို့ပြီ

Imperial အမှတ်တံဆိပ် ဝီစကီ၊ ရမ်၊ ဗော့ဒကာနဲ့ ဂျင်တို့ဟာ အပြည်ပြည်ဆိုင်ရာ ဝီစကီပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့တဲ့အတွက် နိုင်ငံတကာဈေးကွက်သို့ ခြေလှမ်းစတင်လှမ်းနေပြီဖြစ်ပါတယ်။

ပြည်တွင်းထုတ် မြန်မာဝီစကီများ ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်ခဲ့တာ ၂၀၀၅ ခုနှစ်အစောပိုင်းကာလများကတည်းကဖြစ်ပြီး Grand

|pmrsu ES- 23|

## ကုန်အမှတ်တံဆိပ်တစ်ခုတည်းသာ ရောင်းချသည့်ဆိုင်များ ကျယ်ပြန့်လာ

|pmrsu ES- 12|



# EZONE Tri-G





## CONCENTRIC WEIGHT SYSTEM

Discover a new dimension to distance with the revolutionary Concentric Weight System (CWS). By shifting the configuration of three concentric weights along the swing path of the club, you can personalize the club's center of gravity location to optimize launch and spin for maximum distance!

### YOUR EXISTING LAUNCH CHARACTERISTICS

Low spin, low trajectory.



Correct spin with high trajectory, yet lack of distance.



Too much spin and height, lack distance.



### EZONE TRI-G WEIGHT SETTINGS



POSITION 1
Head speed: under 90 mph



POSITION 2
Head speed: 90 – 95 mph




POSITION 3
Head speed: over 95 mph

12 g weight
2 g weight

### IDEAL TRAJECTORY WITH EZONE TRI-G

**PERSONALIZE YOUR GAME.**
**MAXIMIZE YOUR DISTANCE.**

Customizing the club head's center of gravity provides maximum distance for players of all levels.




EXCLUSIVE DISTRIBUTOR:KAUNG MYAT CO.,LTD.
Sale Contacts:01-704896,09-73236363,09-31557621,02-61332 ,067-420799.

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ National Trade Portal and Trade Repository Website လွှင့်တင်သည့် Official Launch မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ကြီးမှူးကျင်းပသော National Trade Portal and Trade Repository Website စတင်လွှင့်တင်သည့် အခမ်းအနားကို မေ ၂၆ ရက်က နေပြည်တော်ဟိုတယ်ဇုန်ရှိ Park Royal Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ ကမ္ဘာ့စီးပွားရေးကွန်ရက်အတွင်းသို့ ဈေးကွက်ဖွင့်ဝင်ရောက်ခဲ့သည်မှာ ကနဦးအဆင့်တွင်သာရှိနေသေးသော်လည်း အာဆီယံ၏ ကတိကဝတ်များကို လိုက်နာအကောင်အထည်ဖော်ရာတွင် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ လိုက်ပါနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအစရှိသည်ဖြင့် သက်ဆိုင်ရာကအလိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယနေ့ဟာ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်တွင်ပါသည့် အင်တာနက်မှတစ်ဆင့် ကုန်သွယ်မှုသတင်းအချက်အလက်များ ထုတ်လွှင့်ခြင်းအတွက် National Trade Portal ကို USAID ရဲ့ ကူညီဆောင်ရွက်ပေးမှုနဲ့ တည်ထောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သလို၊ အဖွဲ့ဝင်နိုင်ငံများမှာ နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် Trade Repository ကိုတည်ထောင်ပြီး ASEAN Trade Repository ကို သွားရောက်ချိတ်ဆက်နိုင်မယ့် website တစ်ခုကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံကုန်စည်

စာမျက်နှာ ၁၅ သို့ ➲




# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Patrick နှင့် ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Seger တို့အား လက်ခံတွေ့ဆုံ





စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၂၅ ရက်က မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Patrick နှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး HE. Mr. Paul R. Seger တို့အား ဝန်ကြီးရုံးဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲများတွင် ပို့ကုန်သုံးဆမြင့် တင်နိုင်ရန် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများနှင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများမှ ထွက်ကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်တင်နိုင်ရေးနှင့် ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး (logistic) အဆင်ပြေချောမွေ့စေရေးသည် အရေးကြီးသည်ဖြစ်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအတွက် ပွင့်လင်းမြင်သာမှုရှိစေမည့် ကုန်သွယ်ရေးမူဝါဒ ပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်အား ၂၀၁၄ ခုနှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် ပြုလုပ်ခဲ့ကြောင်းတို့ အပါအဝင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးချဲ့သွားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
ဝင်းလွင်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ချိုသက်မှူ

**လက်ထောက်စာတည်း**
ချောစုမာ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်
အုန်းခင်

**ကွန်ပျူတာ**
မြတ်ဆုလှိုင်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 16, No.19 Monday May 30 2016

# ဆင်း-၃ ဆန် ပြည်ပတင်ပို့မှု အေးသွားပေမယ့် ဒေသတွင်းလိုအပ်ချက်များကြောင့် အရောင်းအဝယ်ကောင်းလာ

ပြီးခဲ့တဲ့ မေလလယ်ပိုင်းက အင်းတောင်၊မော်လူး၊ ကောလင်း၊ ဝန်းသို၊ ဗန်းမော်မြို့တို့မှ ထွက်ရှိခဲ့တဲ့ ဆင်း-၃ ဆန်ကို ဗန်းမော်မြို့မှ ကုန်သည်များနဲ့ တရုတ်ကုန်သည်များ အဆွဲသွက်ခဲ့လို့ တန်ချိန် ၂၅၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး လက်ခတစ်အိတ်ကို ကျပ် ၂၉၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ မေ ၂၇ ရက် ကသာဆိပ်ကမ်းဆန် ဈေး တစ်အိတ် ကျပ် ၂၈၅၀၀ နဲ့ ဈေးဖွင့် ခဲ့လို့ ဆန် တင်ပို့မှု အေးသွားတာတွေ့ရပါတယ်။ ဆန်စပါးလက်ကျန် နည်းချိန် အမြင့် ဈေးမျှော်လှောင်လက်များ အဝယ်ရှိနေတာ တွေ့ရပါတယ်။ မေ ၂၇ ရက် ဒေသတွင်း ဆင်း ၃ စပါးတင်း တစ်ရာ ကျပ် ၇၀၀၀၀၀ ဈေးနဲ့ဆန် တစ်အိတ် ကျပ် ၃၀၀၀၀ အရောင်းအဝယ်ရှိနေတယ်လို့ ဆန်စပါးဈေးကွက်က သိရပါတယ်။

ကသာခရိုင်အတွင်း ကသာမြို့နယ်က ဆန်စပါးစိုက်ပျိုးထွက်ရှိမှုနည်းလို့ ဆန်လိုမြို့နယ်ဖြစ်ပါတယ်။ ဆင်း ၃ ဆန်က ဗန်းမော်၊ တရုတ်တင်ပို့မှုများသလိုဒေသတွင်း စားသုံးမှုမြင့်မားတတ်တာကိုလည်း တွေ့ရပါတယ်။ ဆန်စပါးလက်ကျန်နည်းလာချိန် တရုတ်နိုင်ငံလိုတင်ပို့မှုအေးသွားပေမယ့် ဒေသတွင်းလိုအပ်ချက်များရှိနေလို့ ဆန်တစ်အိတ်ကျပ် ၃၀၀၀၀ နဲ့ ရောင်းချလျက်ရှိတယ်လို့ ဆင်ရတနာဆန်ပွဲရုံက ဆိုပါတယ်။

**စောယုထွေး (တောင်ကြီး)**

## ရက်သတ္တပတ်အတွင်း ဆန်တန်ချိန် တစ်သောင်းရှစ်ထောင်ကျော် တင်ပို့

မေ ၁၅ ရက်မှ ၂၁ ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၂၉၀ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၀၂၂ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ယူအေအီးနဲ့ အီးယူနိုင်ငံများကိုသာ တင်ပို့မှုရှိခဲ့ပါတယ်။ ယူအေအီးနိုင်ငံများသို့ ဧည့်မထဆန် တန် ၅၀ တင်ပို့ပြီး အီးယူနိုင်ငံများဖြစ်တဲ့ ယူနိုက်တက်ကင်းဒမ်းသို့ ဧည့်မထဆန် တန် ၆၅၀၊ အီတလီနိုင်ငံသို့ ဧည့်မထ ၇၂ တန်နဲ့ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဧည့်မထဆန် တန် ၂၅၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၇၉၃ တန်ခန့် လျော့နည်းခဲ့ပါတယ်။ ပင်လယ်ရေ ကြောင်းကုန်သွယ်မှုမှ ယခုတစ်ပတ်ဆန်ကွဲ တင်ပို့မှု မရှိခဲ့ပါဘူး။

ကုန်သွယ်ရေးစခန်းများမှ မေ ၁၄ ရက်မှ ၂၀ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ ၆ ဒသမ ၃၄၀ သန်းဖိုးရှိ ဆန် ၁၇၃၀၈ တန် တင်ပို့ခဲ့ပါတယ်။ စခန်း အလိုက်တင်ပို့မှုများမှာ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၉၁၄၆ တန်နဲ့ ဧည့်မထဆန် တန် ၂၁၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၇၁၈ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၄၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်တင်ပို့မှုထက် ၃၃၇၇ တန် ပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁ ဒသမ ၃၀၄ သန်းဖိုးရှိ ဆန်ကွဲ တန် ၄၀၀၀ ကို မူဆယ်မှ ၃၈၆၉ တန်၊ လွယ်ဂျယ်မှ ၆၅ တန်၊ ချင်းရွှေဟော်မှ ၆၆ တန် အသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၂၃၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

## ဆန်ချောရောဆန်ကြမ်းပါ အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်ပုံမှန်ဆက်ရှိနိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ရဲ့ မေ ၂၇ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၄၅၀၀ ကျပ်၊ လတ်စ ဆန်တစ်အိတ် ၃၃၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ထိပ်စ၊ လတ်စဆန်တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးကျလာပါတယ်။ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စတစ်အိတ် ၅၀၀ ကျပ်ခန့် စီဖြင့် ရက်ခြားကာ ဈေးကျလာတာ တွေ့ရပါတယ်။ လတ်စဆန်ကတော့ တစ်အိတ်၁၀၀၀ ကျပ်ခန့် ဈေးကျလာပြီး နယ်စုံပေါ်ဆန်းဆန်များကတော့ ထိပ်စ တစ်အိတ် ၃၃၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၂၀၀၀ ကျပ်ဖြစ်လို့ ထိပ်စ၊ လတ်စ တစ်အိတ် ၁၀၀၀ ကျပ်ခန့်စီဖြင့် ဈေးကျလာကြောင်း ဝါးတန်းကုန်စည်ဒိုင် ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ပေါ်ဆန်းဆန်ချောများ ကုန်စည်ဒိုင်သို့ အဝင်ပုံမှန်ရှိနေပြီး မိုးရွာသွန်းမှုများနေလို့ အိတ်သားတက်မှာစိုးရိမ်ပြီး များများဝယ်ယူသူမရှိဘဲ အရောင်းအဝယ်မှာ ပုံမှန်သာရှိနေကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စတစ်အိတ် ၂၃၅၀၀ ကျပ်၊ လတ်စဆန် တစ်အိတ် ၂၂၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေကြောင်း၊ မနောသုခရှယ် ဆန်တစ်အိတ် ၂၅၀၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၁၀၀၀ ကျပ်ခန့်ဈေးမြင့်လာပါတယ်။ ဒိုင်သို့အဝင်နည်းခြင်းကြောင့် ဈေးအနည်းငယ်တက်ရခြင်းဖြစ်ကြောင်း၊ နွေသီးထပ် (ရှယ်) ဆန် တစ်အိတ် ၁၇၈၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ နွေဆန်ရက်၉၀ ဆန်ဈေးနှုန်း တစ်အိတ် ၂၀၀၀၀ ကျပ်မှ ၂၀၅၀၀ ကျပ်ဖြစ်လို့ တစ်အိတ်၅၀၀ ကျပ်ခန့် ဈေးကျလာကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်များ ကုန်စည်ဒိုင်သို့ ဝင်ရောက်မှုမှာ ပုံမှန်သာရှိပြီး အရောင်းအဝယ်မှာလည်း ပုံမှန်ရှိကြောင်း၊ ရှေ့ဆက်ပြီးလည်း တက်ရိပ်၊ ကျရိပ်မရှိဘဲ ပုံမှန်သာ ဆက်သွားနိုင်တယ်လို့ ခန့်မှန်းကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ မေ ၂၇ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ်၊ မော်ဘီနဲ့ စူပါ တစ်အိတ်ကို ၁၄၅-၁၄၈ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါ တစ်အိတ်ကို ၁၄၂-၁၄၄ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခတစ်အိတ် ၁၃၂-၁၃၈ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၃-၁၄၅ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၃၆ -၁၃၉ ယွမ်အသီးသီးဖြစ်ကြောင်း သိရပါတယ်။ တရုတ်လိုင်းမူဆယ်ရဲ့ ဆန်ဈေးကွက်အခြေအနေမှာ ဒီတစ်ပတ် ရာသီဥတုအခြေအနေကောင်းမွန်ပြီး စစ်ဆေးမှုများ မရှိတဲ့အတွက် ဝယ်လက်အဆွဲရှိတာကြောင့် ဒီတစ်ပတ်အတွင်း အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ မေ ၂၇ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၀ ဒသမ ၈၃ ကျပ်ဖြစ်ကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၄၁၇ တန်ခန့်ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၇၀၈၄ တန်ခန့် ဝင်ရောက်ခဲ့တယ်လို့ သိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၀ ရက်အထိ တင်ပို့မှုမှာ တန်ချိန် ၇၆၀၅၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၅၉၄၄၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၁၅၁၈၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၄၀ ကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၁၆၆၀၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၆၂၈၃၈ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MT- YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၆-၅-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၄၈ | ၄၅၆ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၄ | ၄၄၁ | △ | ၃၇၅ | ၃၇၅ | □ | ၃၇၅ | ၃၇၅ | □ | ၄၁၀ | ၄၀၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၁၆ | ၄၂၁ | △ | ၃၄၅ | ၃၄၅ | □ | ၃၅၅ | ၃၅၅ | □ | ၃၆၅ | ၃၆၅ | □ |
| ပေါင်းဆန် | ၄၂၅ | ၄၂၅ | □ | - | - | - | ၃၆၅ | ၃၆၅ | □ | - | - | - |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၆-၅-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၄၀ | ၄၄၀ | □ | ၄၂၅ | ၄၃၅ | △ | ၄၁၅ | ၄၂၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၀ | ၄၅၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၇-၅-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၄၆၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | □ | ၇၇၁၀ | △ | ၃၄၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၀၀၀ | □ | ၃၀၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၃၀၀၀၀ | □ | ၁၁၀၅၀ | △ | ၃၇၀၀၀ | □ |
| စစ်ကွေ | ၅၄၀၀ | □ | ၂၃၀၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | □ | ၂၂၀၀၀ | □ | - | - | ၃၂၀၀၀ | ▽ |
| မန္တလေး | ၇၄၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၈၇၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မော်လမြိုင် | ၅၉၅၀ | □ | ၂၂၀၀၀ | □ | ၇၃၀၀ | □ | ၂၈၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၂၆၅၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၄၀၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## နွေစပါးထွက်ပေါ်စ တောင်သူများ ဈေးကောင်းရနေပြီ

သာယာဝတီခရိုင်တွင် ၂၀၁၅-၂၀၁၆ ခုနှစ်နွေစပါးစိုက်ဧက ၄၁၉၉၀ ဧက စိုက်ပျိုးရာ သာယာဝတီမြို့၊ လက်ပံတန်းမြို့၊ မင်းလှမြို့နှင့်မိုးညိုမြို့နယ် တို့တွင် ၁၁၁၄၇ ဧက ရိတ်သိမ်းပြီးဖြစ်၍ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၉၀ ဒသမ ၉၁ တင်းထွက်ရှိကြောင်း သိရပါတယ်။

ယခုနှစ်နွေစပါး ရိတ်သိမ်းရာတွင် ရာသီဥတုကောင်းပြီး မိုးလွတ်သဖြင့် လေလွင့်ဆုံးရှုံးမှုနည်းပြီး နွေစပါးဈေးမှာ လည်း တစ်တင်းလျှင် ၅၀ပေါင်ဖြင့် စပါးတင်း ၁၀၀ ကို ၅၁၀၀၀၀ ကျပ်မှ ၅၃၀၀၀၀ ကျပ်ဈေးဖြင့် နွေစပါးပေါ်စဈေးကောင်းရပြီး ရောင်းချနေရသောကြောင့် နွေစပါးစိုက်တောင်သူများ အကျိုးအမြတ်ရရှိပြီး တွက်ခြေကိုက်နေကြကြောင်း သတင်းရရှိပါတယ်။

**ခင်ခင်ထိုက်(လက်ပံတန်း)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၇-၅-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀/၅ | ၂၇/၅ | ပြောင်းလဲမှု | ၂၀/၅ | ၂၇/၅ | ပြောင်းလဲမှု | ၂၀/၅ | ၂၇/၅ | ပြောင်းလဲမှု | ၂၀/၅ | ၂၇/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၈၂၅ | ၂၈၀၇ | ▼ | ၂၇၀၀ | ၂၆၈၃ | ▼ | ၂၇၀၀ | ၂၆၇၅ | ▼ | ၂၇၀၀ | ၂၇၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၄၇၄ | ၂၄၄၉ | ▼ | - | - | - | ၂၄၃၅ | ၂၄၁၀ | ▼ | ၂၄၄၀ | ၂၄၀၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၀၀ | ၁၄၅၀ | ▲ | ၁၆၃၆ | ၁၆၈၉ | ▲ | ၁၆၃၂ | ၁၆၈၄ | ▲ | ၁၆၃၀ | ၁၆၃၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၄၅၀ | ▼ | - | - | - | - | - | - | ၁၉၅၀ | ၁၉၈၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၉၅၀ | ၉၆၅ | ▲ | ၁၀၀၀ | ၁၀၀၀ | ■ | - | - | - | ၁၀၅၀ | ၁၁၀၅ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၇၁၀ | ၈၀၀ | ▲ | ၆၀၅ | ၆၀၅ | ■ | ၅၈၀ | ၆၀၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၇-၅-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၀၀ | ၁၄၇၀ | ▼ | ၁၇၇၀ | ၁၆၇၉ | ▼ | ၁၇၈၅ | ၁၇၈၃ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၃၀ | ၁၂၉၀ | ▼ | ၁၂၇၂ | ၁၂၇၀ | ▼ | ၁၃၂၄ | ၁၂၉၂ | ▼ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၈၉၂ | ၈၆၂ | ▼ | ၉၅၂ | ၉၂၀ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၈၀၀ | ၈၀၀ | ■ | ၉၂၂ | ၉၁၄ | ▼ | ၉၂၂ | ၉၂၀ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၁၄.၅.၁၆)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၂၁.၅.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂၁.၅.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၂၃၉၇ | ၁၆၀၉၆ | ၁၉၃၀၁၈ |
| ပဲတီစိမ်း | ၄၂၀၁ | ၄၆၉၂ | ၁၀၀၅၃၅ |
| ပဲစင်းငုံ | ၃၀၉၈ | ၅၅၁၀ | ၁၂၄၆၁၆ |
| ကုလားပဲ | ၂၆၄ | - | ၁၁၅၆၈ |
| ပဲလွန်းဖြူ | ၃၀၅ | ၃၇၀ | ၉၅၂၂ |
| မြေထောက်ပဲ | ၂၁၆ | ၂၂၆ | ၄၂၆၃ |

# မုန်တိုင်းမိုးနဲ့အမီ မုံရွာတစ်ဝိုက် ငုံနီစိုက်ပြီ

ပြီးခဲ့တဲ့ မေတတိယပတ်အတွင်းက ရွာသွန်းခဲ့တဲ့ မုန်တိုင်းမိုးနဲ့အမီ မုံရွာဒေသခံတောင်သူတွေ ဒီနှစ်အတွက် ပဲစင်းငုံနီတွေ စတင်ပျိုးကြဲစိုက်ပျိုးလျက်ရှိတယ်လို့ သိရပါတယ်။ ယခုနှစ်ငုံနီဈေးကွက်မှာ ပဲစတင်ပေါ်ချိန်မှ ယနေ့အထိ တစ်တင်း အနိမ့်ဆုံးကျပ် ၄၃၀၀၀ အထိ ပေါက်ဈေးမာခဲ့လို့ တောင်သူတွေ တွက်ခြေကိုက်တဲ့အတွက် ယခုနှစ်မှာ စိုက်ဧက အနည်းငယ်တိုးလာဖွယ်ရှိတယ်လို့ စိုက်ပျိုးရေးဦးစီးဌာနက ဆိုပါတယ်။

မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဒေသနဲ့ကိုက်ညီမယ့် မုံရွာရွှေဒင်္ဂါးမျိုးကို ဒေသခံတောင်သူတွေနဲ့ပူးပေါင်းပြီး မျိုးသန့်မျိုးစေ့ထုတ် စိုက်ကွင်းများ ဖော်ထုတ်ခဲ့ကာ ပြီးခဲ့တဲ့နှစ်က ဌာနနဲ့ပူးပေါင်းပြီး ဧက ၃၀ ခန့် စိုက်ပျိုးခဲ့တယ်လို့ ဆိုပါတယ်။ ထွက်ရှိတဲ့ပဲတွေကို စံချိန်စံညွှန်းကိုက်ညီမှုရှိ/မရှိ စစ်ဆေးပြီး၊ ကိုက်ညီတဲ့ငုံနီမျိုးတွေကို မျိုးသန့်ပွားရေးအတွက် အခြားတောင်သူတွေကို ဖြန့်ဖြူးပေးလျက်ရှိတယ်လို့ မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရပါတယ်။ ယခုနှစ်အတွက် မျိုးဖြန့်ဖြူးမှုအနေနဲ့ တစ်တင်းလျှင် ငါးဧကနှုန်းဖြင့် စုစုပေါင်း ဧက ၂၀၀၀ စာဖြန့်ဖြူးပေးခဲ့ပြီး မျိုးသန့်ဈေးကတော့ တစ်တင်း ကျပ် ၅၂၀၀၀ ဝန်းကျင်ရှိတယ်လို့ဆိုပါတယ်။

မနှစ်က မုံရွာမြို့နယ်မှာ ငုံနီစိုက်ဧက ၁၇၁၀၀ လျာထားခဲ့ပြီး၊ ဧက ၁၇၁၄၀ စိုက်ပျိုးနိုင်ခဲ့ပေမယ့် မိုးခေါင်ခြင်း၊ သီးချိန်မိုး များခြင်းစတဲ့ ရာသီဥတု ဖောက်ပြန်မှုကြောင့် ဒေသအများစုပဲအထွက်လျော့ခဲ့တယ်လို့ သိရပါတယ်။ ရာသီကြောင့် အထွက်အနည်းငယ်လျော့ခဲ့ပေမယ့် ဒီနှစ်ပြည်ပဝယ်လိုအားမြင့်ကာ ပေါက်ဈေးလည်း တစ်တင်းမှ ကျပ် ၅၀၀၀၀ ဝန်းကျင်အထိ မြင့်ခဲ့လို့ ငုံနီစိုက် တောင်သူအများစု တွက်ခြေကိုက်ခဲ့ကြတယ်လို့ လေ့လာသိရှိရပါတယ်။ ဒီလို ဈေးကွက်အလားအလာကောင်းတွေကြောင့် မုန်တိုင်းမိုးနဲ့အမီ ငုံနီစိုက်ပျိုးမှု စတင်ခဲ့ကြရာ မုံရွာမြို့နယ်အနေနဲ့ ဧက ၂၀၀၀ နီးပါး စိုက်ပျိုးပြီးစီးနိုင်တယ်လို့ တောင်သူသတင်းရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မေလကုန်သီတင်းပတ်အတွင်း ပြည်ပမျိုးစုံဈေးကွက်မှာ ပဲဈေးအားလုံး ဈေးငြိမ်အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ပြည်တွင်းဝယ်လက်ရှိတဲ့ ပဲများရော၊ ပြည်ပဝယ်လက်ရှိသော ပဲများပါ မေလကုန်ပတ်တွင် ဈေးအတက်အကျသိပ်မဖြစ်ဘဲ အများစုမှာ ဈေးငြိမ်နေခဲ့တာကိုတွေ့ရပါတယ်။ မတ်ပဲသီးနှံနှင့် ပဲစင်းငုံသီးနှံမှာ ပြည်ပဝယ်လက်ရှိတဲ့အတွက် ဝယ်လိုအားကောင်းနေသော်လည်း မတ်ပဲသီးနှံသာ နေ့စဉ်အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံသီးနှံကတော့ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

မတ်ပဲသီးနှံမှာ ပဲဝင်ရောက်မှု နည်းသွားပြီဖြစ်လို့ လက်ကျန်ပဲများ ထုတ်ရောင်းချခဲ့ကြတာကြောင့် တစ်ရက်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းကတော့ တစ်တင်း ကျပ် ၅၄၅၀၀ ဖြင့် ယခုမေလတစ်လလုံးဈေးအတက်အကျသိပ်မဖြစ်ခဲ့တာကို တွေ့ရပါတယ်။ လဆန်းရက်မှာ တစ်တင်း ကျပ် ၅၃၅၀၀ နဲ့ ယခုတစ်ပတ်မှာ တစ်တင်းကျပ် ၅၄၅၀၀ သာရရှိလို့ ကျပ် ၅၅၀၀၀ ကိုမကျော်ဘဲ ဈေးငြိမ်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ၂၀၁၅ မေလအတွင်း တစ်တင်းကျပ် ၃၉၃၀၀ မှ လကုန်ရက်မှာ ကျပ် ၄၀၂၀၀ ရရှိခဲ့တဲ့အတွက်ယခင်နှစ်က မတ်ပဲဈေးမှာ မတ်လကုန်မှစ၍ တဖြည်းဖြည်း ဈေးမြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ်မှာ ပဲအဖွင့်ဈေးက ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းနှင့် သိပ်ကွာခြားမှု မရှိခဲ့တာကိုလည်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲလက်ကျန်သာရှိတော့တဲ့အတွက် ရက်ခြားသာစုပြီး ဝယ်ယူရောင်းချမှုရှိလို့ တချို့ရက်တွေမှာ အိတ် ၄၀၀ ကျော် ၅၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးကတော့ မတ်ပဲကဲ့သို့ပင် ဈေးအတက်အကျသိပ်မဖြစ်ဘဲ ယခုလအတွင်း ဈေးငြိမ်ခဲ့ကြပါတယ်။ လဆန်းရက်က ဈေးနှုန်းမှာလည်း တစ်တင်း ကျပ် ၄၈၅၀၀၊ ယခုလကုန်ပတ်တွင်လည်း တစ်တင်း ကျပ် ၄၈၅၀၀ ဖြင့် ဈေးငြိမ်နေပြီး ယခင်နှစ် ယခုချိန်မှာတော့ မတ်ပဲနှင့်ပဲစင်းငုံဈေးဟာ ဈေးပြိုင်ရရှိနေကြောင်း သိရပါတယ်။ ယခုနှစ်မှာတော့ မတ်ပဲဈေးထက် တစ်တင်း ကျပ်ငါးထောင်ခန့် လျော့နည်းနေခဲ့တာ တွေ့ရပါတယ်။

ကုလားပဲသီးနှံကတော့ ယခုနှစ်မှာ ဈေးကောင်းရလျက်ရှိတာကြောင့် တစ်တင်း ကျပ် ၄၀၅၀၀ နဲ့ မေလအတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ ကုလားပဲသီးနှံမှာ မင်းတုန်း၊ ကံမ၊ ရွှေတောင်ဘက်မှ ပဲအဝင်ဆက်ရှိခဲ့သလို လက်ကျန်ပဲများလည်းရှိခဲ့ကာ ခွဲစက်သမားများက နေ့စဉ်ဝယ်ယူလျက်ရှိတာကြောင့် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲသီးနှံဈေးဟာ ပဲသစ်ပေါ်ချိန်တွင် ယခင်လက်ဟောင်းပဲများ ဈေးဆက်လျော့ကာ တစ်တင်းကျပ် ၂၈၀၀၀ ခန့်သာရရှိခဲ့ပြီး မတ်လလယ်မှစ၍ ပဲဈေးများမြင့်တက်လာသလို ဧပြီလမှာလည်း ဈေးဆက်လက်မြင့်တက်လာခဲ့တာကြောင့် တစ်တင်း ကျပ် ၄၅၀၀၀ အထိ ရရှိလာခဲ့ပါတယ်။ ယခုရက်ပိုင်းမှာတော့ အခြားပဲများလည်း ဈေးငြိမ်နေသလို ကုလားပဲသီးနှံလည်း ဈေးငြိမ်နေခဲ့တာကြောင့် တစ်တင်းကျပ် ၄၀၀၀၀ ကျော်သာ ရရှိပေမယ့် အဖွင့်ဈေးထက်တော့ ဈေးကောင်းပိုရခဲ့တယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံများဖြစ်သော (ရွှေကျွန်း)၊ (ကမ်းနား) ပဲများမှာလည်း ဈေးငြိမ်နေကာ (ရွှေကျွန်း)တစ်တင်း ကျပ် ၂၈၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၅၅၀၀ နဲ့ ပဲကြော်ဖိုသမားများက နေ့စဉ်ဝယ်ယူနေလို့ အိတ် ၂၀၀ ကျော်ပုံမှန် ရောင်းချခဲ့ရပါတယ်။ ပဲကြီးသီးနှံဝင်ရောက်မှုအနေဖြင့် ရွှေတောင်၊ ကျီးသဲ၊ ညောင်စာရေး၊ ပန်းတောင်းမြို့နယ်များမှ ပြည်ဈေးကွက်သို့ အိတ် ၁၅၀ ကျော် ၂၀၀ ခန့် နေ့စဉ်ဝင်ရောက်ခဲ့ပါတယ်။ ကုလားပဲသီးနှံသာ ယခင်နှစ်ထက် ဈေးသိသိသာသာ ပိုရလာပေမယ့် ပဲကြီးသီးနှံ ကတော့ ယခင်နှစ်ဈေးထက် တစ်တင်းကျပ် သုံးထောင်ခန့်သာပိုရခဲ့တာကို တွေ့ရပါတယ်။ လက်လီအဝယ်ရှိတဲ့ ဘိုကိတ်နဲ့ ပဲပုပ်သီးနှံများကလည်း ယခုတစ်ပတ်အတွင်း ဈေးငြိမ်လျက်ရှိခဲ့လို့ ဘိုကိတ်ပဲတစ်တင်းကို ကျပ် ၂၁၅၀၀၊ ပဲပုပ်သီးနှံတစ်တင်း ကျပ် ၂၁၀၀၀ နဲ့ လက်လီသမားများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့လို့ အိတ်အနည်းငယ်သာ ရောင်းချနိုင်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# မုံရွာကုန်စည်ဒိုင်မေစတုတ္ထပတ် ပဲဈေးကွက် စိမ်းကြီးအရောင်းအဝယ်သွက်



မုံရွာကုန်စည်ဒိုင် မေစတုတ္ထပတ် ပဲဈေးကွက်မှာ ယခင်တစ်ပတ်နဲ့စာရင် ပြည်ပပို့ကုန်ပဲအများစု ဈေးအနည်းငယ်အေးသွားခဲ့ပေမယ့် ပဲတီစိမ်းကြီးကတော့ နယ်အဝင်သွက်လာသလို ဝယ်လက်အဆွဲများလို့ အရောင်းအဝယ်လည်း သွက်လာတယ်လို့ သိရပါတယ်။ မုံရွာကုန်စည်ဒိုင်ကို နယ်စုံက ပုံမှန်ဝင်ခဲ့ပြီး ရေဦးနယ်ဘက်က ပိုဝင်လာတယ်လို့ဆိုပါတယ်။ ယခုတစ်ပတ်မှာ စိမ်းကြီးတစ်တင်း ကျပ် ၃၁၅၀၀ မှ ကျပ် ၃၂၀၀၀ အတွင်း ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး စိမ်းသေးက တစ်တင်းကျပ် ၂၇၀၀၀ မှာ ဈေးငြိမ်နေခဲ့ပါတယ်။ နယ်အဝင်ရှိသလောက် ဝယ်လိုအားကောင်းလို့ တစ်ရက် အိတ် ၁၅၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

ယခုတစ်ပတ် ငုံနီဈေးကွက်မှာလည်း ရန်ကုန်ဝယ်လက်သာ ရှိခဲ့ပြီး ယခင်တစ်ပတ်ကတည်းက ဈေးအနည်းငယ်အေးကာ တစ်တင်းကျပ် ၄၈၂၀၀ မှ ကျပ် ၄၈၅၀၀ အကြား နေ့စဉ်ပေါက်ဈေး အနိမ့်အမြင့်ကစားလျက် ပုံမှန်အားဖြင့် တစ်ရက် အိတ်တစ်ထောင်ဝန်းကျင် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ မတ်ပဲဈေးကွက်မှာတော့ ရန်ကုန်ဝယ်လက် ပုံမှန်ရှိသလို မုံရွာဒေသခံ ခွဲစက်သမားအဝယ်အနည်းငယ်ရှိခဲ့တဲ့အတွက် တစ်တင်း ကျပ် ၅၂၅၀၀ မှ ကျပ် ၅၃၅၀၀ အကြား ဈေးငြိမ်စွာနဲ့ တစ်ရက်အိတ် ၂၀၀/၃၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

အခြားလက်လီဈေးကွက်ကိုသာ အားပြုနေရတဲ့ ဒေသထွက်ပဲမျိုးစုံထဲက လွန်းပြာတစ်မျိုးသာ နယ်အဆွဲအနည်းငယ်ရှိလို့ တစ်တင်း ကျပ် ၂၀၅၀၀ အထိ ဈေးကောင်းရခဲ့ပေမယ့် ကျန်ပဲတွေဖြစ်တဲ့ စွန်တာနီကတစ်တင်းကျပ် ၁၄၈၀၀၊ ပဲနီလုံးကြား တစ်တင်းကျပ် ၁၄၈၀၀ ၊ ပဲပုပ်တစ်တင်း ကျပ် ၁၈၅၀၀၊ ပဲယင်းဝါ တစ်တင်း ကျပ် ၁၄၅၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၁၇၀၀၀ ၊ မြေထောက်ပဲတစ်တင်း ကျပ် ၁၇၀၀၀ အသီးသီး အမြင့်ဆုံးပေါက်ဈေးရခဲ့ကြပြီး ထောပတ်ပဲကတော့ ဈေးကွက်ထဲမှာ တစ်တင်းကျပ် ၁၁၅၀၀ နဲ့ အနိမ့်ဆုံးပေါက်ဈေးစာရင်းဝင်ခဲ့တာတွေ့ရပါတယ်။ ပဲလက်လီတွေထဲက လုပ်ငန်းသုံးဝယ်လက်ပုံမှန်ရှိ တဲ့ ပဲကြီးဈေးကွက်မှာ တစ်တင်းကျပ် ၂၅၂၀၀ မှ ကျပ် ၂၆၅၀၀ အတွင်း ဈေးတန့်နေပြီး ဒေသတွင်း ပဲကြော်ဖိုနဲ့ နယ်လက် အနည်းငယ်အဆွဲရှိလို့ တစ်ခါတစ်ရံ အိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန မှ ငပုတောမြို့နယ်တွင် အသည်းရောင်စီပိုး ဆေးဝါးအတုများ ဝင်ရောက်မှုရှိ/မရှိ စစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ ဦးစီးအရာရှိ ဦးစောမိုက်ကယ်၊ ဒုတိယဦးစီးမှူး ဦးအောင်ထွန်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ (မှုခင်းတပ်ဖွဲ့) နဲ့ အတူ မေ ၂၀ ရက်က ငပုတောမြို့သို့ သွားရောက်ခဲ့ပါတယ်။



ငပုတောမြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ငပုတောမြို့နယ်ပြည်သူကျန်းမာရေးဦးစီးဌာန၊ ငပုတောမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ငပုတောမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငပုတောမြို့နယ် ရဲတပ်ဖွဲ့တို့နှင့်တွေ့ဆုံခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံအတွင်း DAKAVIR နှင့် LED-SO အမည်များဖြင့် အသည်းရောင်စီပိုး ရောဂါကုသဆေးအတုများပျံ့နှံ့နေကြောင်း အကြောင်းကြားလာတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိရာ ၎င်းဆေးဝါးများရောင်းချခြင်း ရှိ/မရှိကို ငပုတောမြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များတွင် အဖွဲ့စုံဖြင့်သွားရောက်စစ်ဆေးရာ ၎င်းဆေးဝါးအတုများ မတွေ့ရှိရကြောင်း သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

## ၂၀၁၆ ခုနှစ်အတွင်း မန်းကုန်စည်ဒိုင်မှာ လအလိုက် အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်အခြေအနေ

ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ ပွဲစားများ၊ ကုန်သည်များ၊ စက်ပိုင်များနှင့်၎င်းတို့၏ ကိုယ်စားလှယ်များလာရောက်ပြီး အရောင်းအဝယ်ပြုလုပ်ကြကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ်လအလိုက် အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာထွက်ကုန်သီးနှံ (ပဲ၊ ပြောင်း၊ နှမ်းနှင့်မြေပဲ) များရဲ့ ကာလတူဈေးနှုန်းများကို နှိုင်းယှဉ်ပါက

**တစ်ပိဿာဈေး-ကျပ်**

| စဉ် | သီးနှံအမည် | ၁/၂၀၁၆ | ၂/၂၀၁၆ | ၃/၂၀၁၆ | ၄/၂၀၁၆ | ၅/၂၀၁၆ |
|---|---|---|---|---|---|---|
| ၁ | ပဲတီစိမ်း | ၂၀၄၄ | ၁၈၆၇ | | | |
| ၂ | ပဲတီစိမ်းရွှေဝါ | ၂၀၄၄ | ၂၁၃၃ | ၁၇၂၄ | ၁၈၄၉ | ၁၇၇၈ |
| ၃ | ပဲလွန်းဖြူ | ၁၄၆၇ | ၁၃၈၃ | ၁၁၆၇ | ၁၀၀၀ | ၁၀၅၀ |
| ၄ | ပဲနီပြား | ၁၇၃၈ | ၁၃၅၇ | ၁၂၆၇ | ၁၂၃၀ | ၁၁၂၂ |
| ၅ | ပဲပုပ် (ရှမ်း) | ၁၀၅၂ | ၁၀၁၄ | - | ၁၀၅၂ | ၉၃၉ |
| ၆ | ပဲပုပ် (ဗမာ) | ၉၅၈ | ၈၇၃ | ၁၀၁၄ | ၁၀၃၃ | ၉၇၇ |
| ၇ | ပဲယင်း | ၉၀၇ | ၇၈၃ | ၇၀၀ | ၇၅၀ | ၇၃၃ |
| ၈ | ထောပတ်ပဲ | ၁၂၄၄ | ၈၈၉ | ၁၁၀၂ | ၇၄၇ | ၈၀၀ |
| ၉ | မတ်ပဲ | ၂၈၃၃ | ၂၂၈၃ | ၂၃၃၃ | ၂၆၈၃ | ၂၇၀၇ |
| ၁၀ | ကုလားပဲဖြူကြီး | ၁၃၄၅ | ၁၄၈၅ | ၁၅၆၃ | ၁၉၂၁ | ၂၀၁၈ |
| ၁၁ | ကုလားပဲထိုင်ဝမ် | ၁၃၅၁ | ၁၅၆၄ | ၁၅၈၂ | ၁၇၇၈ | ၁၉၅၅ |
| ၁၂ | ပဲစင်းငုံနီ | ၂၄၁၇ | ၂၁၄၇ | ၂၃၀၀ | ၂၃၈၃ | ၂၀၀၀ |
| ၁၃ | ပြောင်းဖူးစေ့ (ရှမ်း) | ၄၅၄ | ၄၄၄ | ၄၄၄ | ၄၂၆ | ၄၃၅ |
| ၁၄ | ပြောင်းဖူးစေ့ (ဗမာ) | ၄၄၁ | ၄၂၆ | ၄၁၇ | - | - |
| ၁၅ | ပြောင်းဖူးစေ့ (CP) | ၄၆၃ | ၄၅၀ | ၄၅၂ | ၄၂၆ | ၄၄၁ |
| ၁၆ | အထွက်တိုးပြောင်း | ၅၃၈ | ၅၀၉ | ၅၂၈ | ၅၃၈ | ၅၃၈ |
| ၁၇ | ဆန်ပြောင်း | ၅၂၃ | ၅၂၃ | ၅၄၀ | ၅၄၀ | ၅၄၀ |
| ၁၈ | နှမ်းဖြူ | ၂၁၅၆ | ၂၀၄၄ | ၂၀၈၉ | ၂၃၃၃ | ၂၁၇၈ |
| ၁၉ | နှမ်းညို | ၁၇၇၈ | ၁၇၇၈ | ၁၇၁၁ | ၁၈၂၂ | ၁၇၇၈ |
| ၂၀ | နှမ်းနက် | ၃၄၄၄ | ၃၅၅၆ | ၂၇၇၈ | ၂၈၈၉ | ၂၃၃၃ |
| ၂၁ | နှမ်းနက် (စမုံ) | ၄၂၂၂ | ၄၁၁၁ | ၄၂၂၂ | ၄၃၃၃ | ၄၀၀၀ |
| ၂၂ | ပန်းနှမ်း | ၁၈၈၉ | ၂၃၃၃ | ၁၉၅၆ | ၁၉၃၃ | ၂၀၄၄ |
| ၂၃ | မြေပဲ ( S1လုံးဆန်) | ၂၆၇၅ | ၂၆၅၀ | ၂၇၅၀ | ၂၆၂၅ | ၂၈၅၀ |

၂၀၁၆ ခုနှစ်မေလ စတုတ္ထပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများအနက် ကုလားပဲဖြူကြီး၊ ကုလားပဲထိုင်ဝမ်၊ အထွက်တိုးပြောင်း၊ ဆန်ပြောင်းနဲ့မြေပဲဆန် (S1 လုံးဆန်) များ ယခုနှစ်ရဲ့ အမြင့်ဆုံးဈေးနဲ့ အရောင်းအဝယ်ဖြစ်ပြီး၊ ကျန်သီးနှံ အများစုမှာ ယခုနှစ် အမြင့်ဆုံးဈေးနှုန်းအောက်နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် သီးနှံဝင်ရောက်မှု နည်းပါးသလို ဈေးနှုန်းများလည်း အေးတာကြောင့် အရောင်းအဝယ်ပါးကြောင်း၊ တရုတ်ဝယ်လက်ဆွဲအားရှိတဲ့ ပဲတီစိမ်း၊ ပဲလွန်းဖြူ ပဲယင်း၊ ပြောင်းဖူးစေ့များနဲ့ နှမ်းရောင်စုံများ ဝယ်လိုအားရှိပေမယ့် ရောင်းလိုအား နည်းပါးနေကြောင်း၊ ပြည်တွင်းလျှောင်လက်လက်ကျန် နည်းနေကြောင်း၊ ထို့အတူ အိန္ဒိယဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်ဆွဲအားရှိနေတဲ့ ကုလားပဲ၊ မတ်ပဲနဲ့ ပဲစင်းငုံများ ဈေးမာပေမယ့် ပစ္စည်းလက်ကျန် နည်းတာကြောင့် အရောင်း အဝယ်အေးကြောင်း၊ အရင်တုန်းက ပြောင်းဖူးစေ့ (ရှမ်း)များ မိမိတို့ကုန်စည်ဒိုင်ကို လာရောက်အရောင်းအဝယ်လုပ်ပေမယ့် ယခုအခါထွက်ရှိတဲ့ဒေသမှ တိုက်ရိုက် ရောင်းချမှုရှိကြောင်း၊ ထို့အတူ မြင်းခြံကုန်စည်ဒိုင်၊ ကျောက်ပန်းတောင်းကုန်စည်ဒိုင်မှ ထွက်ရှိတဲ့ သီးနှံများလည်း ရန်ကုန်သို့ တိုက်ရိုက် အရောင်းအဝယ်ပြုလုပ်တာကြောင့် မိမိတို့ မန္တလေးကုန်စည်ဒိုင်သို့ ဝင်ရောက်မှုနည်းပါးကြောင်း၊ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းမှာ အရောင်းအဝယ်ပြုလုပ်တဲ့ ပွဲစားကုန်သည်ကြီးတစ်ဦးက ပြောကြားခဲ့ပါတယ်။

**စိုးအောင်-မန္တလေး**

## ပြည်ဈေးကွက်မှာ ဝယ်လက်အဝယ်လိုက်ပြီး မြေပဲဆန်ဈေးမြင့်သလို ဆီဈေးပါမြင့်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ မြေပဲဆန် အဝင်နည်းလာပြီး ဝယ်လက်အဝယ်လိုက်လာတဲ့အတွက် မြေပဲဆန်ဈေးမြင့်တက်လာ တာတွေ့ရပါတယ်။ မင်းတုန်း၊ ကံမ၊ ပေါက်ခေါင်းနှင့်ရခိုင်ပြည်နယ်ဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့်သာ ဝင်တော့သဖြင့် ပစ္စည်းရှားလာပြီး ဝယ်လက်အဝယ်လိုက်လာပြီး ဈေးမြင့်လာတာ တွေ့ရပါတယ်။ လုံးဆန်ကိုမန္တလေးဝယ်လက်များက ပြည်ပသို့တင်ပို့ရန် အဝယ်ရှိခြင်း၊ ဆီဆန်ကို မကွေးဆီစက်နှင့် မြို့တွင်းဆီစက်များက အဝယ်ရှိသဖြင့် တစ်နေ့လျှင် ဝင်သလောက်အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

မြေပဲဆီဈေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၀၀ နဲ့ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက် ရှိပါတယ်။ မြေပဲဆီတစ်ပိဿာလျှင် ကျပ် ၄၉၀၀ ဈေးဖြင့်ပဲဆန်ဈေးမြင့်တက်သလို ဆီဈေးပါမြင့်တက်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## ပြည်ပဲလွန်းဖြူဈေးအေးပေမယ့် ယခင်နှစ်ဈေးနှင့် ကွာခြားမှုမရှိခဲ့

ပြည်ပဲဈေးကွက်မှာ ပဲလွန်းဖြူသီးနှံဟာ လက်လီသာအဝယ်ရှိခဲ့ပြီး တစ်ရက်အိတ် ၂၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲအထွက်လှိုင်ချိန်မှာသာ ပဲအဝင်များပြီး ကျန်အချိန်များမှာ ပဲအဝင်သိပ်မရှိဘဲ လက်ကျန်လှောင်ပဲများအား လက်လီဝယ်ယူနေတဲ့အတွက် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာတစ်တင်းကျပ် ၂၁၀၀၀ နဲ့ ယခုတစ်ပတ်ဈေးအနည်းငယ်ပိုရလာသော် လည်း လဆန်းရက်ထက်တော့ ဈေးလျော့နေခဲ့ပါတယ်။

မေလဆန်းပိုင်းက တစ်တင်း ကျပ် ၂၄၀၀၀ ရရှိခဲ့ပြီး လက်ကျန်လည်း တဖြည်းဖြည်း နည်းလာလို့ အရောင်းအဝယ်လည်း သိပ်မသွက်တော့ဘဲ ဈေးလည်းလျော့နည်းလာခဲ့ပါတယ်။ ယခင် နှစ်ကာလတူက ပဲလွန်းဖြူဈေးဟာ တစ်တင်းကို ကျပ် ၂၂၀၀၀ ရရှိခဲ့တဲ့အတွက် ဈေးနှုန်းသိပ်ကွာခြားမှုမရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## တစ်နှစ်လုံးဈေးအေးခဲ့တဲ့ ပြည်ထောပတ် ပဲလက်လီသာအဝယ်ရှိ

ပြည်ပဲဈေးကွက်မှာ မေလတတိယပတ်အတွင်း ထောပတ်ပဲသီးနှံဝင်ရောက်မှုသိပ်မရှိတော့ဘဲ လက်ကျန်ပဲများသာ လက်လီဝယ်ယူနေကြတဲ့အတွက် တစ်ရက်အိတ် ၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးကွက်အတွင်း ထောပတ်ပဲမှာ ဈေးအနိမ့်ဆုံးဖြစ်နေပြီး တစ်တင်း ကျပ် ၁၅၀၀၀ သာရရှိခဲ့ပါတယ်။

ယခုနှစ်အတွင်း ထောပတ်ပဲသီးနှံဈေးဟာ အခြားပဲများကဲ့သို့ ဈေးကောင်းမရဘဲ တစ်နှစ်တာလုံး ဈေးအေးတဲ့သီးနှံဖြစ်ခဲ့ပါတယ်။ ပဲသစ်ပေါ်စအချိန် ဖေဖော်ဝါရီဒုတိယပတ်မှာ တစ်တင်းကျပ် ၁၂၀၀၀ သာရရှိခဲ့ပြီး မတ်လနဲ့ ဧပြီလတို့မှာ တစ်တင်းကိုကျပ် ၁၃၀၀၀ ကျော်ရရှိခဲ့ပါတယ်။ ဒါ့အပြင် ပေါ်စအဖွင့်ဈေးထက် ဈေးပိုရလာခဲ့ပေမယ့် ယခုအချိန်အထိလည်း ဈေးနှုန်းများ သိသိသာသာ တက်လာခြင်းမျိုး မရှိတာကြောင့် ဈေးကွက်အတွင်း ဈေးအေးအေးနဲ့ အရောင်းအဝယ်လည်းအေးတဲ့ သီးနှံဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုလားပဲ၊ ခွဲခြမ်းအဝယ်နှေးလို့ ဈေးအနည်းငယ်အေး

မုံရွာကုန်စည်ဒိုင် မေစတုတ္ထပတ် ကုလားပဲမျိုးစုံဈေးကွက်မှာ ပြည်တွင်းဝယ်လိုအားသာရှိသလို၊ ခွဲခြမ်းသမားဆွဲအားပျော့ခဲ့လို့ ဈေးအနည်း ငယ်အေးသွားတာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်နဲ့ယှဉ်ရင် ထိုင်ဝမ် ကုလားပဲက အမြင့်ဆုံးတစ်တင်း ကျပ် ၃၇၅၀၀ မှ ကျပ် ၃၈၅၀၀ အထိ လည်းကောင်း၊ 929 ကုလားပဲက အမြင့်ဆုံး တစ်တင်း ကျပ် ၃၇၃၀၀ မှ ကျပ် ၃၈၅၀၀ အထိ လည်းကောင်း၊ ကုလားပဲဖြူလုံးကြီးက အမြင့်ဆုံးတစ်တင်း ကျပ် ၃၇၈၀၀ မှ ကျပ် ၃၉၃၀၀ အထိလည်းကောင်း အသီးသီးဈေးအေးသွားခဲ့ပြီး အရောင်းအဝယ်အားဖြင့်လည်း တစ်ရက်ကုလားပဲမျိုးစုံ အိတ် ၇၀၀ မှ ၁၀၀၀ ကြားသာဖြစ်ခဲ့တယ်လို့ ဈေးကွက်က သိရပါတယ်။

လောလောဆယ် ကုလားပဲဈေးကွက်မှာ မန္တလေးပဲခွဲစက်သမားများက ပုံမှန်အဆွဲရှိခဲ့ပြီး၊ မုံရွာဒေသခံခွဲစက်တွေအနေနဲ့ ပဲခွဲခြမ်းတစ်ပိဿာ ကျပ် ၂၆၀၀ ဈေးမှာငြိမ်သလို အိန္ဒိယဘက်က ဝင်တဲ့ပဲခွဲခြမ်းကတစ်ပိဿာ ကျပ် ၂၃၅၀ သာရှိလို့ အရောင်းထိုင်းသွားတဲ့အတွက် အခုလိုကုန်ကြမ်းအဝယ်လျော့သွားတာလို့ သိရပါတယ်။

မုံရွာနယ်က မျိုးကောင်းမျိုးသန့် စိုက်ပျိုးတဲ့ လယ်ဇင်ရွာက တောင်သူဦးကျောက်ခဲကတော့ ကုလားပဲနီမျိုးသစ် တစ်တင်းကျပ် ၄၅၀၀၀ နှုန်းနဲ့ မကွေးတိုင်းစကုမြို့နယ်၊ စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်တွေက တောင်သူတွေဆီကိုလာမယ့် ဆောင်းရာသီမှာစိုက်ပျိုးဖို့မျိုးအဖြစ် ရောင်းချလျက်ရှိတယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ချင်း

### မိုးများနေတာကြောင့် ဒေသတွင်း ဝယ်လက်များသာ အောင်ပန်းချင်းဈေးကွက်မှာ အဝယ်ရှိနေ

ဒီတစ်ပတ်မှာလည်း အောင်ပန်းဈေးကွက်မှာ ချင်းကတော့ ပုံမှန်အဝင်ရှိပေမယ့် မိုးများနေတာကြောင့် အရောင်းအဝယ် အေးနေပါတယ်။ အောင်ပန်းမှာ မိုးများနေတာကြောင့် အခြားမြို့နယ်အဆွဲတွေလည်း ရပ်သွားပြီး ဒေသတွင်း လက်လီစိတ်ဈေးဝယ်သမားနဲ့ အမှုန့်ကြိတ်သမားတွေသာ အဆွဲရှိနေတယ်လို့ သိရပါတယ်။ အော်ဒါရှိရင်ရှိသလိုတော့ အရောင်းအဝယ်ဖြစ်နေ တယ်လို့ လည်း သိရှိရပါတယ်။ ဈေးကတော့ ချင်းစိုတစ်ပိဿာကို ကျပ် ၄၀၀-၄၅၀ အထိ ဈေးရှိနေပြီး၊ ချင်းအလှအခက်ကြီးတွေကတော့ တစ်ပိဿာကျပ် ၅၅၀-၆၅၀ အထိ ဈေးရှိနေပါတယ်။ အရောင်းအဝယ်ကတော့ တစ်ပတ်အတွင်း ပိဿာချိန် ၁၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းစိုကအဝင်မရှိသလောက်ဖြစ်နေပြီး အရောင်းအဝယ်လည်းပါးသွားပြီလို့ သိရပါတယ်။ ချင်းကတော့ တစ်ပိဿာကို ကျပ် ၂၀၀၀ ဈေးရှိပြီး အရောင်းအဝယ်ကတော့ အဝင်လည်းမရှိ၊ ပစ္စည်းလက်ကျန်လည်းနည်းနေတာကြောင့် အရောင်းအဝယ်လည်းနားထားတယ်လို့ သိရှိရပါတယ်။

**စောယုထွေး(တောင်ကြီး)**

### ပြည်ချင်းဈေးကွက်မှာ ချင်းအဝင်နည်းပြီး အရောင်းအဝယ်အေးနေ

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်သို့ အောင်ပန်းချင်းများ အဝင်နည်းလာပြီး ယခင်ရက်သတ္တပတ်က တစ်ပတ်လျှင် ပိဿာ ၃၀ ဝင်အိတ် ၅၀ခန့် အဝင်ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ ပိဿာ ၃၀ ဝင်အိတ် ၃၀ခန့်သာ အဝင်ရှိတော့တယ်လို့ သိရပါတယ်။

အဝင်နည်းပေမယ့် ဈေးနှုန်းမှာ ပုံမှန်အတိုင်းသာရှိနေပြီး တစ်နေ့ကို ပိဿာချိန် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြည်ဈေးကွက်ရှိ ချင်းဈေးမှာ တစ်ပိဿာလျှင် (ရှယ်) ကျပ် ၁၁၀၀ မှ ၁၃၀၀၊ (ဂွန်) ကျပ် ၈၀၀-၉၀၀ ဈေးရှိပြီး အရောင်းအဝယ်အေးလျက်ရှိပါတယ်။

**ဝင်းဝင်းခိုင်**

### ပင်လယ်ရေကြောင်းမှ ချင်းပြန်လည်တင်ပို့

မေ ၁၅ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ချင်း ၅၆ ဒသမ ၀၁ တန်ကို စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဧပြီလ ပထမ သီတင်းပတ်မှစပြီး တင်ပို့မှု ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည် တင်ပို့နိုင်ခဲ့ပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၅ မေလ တတိယပတ်အတွင်း ချင်းတင်ပို့မှုမှာ ၇ တန်ကျော်သာ ရှိခဲ့တာကြောင့် ဒီနှစ်မှာ တင်ပို့မှုပိုခဲ့တယ်လို့ ဆိုရပါမယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၀၄၄၄ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

### ဟိုပုံးနနွင်းဈေးကွက်မှာ အဓိကဝယ်လက်တွေ အဝယ်နားနေလို့ အရောင်းအဝယ်ပါ ရပ်နားထားရ

ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာတော့ ဟိုပုံးအနီးအနားတစ်ဝိုက်မှထွက်တဲ့ နနွင်းတွေ နည်းနည်းချင်းအဝင်ရှိနေပြီး အရောင်းအဝယ်ကတော့ ပါးနေပါတယ်။ တချို့တောင်သူတွေ ပြန်စိုက်နေကြတာရယ် အဓိကဝယ်လက်တွေဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတွေကလည်း ဥပုသ်လရာသီဖြစ်လို့ ပစ္စည်းအဝယ်ကို ရပ်နားထားတာကြောင့် အရောင်းအဝယ်ပါးနေတယ်လို့ သိရှိရပါတယ်။ ဈေးကတော့ နနွင်းတစ်ပိဿာကို ကျပ် ၁၃၀၀ မှ ကျပ် ၁၅၀၀ အထိရှိပါတယ်။ ဈေးကွက်ထဲ ပစ္စည်းအဝင်ရှိပေမယ့် အဝယ်တွေရပ်နေတာကြောင့် အရောင်းအဝယ်ကို ရပ်ထားရတယ်လို့ သိရှိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နနွင်းဈေးကဈေးကျလာပါတယ်။ နနွင်းပြန်စိုက်တဲ့အချိန်ဖြစ်လို့ ပစ္စည်းအဝင်ကမရှိသလောက်ကိုဖြစ်နေပြီး အရောင်း ကလည်း အေးနေပါတယ်။ ဈေးကတော့ တစ်ပိဿာကို အနိမ့်ဆုံး ကျပ် ၁၀၀၀ ကနေ အမြင့်ဆုံးကျပ် ၂၀၀၀ အထိဈေးရှိပါ တယ်။ နနွင်းခေါင်းတွေကတော့ တစ်ပိဿာကို ကျပ် ၈၀၀၀ ရှိတယ်လို့ သိရှိရပါ တယ်။ ဥပုသ်လရာသီပြီးမှပဲ အရောင်းအဝယ်ပြန်ကောင်းနိုင်မယ်လို့ ခန့်မှန်းကြပါတယ်။

**စောယုထွေး(တောင်ကြီး)**

### မူဆယ်မှ နနွင်းတက် ခြောက်တန်ကျော်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၁၄ ရက်မှ ၂၀ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၇၀ သန်းဖိုးရှိ နနွင်းတက်တန် ၉၀ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က နနွင်းတက် ၈၃ တန်ကျော်တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ ယခုသီတင်းပတ်မှာလည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၁၄ သန်း တန်ဖိုးရှိနနွင်းခေါင်း ၂၅ တန်ကျော်တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ နနွင်းတက် တစ်တန်ကို မိမိဘက်ပေါက်ဈေးငွေလဲနှုန်းအရ ၉၁၃၄၀၄ ကျပ်ဈေးနဲ့ နနွင်းခေါင်းတစ်တန်ကို မိမိဘက်ပေါက်ဈေးငွေလဲနှုန်းအရ ၆၄၈၇၄၀ ကျပ်ဈေးရှိတယ်လို့သိရပါတယ်။ **တင်တင်ထွန်း**

### ဘင်္ဂလားဒေ့ရှ်နဲ့ စင်ကာပူသို့ နနွင်းတန်ချိန် ၉၀ ကျော်တင်ပို့

မေလ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း နနွင်း၉၀ ဒသမ ၃၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ၃၄ ဒသမ ၃၄ တန်နဲ့ ဘင်္ဂလားဒေ့ရှ်သို့ ၅၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတန်ချိန် ၁၀၀ ကျော်အထိ တင်ပို့နိုင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၁၂ တန်ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ တစ်တန်ကို ပျမ်းမျှ ကန်ဒေါ်လာ ၇၈၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ၇၀၄၆၅ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**


## မန်ကျည်း

### နယ်တင်ပို့မှုရှိနေသော်လည်း ပြည်မန်ကျည်းမှည့် ဈေးငြိမ်

မေလစတုတ္ထပတ် ပြည်မန်ကျည်းမှည့်(ပွဲရုံ)ဈေးကွက် ဈေး ဆက်လက်ငြိမ်နေပြီး၊ ရန်ကုန်နှင့် ရခိုင်သို့ ဆက်လက်တင်ပို့နေဆဲ ရှိနေတာကြောင့် အရောင်းအဝယ်ဖြစ်နေတဲ့ သီးနှံဖြစ်ပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့် တစ်ပိဿာလျှင်(ပွဲရုံ) ကျပ် ၁၆၀၀ နှင့် လက်လီကျပ် ၁၈၀၀ရှိပါတယ်။ ပွဲရုံများသို့ ကြံခင်း၊ မြန်အောင်မှ ပုံမှန် ၂၅အိတ်မှ အိတ် ၃၀ (ပိဿာ ချိန် ၇၀၀ ခန့်) ပုံမှန်အဝင်ရှိပြီး ရခိုင်သို့ အကုန်တင်ပို့နေရကြောင်း သိရပါ တယ်။ **နီနီဝင်း**

### ဒီတစ်ပတ် မန်ကျည်း ပို့အားကောင်း

ဧပြီ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၂၇၀ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ တန် ၅၀၊ ဘင်္ဂလားဒေ့ရှ်သို့ တန် ၅၀၊ ပါကစ္စတန်သို့ ၇၂ တန် နဲ့ စင်ကာပူသို့ ၉၈ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မန်ကျည်းတင်ပို့မှုမှာ တန်ချိန် ၁၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန်၁၂၀ကျော် ပိုမို တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ၁၁၀၈၅၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



## ကြက်သွန်

### ပြည်ကြက်သွန်ဖြူဈေးအနည်းငယ်ကျ

ပြည်(ပွဲရုံ)ဈေးကြီးတွင် ကြက်သွန်ဖြူဈေးအနည်းငယ် ကျလာတာတွေ့ရပါတယ်။ မေ(စတုတ္ထပတ်)မှာ ကြက်သွန်ဖြူဈေးကျလာပေမယ့် အရောင်းအဝယ်ကတော့ အေးနေတယ်လို့ သိရပါတယ်။ စားသုံးသူများအနေနဲ့ကလည်း လက်လီဈေး မကျဘဲရှိနေတာကြောင့် ယခင်က ငါးဆယ်သား၊ အစိတ်သားအနည်းဆုံးဝယ်ယူကြပြီး၊ ယခုအခါမှာတော့ ငါးကျပ်သား၊ တစ်ဆယ်သားလောက်သာ ဝယ်ယူသုံးစွဲလျက်ရှိနေကြပါတယ်။ ဈေးနှုန်းအနိမ့်၊ အမြင့်ပေါ်မှာ သုံးစွဲမှုကွာခြားလာတာကြောင့် အရောင်းအဝယ်အေးခြင်း၊ ကောင်းခြင်းဆိုတာကလည်း ဖြစ်ပေါ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် (ပွဲရုံဈေး)၊ ကြက်သွန်ဖြူတစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၃၀၀၀ မှ ကျပ် ၃၃၀၀ နှင့် (ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ ကျပ် ၃၄၀၀ ဈေးဖြင့် ဈေးကျလာပါတယ်။ ဒေသတွင်းလက်လီဈေးကတော့ ဈေးသိပ်မကျပါဘူး။ လက်လီဈေးတစ်ပိဿာလျှင် (ရှမ်း) ကျပ် ၃၈၀၀ နှင့် (ကြူကုတ်) ကျပ် ၃၈၀၀ဖြစ်ပြီး လက်လီစိတ်ဝယ်သူများအနေဖြင့် တစ်ဆယ်သားလျှင် ကျပ် ၄၅၀ ဖြင့် ဝယ်ယူသုံးစွဲနေရပါတယ်။ တရုတ်နဲ့ ထိုင်းဘက်မှ အဝယ်ရှိနေတာကြောင့် ကြက်သွန်ဖြူဈေးတွေ နယ်ဒေသများမှာပါ မြင့်တက်နေတာဖြစ်ပါတယ်။ **နီနီဝင်း**

### အဝင်နည်းလို့ ပြည်ကြက်သွန်နီဈေးမြင့်တက်

ယခုတစ်ပတ် ပြည်ကြက်သွန်နီသီးနှံအနေဖြင့် ဈေးကွက်အတွင်းသို့ မကွေး၊ အောင်လံ၊ သရက်မြို့နယ်များမှ ဝင်ရောက်မှုနည်းသွား၍ ကြက်သွန်နီဈေးနှုန်းမှာ မြင့်တက်သွားပါတယ်။ ယခင် အိတ် ၂၀၀ ဆံ့ ကုန်ကားအစီးရေ ၁၀ စီးခန့်မှ ယခု ၂-၃ စီးခန့်သာ ဝင်ရောက်တဲ့အတွက် ယခင်ရက်သတ္တပတ်များထက် သိသိသာသာ အဝင်နည်းသွားတယ်လို့ သိရပါတယ်။

ဈေးနှုန်းအနေနဲ့ စည်ပင်ဈေးကြီးပွဲရုံများ၌ တစ်ပိဿာကို (သေး) ကျပ် ၅၀၀၊ (လတ်) ကျပ် ၅၈၀၊ (ကြီး) ကျပ် ၆၀၀ တို့ရှိပြီး လက်လီ ဈေးအသေးများတွင် (သေး) ကျပ် ၅၅၀၊ (လတ်) ကျပ် ၆၅၀၊ (ကြီး) ကျပ် ၇၀၀(ရှယ်သန့်) ကျပ် ၇၅၀ ဈေးနဲ့ ဒေသတွင်း ဝယ်လက်များနဲ့သာ ဈေးကွက်အတွင်း ပုံမှန်ရောင်းဝယ်လျက်ရှိပါတယ်။ ပြည်ပဝယ်လက်အနေနဲ့ တရုတ်ဝယ်လက်အပြင် တာချီလိတ်မှတစ်ဆင့် ထိုင်းဝယ်လက်များလည်း အဝယ်ရှိကြောင်း ပွဲရုံပိုင်ရှင် တစ်ဦး၏ ပြောကြားချက်အရ သိရပါတယ်။

ယခုတစ်ပတ်တွင် မှော်ဇာ၊ ကုန်းရိုးကြက်သွန်နီများမှာလည်း လက်လီဈေး အသေးများတွင် စားသုံးသူသို့တိုက်ရိုက်ရောင်းချမှုများ ပြန်လည်ရှိနေပြီး ကြီးလတ် (ဂွန်) ကျပ် ၇၀၀ ဖြင့် ရောင်းချနေကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ (ပြည်)**

### မြဝတီနဲ့ မူဆယ်ကပါ ကြက်သွန်နီ ၁၀ တန်နီးပါး ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ မေ ၁၄ ရက်မှ ၂၀ ရက်အထိကာလအတွင်း ကန်ဒေါ်လာ ၇၉၈၁၀ တန်ဖိုးရှိ ကြက်သွန်နီ ၂၅၆ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၂၄၆ တန်ကျော်တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ၉ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကတော့ ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ ၅၇၃၀၀၀ တန်ဖိုးရှိကြက်သွန်နီ ၁၉၁၇ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၂၂၁၉ တန် တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ၃၀၂ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ကြက်သွန်နီ တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်ပေါက်ဈေး ၃၄၇၄၁၅ ကျပ်ရှိတယ် လို့သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခင်တစ်ပတ် ကြက်သွန်နီ တစ်တန် မိမိဘက်ပေါက်ဈေး ၃၇၃၈၀၀ ကျပ်ဈေးရှိတာမို့ ယခုတစ်ပတ်မှာတော့ ကြက်သွန်နီတစ်တန် ၂၆၃၄၅ ကျပ်ဈေးလျော့ကျလာတာ တွေ့ရပါတယ်။ **တင်တင်ထွန်း**

# အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းများ ပြင်ဆင်

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေး တိုးတက်မှုတို့ကို ထောက်ခံသည့်အနေဖြင့် ကျယ်ပြန့်သည့် အမေရိကန်နိုင်ငံခြားရေးမူဝါဒ ရည်မှန်းချက်များနှင့်အညီ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ် ဆို့မှုများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းများ ပြင်ဆင်ခြင်းဆိုင်ရာ ကြေညာချက်တစ်ရပ်ကို မေ ၁၇ ရက် တွင် ထုတ်ပြန်ကြေညာ ခဲ့ပါသည်။

ယင်းပြင်ဆင်ချက်တွင် မြန်မာ့သစ်လုပ်ငန်း၊ မြန်မာ့ပုလဲလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂)သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် သမဝါယမ ပို့ကုန်-သွင်းကုန်လုပ်ငန်းစသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းခုနစ်ခုနှင့် နိုင်ငံပိုင်ဘဏ်များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တို့အား SDN -(Specially Designated Nationals and Blocked Persons) စာရင်းမှ ပယ်ဖျက်လိုက်ပြီး ငွေလွှဲပို့မှုအများစုသည် သတ်မှတ်ထားသည့် ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ထပ်မံဖြစ်ပေါ်စေရန် ရည်ရွယ်လျက် "OFAC 50 Percent Rule" အရ Asia Mega Link Co., Ltd., Asia Mega Link Services Co., Ltd., Pioneer Aerodrome Services Co., Ltd., Green Asia Services Co., Ltd., Global World Insurance Company Limited, နှင့် Shwe Nar Wah Company Limited စသည့် ကုမ္ပဏီခြောက်ခုအား SDN စာရင်းတွင် ထည့်သွင်းခဲ့ပါသည်။

OFAC ကြေညာချက်အရ မြန်မာနိုင်ငံအတွင်းရှိ အမေရိကန်နိုင်ငံသားများ ငွေလွှဲပို့နိုင်သည့် အခွင့်အာဏာရှိ အထွေထွေလိုင်စင် (General license authorizing personal transactions related to U.S. persons residing in Burma) တစ်ရပ် ထပ်မံတိုးချဲ့ထုတ်ပေးမည်ဖြစ်ပြီး၊ လက်ရှိ အသုံးပြုခွင့်ရရှိထားသည့် ကုန်သွယ်မှုဆိုင်ရာ ငွေလွှဲပို့မှု အထွေထွေလိုင်စင် (General licenses authorizing trade-related transactions) အား သက်တမ်းတိုးခြင်း၊ ဆောင်ရွက်မှုနယ်ပယ်တိုးချဲ့ခြင်းနှင့် လက်ရှိထုတ်ပေးထားသည့် အထွေထွေလိုင်စင်တွင် သတ်မှတ်ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်း(Updating the general license authorizing certain banking services) စသည့် ပြင်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်ပါသည်။

> **မြန်မာနိုင်ငံမှ အမေရိကန် နိုင်ငံသို့ (အပြန်အလှန်) ခရီးသွားလာရာတွင် သတ်မှတ်ထားသည့် ကင်းလွတ်ခွင့်အပေါ် အကျိုးသက်ရောက်မှုရှိစေပြီး**

မြန်မာနိုင်ငံအတွင်းရှိ အမေရိကန်နိုင်ငံသားများ ငွေလွှဲပို့နိုင်သည့် အခွင့်အာဏာရှိ အထွေထွေလိုင်စင်အရ မြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိသည့် အမေရိကန်နိုင်ငံသားများသို့ ကန့်သတ်ထားသည့် စည်းကမ်း များမှအပ ငွေလွှဲပို့မှု အများစုကို ယခုထုတ်ပြန်သည့် အထွေထွေလိုင်စင်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ငှားရမ်းခများ ပေးချေခြင်း၊ အခြားနေထိုင်မှု ကုန်ကျစရိတ်နှင့် ကိုယ်ပိုင်အသုံးပြုရန် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူ ခြင်းအတွက် ပေးချေခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ဤခွင့်ပြုမှုသည် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ (အပြန်အလှန်) ခရီးသွားလာရာတွင် သတ်မှတ်ထားသည့် ကင်းလွတ်ခွင့်အပေါ် အကျိုးသက်ရောက်မှုရှိစေပြီး မြန်မာနိုင်ငံတွင် နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိသည့် အမေရိကန်နိုင်ငံသားများ အတွက် ပိုမိုလွယ်ကူစေမည်ဖြစ်ကာ နှစ်နိုင်ငံပြည်သူများအကြား ပိုမိုထိတွေ့ဆက်ဆံစေမည့် အခွင့်အရေးရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုန်သွယ်မှုဆိုင်ရာ ငွေလွှဲပို့မှု အထွေထွေလိုင်စင်တွင် စည်းမျဉ်းသတ်မှတ်ချက်နှစ်ရပ် ပြင်ဆင်ခဲ့ပါသည်။ ပထမတစ်ရပ်မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် သက်တမ်း ခြောက်လရှိအထွေထွေလိုင်စင် ၂၀ အား ယခုအခါ သက်တမ်းအကန့်အသတ်မရှိ တိုးချဲ့လိုက်ပြီး၊ SDN စာရင်းဝင် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများမှအပ အခြားသော လူပုဂ္ဂိုလ်နှင့် အဖွဲ့ အစည်းများအနေဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် ငွေလွှဲပြောင်းမှုများ ဆောင်ရွက်ခွင့်ရှိမည် ဖြစ်ပါသည်။ ဒုတိယတစ်ရပ်မှာ မြန်မာနိုင်ငံအတွင်း ကုန်စည်စီးဆင်းနိုင်ရေး နှင့် စပ်လျဉ်းသည့် သတ်မှတ်ငွေလွှဲပို့မှုများအတွက် အထွေထွေလိုင်စင်ဖြင့် လွှဲပို့ခွင့်ပြုမည်ဖြစ်ပါသည်။ ဤကိစ္စရပ်တွင် ဥပမာအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ ကုန်သိုလှောင်ရုံ တစ်ခုမှ နိုင်ငံအတွင်းရှိ အခြားလက်လီဆိုင်များသို့ ကုန်စည်ဖြန့်ဖြူးမှုနှင့်ဆိုင်သည့် ငွေလွှဲပို့မှုများ ပါဝင်ပါသည်။

လက်ရှိထုတ်ပေးထားသည့် အထွေထွေလိုင်စင်အရ သတ်မှတ်ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရာတွင် SDN စာရင်းဝင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့အား SDN စာရင်းမှ ပယ်ဖျက်လိုက်ခြင်းဖြင့် အဆို ပါဘဏ်များနှင့် ထိတွေ့ဆောင်ရွက်ခွင့် ရရှိရန် OFAC လိုင်စင် လျှောက်ထားရန် မလိုအပ်ပါ။ ထို့ကြောင့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံ မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် တို့အားလည်း အထွေထွေလိုင်စင်စာရင်းမှ ပယ်ဖျက်ကြောင်းနှင့် တစ်ပြိုင်တည်းတွင် အထွေထွေလိုင်စင်အရ ဆောင်ရွက်နိုင်သည့်စာရင်းတွင် အင်းဝဘဏ်နှင့် မြဝတီဘဏ်တို့အား ထည့်သွင်းလိုက်သဖြင့် ယင်းဘဏ်များတွင်လည်း ဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ စာရင်း ထားရှိခြင်းနှင့် အခြားဘဏ္ဍာရေး ဝန်ဆောင်မှုများ ဆောင်ရွက်ခွင့်ရရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် အထွေထွေလိုင်စင်အရ ဆောင်ရွက်နိုင်သည့်စာရင်းတွင် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ ရောဝတီဘဏ်၊ အင်းဝဘဏ်နှင့် မြဝတီဘဏ်တို့ပါရှိမည်ဖြစ်ပြီး၊ အဆိုပါ ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများသည် မေ ၁၈ ရက်မှ စတင်သက်ဝင်မည်ဖြစ် ကြောင်း သိရှိရပါသည်။

**(ဇာစ်မြစ်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန)**
**ဉမ္မာအေး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## e-market စနစ်သုံး လယ်ယာထွက်ပစ္စည်း ရောင်းချနိုင်ရေး အစီအစဉ်အား အိန္ဒိယနိုင်ငံတွင် စတင်ဆောင်ရွက်

အိန္ဒိယနိုင်ငံရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူများအတွက် ဈေးကွက်ပိုမိုရရှိစေရေးကို ရည်ရွယ်လျက် e-market စနစ်သုံး လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းချနိုင်မည့် အစီအစဉ်တစ်ရပ်ကို အမျိုးသားလယ်ယာထွက်ကုန်ဈေးတွင် ပြီးခဲ့သည့် ဧပြီလ ၁၄ ရက်ကတည်းက စတင်ဆောင်ရွက် ပေးခဲ့ပါတယ်။

အဆိုပါ e-market စနစ်သုံး လယ်ယာထွက်ကုန်ပစ္စည်းများအား ဈေးကွက်မှာ ရောင်းချနိုင်ရေး အစီအစဉ်တွင် ပြည်နယ်ရှစ်ခုမှ လယ်ယာထွက်ပစ္စည်းရောင်းဝယ်ရေး လက်ကားကုန်စည်ဒိုင်ကြီး ၂၁ခုပါဝင်ပါတယ်။ ယခင်က တောင်သူများအနေနဲ့ ၎င်းတို့ပြည်နယ်အတွင်းရှိ ကုန်စည်ဒိုင်များမှာသာ ရောင်းချနိုင်ခဲ့ပေမယ့် အခုစနစ်ကို ဖွင့်လှစ်ပြီး နောက်ပိုင်းမှာနိုင်ငံတစ်ဝန်းရှိမည်သည့် ကုန်စည်ဒိုင်မှာမဆို ရောင်းချနိုင်မှာဖြစ်လို့ ဈေးပိုမိုရရှိနိုင်မည့် ကုန်စည်ဒိုင်များကို ရွေးချယ်ရောင်းချနိုင်ခွင့် ရရှိလာမှာဖြစ်ပါတယ်။ အဆိုပါစနစ်မှာ ကုန်စည်ဒိုင် ၂၁ ခုသာ ပါဝင်ပေမယ့် ၂၀၁၈ ခုနှစ်၊ မတ်လမှာ ကုန်စည်ဒိုင် ၅၈၅ ခုခန့် ပါဝင်ချိတ်ဆက်ဆောင်ရွက်လာနိုင်မယ်လို့ မျှော်မှန်းရပါတယ်။ လက်ရှိ အခြေအနေအရ e-market စနစ်မှာပါဝင်ဖို့အတွက် ပြည်နယ် ၁၂ ခုရှိ ကုန်စည်ဒိုင် ၃၆၅ ခုမှ အဆိုပြုလွှာကို ရရှိထားပြီးဖြစ်ပါတယ်။ e-market စနစ်ကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ခြင်းအားဖြင့် တောင်သူများအပေါ် ကုန်သည်များက ဈေးနှိမ်ခြင်းမှ ရှောင်လွှဲနိုင်မယ့်အကျိုးကျေးဇူးကို ရရှိမယ်လို့ သိရပါတယ်။

**Source: နိုင်ငံခြားရေးဝန်ကြီးဌာန**
**နှင်းဇကေရီ(နေပြည်တော်)**

## Myanmar-EU Trade Helpdesk အခမ်းအနားဖွင့်လှစ်



မြန်မာသွင်းကုန်ပို့ကုန်လုပ်ငန်းရှင်များ၊ မြန်မာအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်သည့် ဥရောပသမဂ္ဂဈေးကွက်နှင့် ပတ်သက်သော ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးမည့် Myanmar-EU Trade Helpdesk တရားဝင်စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနှင့်ကမ်းနားလမ်းထောင့်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ဒုတိယထပ်တွင် မေ ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် Trade Development Programme (TDP) ၏ team leader ဖြစ်သူ Mr. Frits Hendriks က အဖွင့်အမှာ စကားပြောကြားသည်။ ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အခမ်းအနားဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်၊ Programme Officer ဖြစ်သူ Mr. Lorenzo Pascotto နှင့် Eurocham Myanmar မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Filip A. Lauwerysen တို့က အသီးသီးအမှာစကားများပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ Myanmar-EU Trade Helpdesk အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအသင်းအဖွဲ့ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာများ စုစုပေါင်းညေ့်ပရိသတ် ၅၀-ဦး ခန့်တက်ရောက်ခဲ့ကြောင်းသိရသည်။

**ကောင်းထွဋ်အောင်**

## ဓာတ်ဆီ/ဒီဇယ်

### နယ်စပ်လမ်းမှ ဒီဇယ်နဲ့ ဓာတ်ဆီဝင်

မေ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ဒီဇယ်၊ ဓာတ်ဆီအဝင် မရှိခဲ့ဘဲ ဒီတစ်ပတ်နဲ့ဆိုရင် နှစ်ပတ်ဆက်တိုက် အဝင်နားခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၄၂၂၂၀ တန်ဖိုးရှိ ဒီဇယ် ၈၂ တန်နဲ့ ကန်ဒေါ်လာ ၅၀၄၈၇ တန်ဖိုးရှိ ဓာတ်ဆီ ၁၄၂ တန်ကို မြဝတီနယ်စပ်လမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီးမှာ ဈေးငြိမ်နေပြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်မြင့်တက်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးငြိမ်နေပြီး၊ ဒီဇယ်ဝယ်ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း (92)၊ဒီဇယ်နဲ့ အဆင်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ် မြင့်လာပြီး အောက်တိန်း(95)မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၅၃၀ ကျပ်၊ အောက်တိန်း (92) ၅၇၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၇၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ မေ ၂၃ရက် ဒီဇယ်ဝယ်ဈေး ၁၀၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၈၀၀၀ ကျပ်ဈေးရှိခဲ့ပြီး မေ ၂၅ ရက်တွင် ဝယ်ဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျလာခဲ့ပါတယ်။ မေလ ၂၅ ရက်မှစပြီး ဒီဇယ်ဝယ်ဈေး ၁၀၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ မေ ၂၃ ရက်တွင် ဝယ်ဈေး ၁၃၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မေ ၂၅ ရက်မှာ ဝယ်ဈေးဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး ၅၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ မေ ၂၅ရက်မှစပြီး ဝယ်ဈေး ၁၃၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရောဓာတ်ဆီပါ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၆၈၂ ကျပ်၊ ဒီဇယ် ၅၂၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၇၈ကျပ်၊ အောက်တိန်း (92) ၆၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၂၃ ရက်ဒီဇယ်ဝယ်ဈေး ၁၁၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေ ၂၃ ရက်တွင် ဝယ်ဈေး ၁၂၇၀၀၀ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၅၀၀ ကျပ်၊ ဓာတ်ဆီ ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေးငြိမ်ပြီး အောက်တိန်းနဲ့ ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများ က ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၂၀ ကျပ်၊ အောက်တိန်း ၂၇၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်၂၆၀၀ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီဈေးငြိမ်နေပြီး ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန်၂၅၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**DOT**

## တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး ကျပ် ခုနစ်ထောင်ခန့် ကျဆင်း

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးသည် ကျပ်ခုနစ်ထောင်ခန့်ကျဆင်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးများကျဆင်းလာခဲ့သော်လည်း ယခုတစ်ပတ်တွင် ဈေးစဖွင့်ချိန်မှစတင်ကာ အမြင့်ဈေးဖြင့် ဈေးဖွင့်ခဲ့သော်လည်း နောက်ပိုင်းရက်များတွင် ဈေးပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက ဈေးကျဆင်းရန် မျှော်လင့်နေသူများမှာလည်း ဈေးပြန်လည်မြင့်တက်လာသဖြင့် အဝယ်ရပ်သွားခဲ့ကာ ရောင်းအားမြင့်တက်လာခဲ့ကြောင်း သိရသည်။

“ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ဈေးကျသွားရင် ဝယ်မယ်ဆိုပြီး တာစူနေတဲ့သူတွေ အခုတစ်ပတ်မှာ ဈေးပြန်တက်လာတော့ ဝယ်ဖို့တွန့်သွားကြတယ်။ စတော့ဝယ်ဖို့ ခြေလှမ်းပြင်နေတဲ့သူတွေ စတော့ဈေးကလည်း မြင့်၊ ရွှေဈေးကလည်း မြင့်ဆိုတော့ ဒေါ်လာဘက် လှည့်သွားကြတယ်။ ရွှေဘက်မှာ အရောင်းအဝယ်က တော်တော်လေးကို အေးသွားတယ်”ဟု ရွှေကုန်သည်ဦးစံမြင့်က ပြောသည်။

ပြည်တွင်းရွှေဈေးသည် မေ ၂၃ ရက်က ကျပ် ၇၈၈၀၀၀ ရှိခဲ့ရာမှ မေ ၂၄ ရက် ဈေးပိတ်ချိန်တွင် ကျပ် ၇၈၆၀၀၀ သို့ ဈေးကျဆင်းခဲ့သည်။ မေ ၂၆ရက် ဈေးပိတ်ချိန်တွင် ကျပ် ၇၈၃၅၀၀ ရှိခဲ့ပြီး မေ ၂၇ ရက် ဈေးပိတ်ချိန်တွင် ကျပ် ၇၈၁၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်း ဈေးကစားမှုများကြောင့် အတက်အကျများရှိလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ဈေးကစားမှုများကြောင့် အတက်အကျများ ရှိနေခဲ့ကြောင်းသိရသည်။ ကျင်းပလျက်ရှိသည့် ပြည်သူ့လွှတ်တော်တွင် တောင်သူလယ်သမားများကို ငွေထုတ်ချေးနိုင်ရန်အတွက် ကျပ်ဘီလီယံ ၅၀၀ ကို ဗဟိုဘဏ်မှ ငွေစက္ကူအသစ်များ ရိုက်နှိပ်ကာ ထုတ်ချေးမည်ဖြစ်ရာ ငွေကြေးဖောင်းပွမှုများရှိလာနိုင်သဖြင့် ဒေါ်လာများ အဝယ်လိုက်လာခဲ့ကြောင်း သိရသည်။

သို့သော် အဆိုပါရိုက်နှိပ်မည့် ငွေစက္ကူသစ် ကျပ်ဘီလီယံငါးရာမှာ ဘဏ်များသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်သည့်အတွက် ငွေကြေးဖောင်းပွမှုမှာ ခဏသာဖြစ်လာနိုင်သလို ဒေါ်လာဈေးမြင့်တက်မှုမှာလည်း ခေတ္တခဏသာဖြစ်နိုင်ကြောင်း ကုန်သည်ကြီးတစ်ဦးက သုံးသပ်ခဲ့သည်။

“လွှတ်တော်မှာ လယ်သမားတွေအတွက် ကျပ်ဘီလီယံ ၅၀၀ ကို ထုတ်ချေးပေးဖို့အတွက် ငွေစက္ကူအသစ်တွေကို ရိုက်နှိပ်မယ်လို့ဆိုကတည်းက ဒေါ်လာအဝယ်တွေလိုက်လာတယ်။ ငွေကြေးဖောင်းပွရင် ဒေါ်လာဈေးတက်လာမယ်ဆိုပြီး အဝယ်လိုက်လာတာပါ။ ဒါကလည်း ခဏတာပဲဖြစ်မှာပါ။ ဒီငွေတွေက ဘဏ်ကိုပဲ ပြန်ရောက်မှာဖြစ်တဲ့အတွက် ငွေကြေးဖောင်းပွမှုက ခဏတာပဲဖြစ်လိမ့်မယ်လို့ ယူဆပါတယ်”ဟု ၎င်းက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် မေ ၂၃ ရက်က ရောင်းဈေး ၁၁၇၉ ကျပ်၊ ဝယ်ဈေး ၁၁၇၄ ကျပ်ရှိခဲ့ပြီး မေ ၂၄ရက်တွင် ရောင်းဈေး ၁၁၈၇ ကျပ်၊ ဝယ်ဈေး ၁၁၈၃ ကျပ်သို့မြင့်တက်ခဲ့သည်။ ထို့နောက်ဆက်လက်မြင့်တက်ခဲ့ရာ မေ ၂၅ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၁၉၈ ကျပ်၊ ဝယ်ဈေး ၁၁၉၃ ကျပ်ရှိခဲ့သည်။ မေ ၂၆ ရက်ဈေးပိတ်ချိန်တွင် ပြန်လည်ကျဆင်းလာခဲ့ပြီး ရောင်းဈေး ၁၁၈၅ ကျပ်၊ ဝယ်ဈေး ၁၁၈၀ ကျပ်ရှိခဲ့ကာ မေ ၂၇ ရက်တွင် ရောင်းဈေး ၁၁၈၇ ကျပ်၊ ဝယ်ဈေး ၁၁၈၂ ကျပ်ရှိခဲ့သည်။ **မယ်သီတာ**

## သီလဝါအစုရှယ်ယာဈေးနှင့် FMI အစုရှယ်ယာဈေးများ ကျဆင်း

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းချလျက်ရှိသည့် သီလဝါအစုရှယ်ယာဈေးများနှင့် FMI အစုရှယ်ယာများ၏ဈေးနှုန်းများသည် ယခုတစ်ပတ်တွင် အနည်းငယ်စီကျဆင်းခဲ့ကြောင်း YSX မှ သိရသည်။

မေ ၂၀ ရက် စတင်ရောင်းချခဲ့သည့် သီလဝါ အစုရှယ်ယာများသည် စတင်ဈေးဖွင့်ချိန်က အဝယ်များခဲ့ကာ ဈေးမြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ဈေးပြန်လည်ကျဆင်းခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ဈေးမြင့်တက်ခဲ့ပြီး အဝယ်သာရှိ အရောင်းမရှိသည့် သီလဝါအစုရှယ်ယာများသည် ယခုတစ်ပတ်တွင် ကျပ် ၇၀၀၀၀ အထိ မြင့်တက်ခဲ့ပြီးမှ ကျပ် ၆၀၀၀၀ သို့ပြန်လည်ကျဆင်းခဲ့သည်။ ထို့အတူ FMI အစုရှယ်ယာများသည်လည်း ယခုတစ်ပတ်အတွင်း ကျပ်လေးထောင်ခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ဗဟိုဘဏ်မှ လယ်သမားအတွက် ထုတ်ချေးငွေကို အသစ်ရိုက်နှိပ်မည်ဖြစ်သဖြင့် စတော့ရှယ်ယာဝယ်လိုသူများသည် ဒေါ်လာဘက်သို့လှည့်သွားကြရာ ဈေးကွက်အတွင်း အဝယ်မရှိသလောက်ဖြစ်သွားသဖြင့် ဈေးပြန်လည်ကျဆင်းရခြင်းဖြစ်သည်ဟုဆိုသည်။

## Currency Exchange Rate

May 27, 2016

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.38 |
| BDT Bangladesh Taka | 78.51 |
| CAD Canada Dollars | 1.30 |
| CNY China Yuan Renminbi | 6.56 |
| EUR Euro | 0.89 |
| H KD Hong Kong Dollars | 7.77 |
| I NR India Rupees | 67.08 |
| I DR Indonesia Rupiahs | 13578.47 |
| JPY Japan Yen | 109.70 |
| MYR Malaysia | 4.06 |
| PKR Pakistan Rupees | 104.80 |
| PHP Philippines Pesos | 46.67 |
| RUB Russia Rubles | 65.67 |
| SGD Singapore Dollars | 1.37 |
| KRW South Korea Won | 1179.63 |
| LKR Sri Lanka Rupe | 146.68 |
| THB Thailand Baht | 35.66 |
| GBP United Kingdom Pounds | 0.68 |
| VND VietnamDon | 22381.38 |

*Source : xe.com*

## World Gold Price

May, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 23 | 1247 | 1250 | 1250 |
| 24 | 1240 | 1241 | 1244 |
| 25 | 1222 | 1225 | 1225 |
| 26 | 1226 | 1227 | 1227 |
| 27 | 1218 | 1219 | 1219 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 23-5- 2016 | 787.00 | 786.30 |
| 24-5- 2016 | 785.50 | 785.20 |
| 25-5- 2016 | 788.50 | 788.30 |
| 26-5- 2016 | 786.50 | 785.40 |
| 27 -5- 2016 | 775.50 | 775.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 23 | 6 .55 | 35.62 | 78.62 | 67.33 |
| 24 | 6. 56 | 35.76 | 77.70 | 67.73 |
| 25 | 6 56 | 35.64 | 78.93 | 67.40 |
| 26 | 6 .56 | 35.62 | 78.52 | 67.32 |
| 27 | 6.56 | 35.66 | 78.51 | 67.08 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 23 - May | 16.32 | 1879.14 | 1558.37 | 4674.21 | 1017.00 |
| 24 - May | 16.24 | 1845.31 | 1568.45 | 4693.25 | 1006.00 |
| 25- May | 16.25 | 1851.14 | 1557.70 | 4720.58 | 1003.00 |
| 26 - May | 16.40 | 1886.53 | 1558.37 | 4781.95 | 1006.00 |
| 27 - May | 6.22 | 1920.96 | 1569.34 | 4784.19 | 992.00 |

Source:kitco.com

## Energy NYMEX 27-5-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.13 | -0.35 | -0.71 |
| Brent Crude Futr (USD/bbl) | 49.23 | -0.36 | -0.73 |
| Gasoline Rbob Fut (Cent/gal) | 161.58 | -0.37 | -0.23 |
| Natural Gas Futr (USD/MMBtu) | 2.14 | -0.01 | -0.37 |
| Heating Oil Futr (Cent/gal) | 149.42 | -0.71 | -0.47 |

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ငါးသောင်းကျော်ဝင်



မေ ၁၅ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၆၅၁၁၀၆ တန်ဖိုးရှိ ဘိလပ်မြေ ၅၅၉၇၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၂၇၂ တန်၊ စင်ကာပူမှ တန်ချိန် ၂၃၅၀၀နဲ့ ထိုင်းနိုင်ငံမှ ၃၂၂၀၀ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင် မှာ တန်ချိန် ၂၁၀၀၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၄၆၀၀ ကျော်ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မေလ ပထမပတ်အတွင်း တန်ချိန် ၃၅၉၀၀ ကျော်နဲ့ ဒုတိယပတ်မှာ တန်ချိန် ၂၁၂၀၀ ကျော်တင်သွင်းခဲ့တာကြောင့် မေလအတွင်းမှာ ယခုတစ်ပတ်က ဘိလပ်မြေ အများဆုံးတင်သွင်းခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

မေ ၁၅ ရက်မှ ၂၀ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ အဝင်မှာ ၅၅၉၇၂ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေ အဝင်မှာ ၂၀၂၇၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၄၆၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၈၉၉၅ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၇၀၉၈ ကျော်ရှိခဲ့တာကြောင့် ဒီတစ် ပတ်မှာ တန်၁၁၈၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်ပိုခဲ့ပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ် ပုံမှန်ရှိပြီး ဆင်(ထိုင်း) ဘိလပ်မြေဈေး နည်းနည်းကျခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဘိလပ်မြေဈေးက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ် ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၂၅ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်၊ စိန် (ထိုင်း) ၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး ဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ယခင်ဈေး နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ် နေတဲ့ဈေးမှာ အေသုံးလုံး ၅၀၀၀ ကျပ်၊ မြန်မာဆင် ၄၆၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်)၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊ စိန်(ထိုင်း) ၇၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ပုံမှန် အရောင်းအဝယ်ဖြစ်နေပါတယ်။ အထိုင်ဈေး(ပွဲရုံဈေး)တွေ ဈေးကျလာတယ်ဆိုပေမယ့် လက်လီရောင်းချဈေး ကတော့ သိပ်အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ အထိုင်ဈေးအနေနဲ့ ဈေးကွက် ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၆၀၀ကျပ်၊ စိန် ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၃၀၀ ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေပြီး ဆိုင်ဈေးအနေနဲ့ ဆင်(ထိုင်း)၆၁၀၀ ကျပ်၊ စိန် ၆၀၀၀ ကျပ်၊ ကြံ့နှစ် ကောင်(နီ) ၅၄၀၀ ကျပ်၊ကြံ့နှစ်ကောင်(အစိမ်း) ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### မြေဆီတန်ချိန် တစ်သောင်းကျော်ဝင်

မေ ၁၅ ရက်မှ ၂၀ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၃၉၀၄၉၆ တန်ဖိုးရှိ မြေဆီ ၁၂၀၁၂ ဒသမ ၈၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်မှ ၅၂၂ ဒသမ၅၀ တန်၊ တရုတ်နိုင်ငံမှ ၆၈၅၉ ဒသမ ၅၄၈ တန်၊ စင်ကာပူမှ ၁၆၂၂ ဒသမ ၅၃၆ တန်၊ ရုရှားနိုင်ငံမှ ၄၈၉ ဒသမ ၂၀ တန်၊ ထိုင်းနိုင်ငံမှ ၂၃၀၈ ဒသမ ၅၇၆ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်ဆီယမ်၊ အမိုးနီးယမ်းဆာလဖိတ်၊ အမိုးနီးယမ်းကလိုရိုဒ်၊ ကွန်ပေါင်း၊ အော်ဂဲနစ်စတဲ့ တံဆိပ်မျိုးစုံ ဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၁၇၇၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၀၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းဆက်အေး

မေ ၁၅ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၁၂၀၁၂တန်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၁၇၇၁ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၀၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်း မှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၃၀၃၉၄ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင် မှာ ၂၄၁၄၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၆၂၄၀ကျော် အဝင်ပိုခဲ့ တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ် လမ်းမှ မြေဩဇာအဝင်ပိုခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေးနဲ့ တောင်ကြီးမှာ ဈေးငြိမ်ပြီး မော်လမြိုင်နဲ့ မကွေးမှာ ဈေးနည်းနည်း ကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ယခင်တစ်ပတ်က မြေဆီဈေးတွေ သိသိသာသာ ကျလာပေ မယ့် ဒီတစ်ပတ်မှာ အရောင်းဆက်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၅၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၂၉၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၀၅၀၀ ကျပ်၊တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာများက ဈေးကွက်ထဲ အရောင်းအေးသလို ဈေးကလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၀၀၀ကျပ်၊ တီစူပါ(**GTSP**၄၆%-တရုတ်) ၁၈၈၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်း အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၅၀၀ ကျပ် ၊ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အစိမ်း) ၁၆၅၀၀ ကျပ်၊ဆင် ၁၀း၁၀း၅ ၁၆၀၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၇၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၁၆၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား ၁၇၈၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၅၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်၊ တောင်သူမ ၁၆၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာ ကအရောင်းအေးပြီး ဈေးငြိမ်နေတယ် လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၁၈၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၀၃၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၂၇၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၆၂၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား(ယူအေအီး ) ၁၉၈၀၀ကျပ်၊ မြားကမ္ဘာ၁၇၂၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ရေကြောင်းလမ်းမှ နို့ဆီတန်ချိန်၄၀၀ ကျော်နဲ့ နယ်စပ်လမ်းမှ ငါးတန်ကျော်ဝင်

မေ ၁၅ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၄၇၂၆၇၁ တန်ဖိုးရှိ နို့ဆီ ၄၀၅ ဒသမ ၇၉၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်း နို့ဆီနဲ့ နို့စိမ်းသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၅၂၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၁၀ ကျော် တင်သွင်းမှုလျော့ခဲ့ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ယူအေအီးမှ ၃ဒသမ၀၀၄ တန်နဲ့ စင်ကာပူမှ ၈၃ ဒသမ ၁၀၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်နို့မှုန့်အဝင်မှာ တန်ချိန် ၂၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

မြဝတီနယ်စပ်လမ်းမှ ကန်ဒေါ်လာ ၄၄၄၉ တန်ဖိုးရှိ နို့ဆီ/နို့စိမ်း ၅ဒသမ ၅၆၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၅ မှ ၂၀/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၅ မှ ၁၃/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၅၆၄.၂၅ | ၁၃၆၀.၂၅ | (-) ၇၉၆.၀၀ |
| ၂။ | လွယ်ဂျယ် | ၁၀၇၈.၀၀ | ၁၁၆၇.၅၀ | (-) ၈၉.၅၀ |
| ၃။ | ချင်းရွှေဟော် | - | ၂၅၀.၀၀ | (-) ၂၅၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၄၇၆၉.၀၀ | ၅၂၁၇.၅၀ | (-) ၄၄၈.၅၀ |
| ၅။ | တာချီလိတ် | ၇၀၅၅.၀၀ | ၁၀၀၀.၀၀ | (+) ၆၀၅၅.၀၀ |
| ၆။ | မြဝတီ | ၂၂၈၈.၇၅ | ၁၅၂၇.၉၂ | (+) ၇၆၀.၈၃ |
| ၇။ | ကော့သောင်း | ၉၉၅၅.၀၀ | ၆၂၀၅.၀၀ | (+) ၃၇၅၀.၀၀ |
| ၈။ | မြိတ် | ၃၂၈၅.၀၀ | ၃၇၀.၀၀ | (+) ၂၉၁၅.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၈၉၉၅.၀၀ | ၁၇၀၉၈.၁၇ | (+) ၁၁၈၉၆.၈၃ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၅ မှ ၂၀/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၅ မှ ၁၃/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၂၉၅.၁၀၀ | ၁၉၈၆၃.၂၀၀ | (+) ၇၄၃၁.၉၀၀ |
| ၂။ | လွယ်ဂျယ် | ၃၂၄.၀၀၀ | ၂၃၂.၀၀၀ | (+) ၉၂.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၄၇.၆၁၈ | ၂၄၁၆.၀၀ | (-) ၁၉၆၈.၃၈၂ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၅၀၃.၀၀၀ | ၆၄၁.၃၇၀ | (-) ၁၃၈.၃၇၀ |
| ၆။ | ကော့သောင်း | ၂၁၀.၀၀၀ | ၁၂၀.၀၀၀ | (+) ၉၀.၀၀၀ |
| ၇။ | မြိတ် | ၆၅.၀၀၀ | ၇၅.၀၀၀ | (-) ၁၀.၀၀၀ |
| ၈။ | ရိဒ် | ၁၅၅၀.၀၀၀ | ၈၀၀.၀၀၀ | (+) ၇၅၀.၀၀၀ |
| | စုစုပေါင်း | ၃၀၃၉၄.၇၁၈ | ၂၄၁၄၇.၅၇၀ | (+) ၆၂၄၇.၁၄၈ |

တင်တင်ထွန်း

## နှမ်း/မြေပဲ

### မုံရွာမြေပဲ တရုတ်အဆွဲကောင်းလို့ ဈေးမြောက်လာ

မေစတုတ္ထပတ် မုံရွာကုန်စည်ဒိုင် ဆီထွက်သီးနှံဈေးကွက်မှာ မုံရွာအနီးအနားဒေသတွေသာမက ချင်းတွင်းမြစ်အထက်ပိုင်း အညာဘက်ကပါ မြေပဲဆန်ဝင်ရောက်မှုသွက်လက်လာသလို လုံးဆန်ကို တရုတ်ဝယ်လိုအားကောင်းလို့ တစ်ပိဿာ ကျပ် ၂၅၀ ခန့်မှ ကျပ် ၄၀၀ အထိ တက်ဈေးကြမ်းခဲ့တာတွေ့ရပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က တစ်ပိဿာ အမြင့်ဆုံး ၂၆၇၅ ကျပ်ရခဲ့တဲ့ မြေပဲလုံးဆန် (အဖြူ)က ယခု ကျပ် ၂၈၅၀ အထိ၊ လုံးဆန် (အနီက) တစ်ပိဿာ ကျပ် ၂၅၅၀ မှ ယခု ကျပ် ၂၉၅၀ အထိ၊ ဆီဆန်(အဖြူ) က ကျပ် ၂၁၀၀ မှ ကျပ် ၂၃၀၀ အထိ အသီးသီး ပေါက်ဈေးမြင့်လာခဲ့တာတွေ့ရပါတယ်။ ဈေးကွက်ထဲမှာ အညာဆန်ကို တရုတ်ဝယ်လက်ကပိုကြိုက်ပြီး ဒေသထွက်လုံးဆန်ကိုတော့ ဆားလှော်ဝိုင်းက ဝယ်လိုအားများတယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာတော့ မြေပဲဆန်ဈေးမြောက်လာတာနဲ့အမျှ အရောင်းအဝယ်ပါသွက်ခဲ့ရာ တစ်ရက်အိတ် ၁၀၀၀ခန့်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

နှမ်းဈေးကွက်မှာတော့ နွေနှမ်းအသစ်စတင်ဝင်ရောက်လာကာ နှမ်းညိုအသစ် တစ်တင်း ကျပ် ၂၆၅၀၀၊ အဟောင်း တစ်တင်းကျပ် ၂၅၅၀၀၊ နှမ်းဖြူတစ်တင်း ကျပ် ၃၂၅၀၀ အသီးသီး အမြင့်ဆုံးပေါက်ဈေးဖြစ်ပေါ်ခဲ့ကာ တစ်ရက်လျှင် နှမ်းညိုအသစ် အိတ် ၂၀၀/၃၀၀ နဲ့ အဟောင်းအိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

### ပြည်နှမ်းဈေးကွက် မိုးနဲ့အတူအရောင်းအဝယ်အေးနေ

ယခုတစ်ပတ်ပြည်ဈေးကွက်မှာ စမုံနက်နှမ်းတစ်မျိုးသာ ဈေးလှုပ်လာပြီး နှမ်းနီနဲ့နှမ်းနက်ဈေးမှာ ဆက်လက်အေးနေတာတွေ့ရပါတယ်။ ဈေးကွက်အတွင်းမှာ နှမ်းနီနဲ့နှမ်းနက်ကို ရောင်းလိုအားရှိပေမယ့် ဝယ်လိုအားမရှိခြင်း၊ ပြည်ပသို့တင်ပို့ရန် စမုံနက်နှမ်းကိုသာ အနည်းငယ်အဝယ်ရှိသဖြင့် အရောင်းအဝယ်မှာ နေ့တိုင်းမဖြစ် ဘဲ ရက်ခြားလောက်သာ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ ဆီစက်သမားများကလည်း မိမိတို့လှောင်ထားတဲ့ နှမ်းကိုဒေသတွင်း စားသုံးရန်အတွက် ဆီကြိတ်နေသဖြင့် နှမ်းဆီဈေးအနည်းငယ်မြင့်လာတာတွေ့ရပါတယ်။

နှမ်းနီနဲ့ နှမ်းနက်တို့မှာ ပွဲရုံတွင်အရောင်းအဝယ်မဖြစ်ပေမယ့် ဈေးနှုန်းကတော့ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၃၀၀၀နဲ့ နှမ်းနက် ရိုးရိုးတစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဈေးနဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသော်လည်း စမုံနက်နှမ်းဈေးမှာ တစ်တင်းလျှင် ကျပ် ၅၃၀၀၀ နဲ့ဈေးမြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

### စားအုန်းဆီအထွက်နှုန်းကျဆင်းပြီး ဝယ်လိုအား ပုံမှန်မြင့်တက်နေတဲ့အတွက် စားအုန်းဆီဈေးမြင့်တက်

စားအုန်းဆီအထွက်နှုန်း နှေးကွေးကျဆင်းနေပြီး ဥပုသ်လအတွက် ဝယ်လိုအားမြင့်တက်နေမှု ကြောင့် မလေးရှားစားအုန်းဆီရဲ့ ကြိုရောင်းကြိုဝယ်ဈေးက မေ ၂၆ ရက်က ယခုရက်သတ္တပတ်အတွင်း တတိယမြောက်နေ့အဖြစ် မြင့်တက်ခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။ တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ ပဲပုပ်ဆီဈေးမြင့်တက်မှုကလည်း စားအုန်းဆီဈေးမြင့်တက်ဖို့အတွက် အထောက်အကူ ဖြစ်စေခဲ့ပါတယ်။



ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဩဂုတ်လအတွက် စားအုန်းဆီစာချုပ်ဈေးက ၁ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၅၇၉ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၂) နှုန်းရှိခဲ့ပါတယ်။ တစ်ရက်အတွင်း အမြင့်ဆုံးဈေးက တစ်တန်ကို ၂၅၉၅ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

တရုတ်နိုင်ငံ ကုန်စည်ဈေးကွက်တွေ ကျဆင်းပြီး မေ ၂၃ ရက်က သုံးလအတွင်းအနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။ စားအုန်းဆီဈေးကလည်း လွန်ခဲ့တဲ့ရက် သတ္တနှစ်ပတ်အတွင်း ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

စားအုန်းဆီရောင်းချရတဲ့ ပမာဏက မေ ၂၆ ရက် ဈေးပိတ်ချိန်မှာ ၂၅ တန်ရှိအတွဲပေါင်း ၄၅၉၉၉ တွဲ ရှိခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်အတွင်း နေ့စဉ်ပျမ်းမျှရောင်းချခဲ့ရတဲ့ အတွဲဖြစ်တဲ့ ၄၄၆၀၀ တွဲနဲ့နှိုင်းယှဉ်ရင် မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

“ထုတ်လုပ်မှုက ထူးထူးခြားခြား မြင့်တက်မလာပါဘူး။ ဝယ်လိုအားက ဇွန်လအထိ ဆက်လက်တိုးတက်မယ်လို့ ကျွန်တော်တို့ခန့်မှန်းရပါတယ်။ ဥပုသ်မတိုင်မီဝယ်လိုအား အမြင့်ဆုံးအထိမြင့်တက်ပြီး ဇွန်လလယ်အထိဆက်လက်မြင့်တက်သွားနိုင်ပါတယ်”လို့ ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက ပြောပါတယ်။

စားအုန်းဆီဝယ်လိုအားမြင့်တက်လာပေမယ့် အထွက်နှုန်းက ခန့်မှန်းထားတာထက် ပိုမိုကျဆင်းနေတာကြောင့် သိုလှောင်မှုအဆင့်က လက်ရှိအချိန်မှာ ကျဆင်းနေပါတယ်။ ဒါကြောင့် အခြေခံစံထားဈေးနှုန်းတွေ မြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဧပြီလကုန်မှာ မလေးရှားရဲ့ စားအုန်းဆီလက်ကျန်က တန်ချိန် ၁ ဒသမ ၈ သန်းရှိခဲ့ပါတယ်။ အယ်လ်နီညို ရာသီဥတုကြောင့် အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတွေရဲ့ထုတ်လုပ်မှုကို ဂယက်ရိုက်ခတ်နိုင်ပါတယ်။ ဒါပေမယ့် လာနီညာရာသီဥတု ရောက်ရှိလာနိုင်တာကြောင့် ပြောင်းလဲသွားနိုင်ပါတယ်။ ရာသီဥတုအပေါ် အခြေခံတဲ့ အလားအလာအရ အဆိုပါစားအုန်းဆီထုတ်လုပ်မှုက ယခု သုံးလပတ်မှာ တိုးတက်လာနိုင်ဖွယ်ရှိပါတယ်။ ယခုနှစ် ဇွန်လဆန်းမှာ စတင်မယ့်ဥပုသ်လမှာ စားအုန်းဆီစားသုံးမှုမြင့်တက်နိုင်ပါတယ်။

မေ ၁ ရက်မှ ၂၅ ရက်အထိ စားအုန်းဆီတင်ပို့မှုကို ယခင်ကာလတူနဲ့ နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Services က ပြောပါတယ်။

အခြား စားသုံးဆီဈေးကွက်တွေဖြစ်တဲ့ အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ (Chicago Board of Trade) ရဲ့ ဇူလိုင်အတွက် ပဲပုပ်ဆီဈေးက ၁ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံဒါလီယံ ကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ စက်တင်ဘာလအတွက် စားအုန်းဆီကြိုရောင်းဈေးက ၁ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၇-၅-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| ရန်ကုန် | ၅၁၀၀ | ၅၁၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၅၈၀ | ၁၅၅၀ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၆၀၀ | △ | ၃၆၀၀ | ၃၄၀၀ | ▽ | ၁၆၉၀ | ၁၆၇၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၆၅၀ | ၁၆၂၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၅၀၀ | ၄၆၀၀ | △ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၂၀ | ၁၇၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၇-၅-၂၀၁၆ US$/Ton

| အမျိုးအစား | မေလတတိယပတ် | မေလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၉၆.၀၀ | ၆၆၂.၀၀ | ▽ |
| RBD P.Olein | ၆၉၈.၅၀ | ၆၈၆.၀၀ | ▽ |
| RBD P.Strarin | ၆၂၆.၅၀ | ၆၂၃.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၇- ၅ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၉၇ ၈၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၄၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၉၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၇.၄၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၁.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၇၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၃၆.၆၅ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၇- ၅-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၂၅ ဒေါ်လာ၊ FOB ၇၀၀ ဒေါ်လာနှင့် USD ဈေး ၁၁၈၀ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၂၇-၅-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၈၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 16, No.19 Monday May 30 2016




# ကုန်အမှတ်တံဆိပ်တစ်ခုတည်းကိုသာ ရောင်းချသည့်ဆိုင်များ ကျယ်ပြန့်လာ

ရောင်းသူနဲ့ ဝယ်သူတွေတွေ့ဆုံတဲ့ အရောင်းအဝယ်ကိစ္စတွေ ဆောင်ရွက်ကြတဲ့အများပြည်သူသုံး နေရာကို ဈေး(Market) ဟု သုံးနှုန်းသလို ကုန်ပစ္စည်းတစ်ခုရဲ့ ဝယ်လိုအားရှိနေတဲ့ အခြေအနေကို ဖော်ပြတဲ့ ဈေးကွက်ကိုလည်း Market လို့ ပဲသုံးစွဲပါတယ်။ အရင်တုန်းကတော့ ဈေးဟုဆိုရင် ပစ္စည်းအစုံရရှိနိုင်ပြီး ဆိုင်များစွာရှိရာ စုစည်းထားသည့် နေရာပဲလို့ သတ်မှတ်ထားခဲ့ကြပါတယ်။

အိမ်ဆိုင်များ၊ စတိုးဆိုင်များ၊ စူပါမားကက်များ၊ ပလာဇာများ ဖွင့်လှစ်ရောင်းချသည့် ပုံမှန်နည်းလမ်းကနေ Personal selling စနစ်၊ Door to door အိမ်တိုင်ရာရောက်စနစ်ဖြင့် ခင်ရာမင်ရာ တစ်ဦးတစ်ယောက်မှတစ်ဆင့်အချင်းချင်းရောင်းချခြင်း၊ ရွှေ့လျားဈေးသည်များ နေရာအနှံ့လှည့်လည် သွားရောက်ရောင်းချခြင်း၊ Online ပေါ်တွင် ကြော်ငြာ၍ အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချခြင်းကဲ့သို့ ရောင်းချမှုနည်းလမ်းအမျိုးမျိုးသုံးစွဲလာကြပါတယ်။ ဒ့ါအပြင် ပစ္စည်းမျိုးစုံတင်ထားသောဆိုင်တွင် တစ်ဆိုင်လုံးမှ ဘာပစ္စည်းယူယူ သတ်မှတ်ငွေကျပ် တန်ဖိုးတစ်ခုတည်းနှုန်း (Tag Price) ဖြင့် ဆိုင်များပေါ်ပေါက်လာတာတွေ့ရသလို သီတင်းကျွတ်၊ သင်္ကြန် စသည့် ထူးခြားသည့် အချိန်အခါများတွင် Discount ချလေ့ရှိသော်လည်း Discount Store ဟူသည့် ရာခိုင်နှုန်းအမျိုးမျိုးဖြင့် ဈေးလျှော့ရောင်းချသော ဆိုင်များလည်း ပေါ်ပေါက်လာတာတွေ့ရပါတယ်။

ပြည်ပပို့ကုန်များအတွက်လည်း ပြပွဲများတွင် ဈေးကွက်ရှာခြင်း၊ ပြည်ပနေသူများမှ တစ်ဆင့်မြန်မာပစ္စည်းများကို သိလာကြခြင်းတို့အပြင် ခရီးသွားကဏ္ဍမှလည်းကောင်း၊ လေဆိပ်များရှိ အကောက်ခွန်လွတ်ဆိုင်များမှလည်းကောင်း၊ ကုန်သွယ်မှု ဗဟိုဌာနများရှိ ဒေသထွက်ကုန်ပြခန်းများမှလည်းကောင်း ဈေးကွက်ရရှိအောင် ကူညီပေးလျက်ရှိပါတယ်။ အဆိုပါရောင်းချဖြန့်ဖြူးမှုများကတော့ Multi Brand Shop ခေါင်းစဉ်အောက်မှာ ပါဝင်လျက်ရှိပါတယ်။

မိမိရဲ့ကုန်အမှတ်တံဆိပ်ကို ဖြန့်ချိရောင်းချရာမှာ အရောင်းကိုယ်စားလှယ်တွေကို ကိုယ်စားလှယ်ပေးရောင်းချခြင်းများ၊ ကိုယ်စားလှယ်မပါဘဲ တိုက်ရိုက် ဖြန့်ဖြူးရောင်းချခြင်းများ၊ Franchised Brand Shop ဆိုတဲ့ မိမိအမှတ်တံဆိပ်ကို လုပ်ငန်းခွဲလုပ်ကိုင်လိုသူများအား စာချုပ်ဖြင့်ချုပ်ဆို၍ အရောင်းအဝယ်၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း တို့ကတော့ One Brand ခေါင်းစဉ်အောက်မှာ ပါဝင်ပါတယ်။

နိုင်ငံတကာတွင် အမှတ်တံဆိပ်တစ်ခုတည်းကိုသာ ရောင်းချတဲ့ဆိုင် (One Brand Shop) များ ခေတ်စားလာနေရာ မြန်မာနိုင်ငံတွင်လည်း ယခင်ကတည်းက One Brand Shop ပုံစံများရှိရာမှာ သိင်္ဂီရွှေဝါပိုးထည်တိုက်၊ ဆင်ကိုးကောင်ဖိနပ်၊ Pucci ကိတ် စသည်ဖြင့် မိမိနိုင်ငံထွက်ကုန်များအပြင် Nature Republic အလှကုန်ပစ္စည်း၊ Swiss နာရီဆိုင်၊ Giordano အဝတ်အထည်ဆိုင်စသည့် ပြည်ပ ပစ္စည်းဆိုင်များကို တွေ့ရှိရပါတယ်။ One Brand Shop ရဲ့ အားသာချက်များကတော့ ပစ္စည်းစစ်မှန်မှု အာမခံနိုင်ခြင်း၊အရည်အသွေးစိတ်ချရခြင်း၊ လက်လီဆိုင်များ ထက်ဈေးနှုန်းသက်သာခြင်း၊ အရောင်းဝန်ထမ်းများသည် အမှတ်တံဆိပ် တစ်မျိုးတည်းကိုသာ ရှင်းလင်းပြသရ၍ ပိုမိုကောင်းမွန်အောင် အာရုံစိုက်နိုင်ခြင်း၊ အမှတ်တံဆိပ်ဆိုင်းဘုတ်ဖြစ်၍ မိမိအမှတ်တံဆိပ်ကိုကြော်ငြာပြီးသားဖြစ်ခြင်း၊ မိမိသုံးစွဲမှုအပေါ် နှစ်သက်မှုနှင့် စားသုံးသူအသံကို သုတေသနစစ်တမ်းကောက်ယူမှု လွယ်ကူခြင်းများဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မည်သည့်နည်းလမ်းပင်သုံးသုံး မိမိထုတ်ကုန်ရောင်းချမှုတွင်ကျယ်ရေးသာ အဓိကဖြစ်လို့သင့်တော်တဲ့ နည်းလမ်းများကို အသုံးပြုပြီး ထုတ်လုပ်မှုစွမ်းအား မြင့်တက်လာရေး ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ **ရီလင်းထွန်း(မုံရွာ)**

# အသိပညာပေးတာလည်းနားထောင် အကြံဉာဏ်တွေလည်းပေး အခက်အခဲတွေလည်းတင်ပြ ထူးခြားအောင်မြင်တဲ့ပွဲ

စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ တိုင်းကျန်းမာရေးဦးစီးဌာနနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန) တို့ပူးပေါင်းပြီး မေ ၂၄ ရက်က ရန်ကုန်မြို့ လသာမြို့နယ် သိမ်ကြီးဈေး(ဒီ)ရုံမှာ သိမ်ကြီးဈေး (အေရုံ)၊ (ဘီရုံ)၊ (စီရုံ) (ဒီရုံ)နဲ့ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေးတို့မှ ဈေးသူ/ဈေးသားများကို စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဲ့ဒီဟောပြောဆွေးနွေးပွဲမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၊ အနောက်ပိုင်းခရိုင်မှူး ဦးမောင်မောင်ဌေးက ထုတ်လုပ်သူ၊ ရောင်းချသူများအနေနဲ့ မိမိတို့အကျိုးစီးပွားတစ်ခုတည်းကို မကြည့်ဘဲ စားသုံးသူဘက်မှ ကြည့်ပြီးပြုပြင်ပြောင်းလဲလုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့သလို စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းကလည်း ဈေးသူ/ဈေးသားများကို စားသုံးသူ တစ်ဦးအနေနဲ့ စားသုံးသူတစ်ဦးရဲ့ အခွင့်အရေးတွေကို ရယူတတ်ဖို့ စားသုံးသူရဲ့ တာဝန်တွေကို လိုက်နာကြဖို့၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းတွေကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးဖို့ ဆွေးနွေးပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။



ဆက်လက်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစုစုပိုင်နဲ့ လသာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဦးမင်းလွင်တို့က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ညီညွတ်တဲ့စားသောက်ကုန်များကိုသာ စားသုံးတတ်စေရန်နဲ့ သက်ရှည်ကျန်းမာစွာ နေထိုင်စားသောက်တတ်ရေးတို့ကို ဆွေးနွေးဟောပြောခဲ့ပါတယ်။

ဒ့ါအပြင် တက်ရောက်လာကြတဲ့ ဈေးသူ/ဈေးသားများအနက် သိမ်ကြီးဈေး(ဒီရုံ) ဈေးသာယာရေးကော်မတီဝင်၊ ဆေးဆိုင်ပိုင်ရှင် ဦးမောင်မောင်က စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ စားသုံးသူတွေကို ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်ရန်နဲ့ စားသုံးသူတွေရဲ့ဆုံးရှုံးမှု၊ နစ်နာမှုတွေကို တိုင်ကြားနိုင်ကြောင်းကို အောက်ခြေအထိ သိရှိနိုင်ဖို့ ဆက်သွယ်ရမယ့် ဌာန လိပ်စာကို ဂျာနယ်/ သတင်းစာတွေမှာ ကော်လံ တစ်ခုလောက်ကို ထည့်သွင်းဖော်ပြပေးစေလိုကြောင်း အကြံပြုတင်ပြခဲ့သလို ဆေးရောင်းချရာမှာ တွေ့ကြုံရတဲ့ သိုလှောင်မှု အခက်အခဲ၊ ဘယ်လိုနည်းတွေနဲ့ သိုလှောင်ရောင်းချရမယ်ဆိုတာကိုလည်း မေးမြန်းခဲ့ပါတယ်။ သိမ်ကြီးဈေး(ဒီရုံ) မှာ ကုန်မျိုးစုံရောင်းချတဲ့ မသီတာကလည်း ခုလိုမျိုး အသိပညာပေးမှုတွေကို နေရာအနှံ့အပြားမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားဖို့နဲ့ ရုပ်သံဇာတ်လမ်းတိုလေးတွေနဲ့ ထုတ်လွှင့်ပြသပေးရင် ပိုမိုထိရောက်ကောင်းမွန်မှာ ဖြစ်ကြောင်း အကြံပြုတင်ပြသွားကြတာကို သက်ဆိုင်ရာဌာနများမှ ပြန်လည်ရှင်းလင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေး နွေးပွဲနဲ့ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို မေ ၂၀ ရက်မှ ၂၈ ရက်အတွင်း ယခု ဟောပြောဆွေးနွေးပွဲအပြင် တွံတေးခရိုင်အတွင်းသုံးနေရာ၊ လှည်းကူးခရိုင်အတွင်း လေးနေရာ၊ သန်လျင်ခရိုင်အတွင်း လေးနေရာ၊ အင်းစိန်ခရိုင်အတွင်း ခြောက်နေရာ စုစုပေါင်း ၁၈ နေရာတွင် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်မြဦး (စားသုံးသူ) ရန်ကုန်**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အခြေခံအဆောက်အအုံစီမံကိန်းများမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ရေးပိုမိုကောင်းမွန်အောင် အိန္ဒိယနိုင်ငံက ဆောင်ရွက်မည်

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အကူအညီဖြင့် အိန္ဒိယနိုင်ငံသည် ဒေသတွင်း ဆက်သွယ်ရေးပိုမိုတိုးတက်ကောင်းမွန်ရန်အတွက် တောင်အာရှဒေသအတွင်း အမေရိကန်ဒေါ်လာငါးဘီလီယံတန်ဖိုးရှိ အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအမျိုးမျိုးကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ADB ၏ အကူအညီဖြင့် ယခုလတ်တလော၌ ဦးစားပေးစင်္ကြံလမ်းမကြီး နှစ်ခုကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပထမတစ်ခုမှာ မြောက်ပိုင်းဘင်္ဂါပြည်နယ်၏ ကြက်လည်ဆံရိုး (Chicken neck) အပိုင်းကို ဖြတ်၍ အိန္ဒိယနိုင်ငံ ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် ဘူတန်နိုင်ငံတို့ကို ဆက်သွယ်ပေးမည့် လမ်းမကြီးဖြစ်ကြောင်း၊ ဒုတိယလမ်းမကြီးမှာ အိန္ဒိယနှင့်မြန်မာနိုင်ငံဆက်သွယ်မည့်လမ်းဖြစ်သည့် မဏိပူရတွင် အကောင်အထည်ဖော်မည့်လမ်းဖြစ်ကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စီးပွားရေးရာအတွင်းရေးမှူး Shaktikanta Das က ပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသရှိ Agartala မြို့နှင့် Petrapole မြို့တို့တွင် စုပေါင်းစစ်ဆေးရေးဂိတ် (Integrated Check Posts - ICPs) များအသုံးပြုရန် အဆင်သင့်ဖြစ်အောင်ပြင်ဆင်နေကြောင်း၊ အိန္ဒိယ - မြန်မာနယ်စပ်ရှိ မိုရေးမြို့တွင်လည်း အခြားစုပေါင်း စစ်ဆေးရေးဂိတ်တစ်ခုကို တည်ဆောက်လိမ့်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့်ဘူတန်နိုင်ငံတို့နှင့်နယ်စပ်ရှိ အဓိကကျသည့် နေရာများတွင်လည်း ဒေသတွင်းကုန်စည်များစီးဆင်းမှုနှင့် ပြည်သူများ ကူးသန်းသွားလာမှု မြန်ဆန်လွယ်ကူစေရေး စုပေါင်းစစ်ဆေးရေးဂိတ်များ တည်ဆောက်ရန်နှင့် အကောက်ခွန်ဌာနများ ပိုမိုတိုးချဲ့ထားရှိရန် စီစဉ်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ သည် အမေရိကန်ဒေါ်လာ ငါးဘီလီယံတန်ဖိုးနီးပါးရှိ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ထည့်သွင်းပြောကြားထားကြောင်း သိရပါသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများ၏ စွမ်းအင်အခြေအနေတိုးတက်ကောင်းမွန်စေရန်လည်း အကူအညီပေးလျက်ရှိကြောင်း၊ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် ဓာတ်အားလိုင်းသည် ဘင်္ဂလားဒေ့ရှ်သို့ မီဂါဝပ် ၅၀၀ ထောက်ပံ့ပေးရန်အတွက်ဖြစ်ပြီး၊ ဓာတ်အားကွန်ရက်များ အပြန်အလှန်ဆက်သွယ်မှုသည် ဘေးကင်းလုံခြုံပြီး စိတ်ချရသည့် ဓာတ်အားလိုင်းများဖြင့် စီစဉ်ထားပါကြောင်း၊ NTPC နှင့် Bangladesh Power Development Board တို့အကြား မီဂါဝပ်၁၃၂၀ ရှိ အပူစွမ်းအင်သုံး စီမံကိန်းကိုလည်း ဖက်စပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းသုံးလိုင်းကို အကောင်အထည်ဖော်ရန် အိန္ဒိယနိုင်ငံ Exim Bank နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့ ချေးငွေအမေရိကန်ဒေါ်လာ ၆၄ သန်း အကူအညီဖြင့် Power Grid Corporation of India မှ စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိ ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့ပြင် အိန္ဒိယနိုင်ငံနှင့် တာ့ခ်မေးနစ္စတန်၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နိုင်ငံတို့နှင့် ဆက်သွယ်မည့် ကီလိုမီတာ ၁၆၈၀ ရှိ ဧရာမဓာတ်အား လိုင်းတစ်ခုကိုလည်း ဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိကြောင်း၊ အဆိုပါ လေးနိုင်ငံ၏ တောင်းဆိုမှုကြောင့် ADB သည် ၎င်းစီမံကိန်းအား စီစဉ်ပေးရန် သဘောတူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယဝန်ကြီးချုပ် မိုးဒီ၏ အီရန်ခရီးစဉ်အတွင်း သုံးနိုင်ငံ ပို့ဆောင်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်

ချာဘာဟာ ဆိပ်ကမ်းအား အချက်အချာနေရာအဖြစ် အသုံးပြု၍ သယ်ယူပို့ဆောင်ရေးနှင့် တစ်ဆင့်ခံစင်္ကြံတည်ဆောက်ရေးအတွက် အိန္ဒိယ၊ အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အကြား သုံးနိုင်ငံသဘောတူညီချက်ကို မေ ၂၂ ရက်မှ ၂၃ ရက်အထိ တီဟီရန်သို့သွားရောက်မည့် ဝန်ကြီးချုပ် နရိန္ဒရာမိုးဒီ၏ အလည်အပတ်ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးလိမ့်မည် ဖြစ်ကြောင်း၊ မိုးဒီသည် အီရန်နိုင်ငံ၏ အထွတ်အထိပ်ခေါင်းဆောင် အယာတိုလာဆာရစ်အလီ ဟိုစေနီခါမေနီ၊ သမ္မတ ဟတ်ဆန်ရိုဟာနီ တို့နှင့် နက်နဲလှသည့် နှစ်နိုင်ငံဆက်ဆံရေး၊ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ဒေသတွင်းအခြေအနေနှင့် ကမ္ဘာ့ရေးရာများအပေါ် အမြင်ချင်းဖလှယ်မှုများကိုပြုလုပ်ဆွေးနွေးကြမည် ဖြစ်ကြောင်း၊ ထို့ပြင် ချာဘာဟာ ဆိပ်ကမ်း၏ အပိုင်း (၁) အား အိန္ဒိယနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်နိုင်ငံစာချုပ်ကိုလည်း Indian Ports Global နှင့် Arya Banader of Iran တို့အကြား လက်မှတ်ရေးထိုးလိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါဆိပ်ကမ်းအတွက် အိန္ဒိယ EXIM bank မှ အီရန်သို့ ချေးငွေသဘောတူညီမှုဆိုင်ရာ စာချုပ်စာတမ်းများကိုလည်း လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် ချာဘာဟာဆိပ်ကမ်း ပထမပိုင်းအတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ရင်းနှီးမြှုပ်နှံလိမ့်မည် ဖြစ်ကြောင်း၊ ၎င်းအနက် အမေရိကန် ဒေါ်လာသန်း ၁၅၀ အား EXIM bank မှ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဖြစ်သူ Gopal Baglay ကပြောကြားထားကြောင်း သိရပါသည်။

Chabahar - Zahedan - Zaranj အား စင်္ကြံအဖြစ် အသုံးပြုမည့် သုံးနိုင်ငံ သဘောတူညီချက်သည် ဒေသတွင်း ဆက်သွယ်မှု အထူးသဖြင့် အာဖဂန်နစ္စတန်နိုင်ငံအတွက် အိန္ဒိယနိုင်ငံသို့ ပင်လယ်ရေကြောင်းမှ လုံခြုံစိတ်ချစွာဖြင့် သွားလာရန်အတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းကြောင်းသည် အိန္ဒိယနိုင်ငံ အတွက် အာဖဂန်နစ္စတန်၊ အာရှအလယ်ပိုင်းသာမက တောင်မြောက် သယ်ယူပို့ဆောင်ရေးစင်္ကြံနှင့်ပါ ဆက်သွယ်ရန် အလားအလာများစွာ သိသိသာသာ တိုးလာလိမ့်မည်ဖြစ်ကြောင်း၊ အီရန်နိုင်ငံအပေါ် နိုင်ငံတကာ ပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့ပြီးနောက် မိုးဒီ၏ အလည်အပတ်ခရီးစဉ်သည် ဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ၊ စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ တည်ငြိမ်အေးချမ်းရေးပံ့ပိုးမှုအစည်းအဝေးများတိုးမြှင့်ရေး၊ ဒေသတွင်းနှင့်အိမ်နီးချင်းနိုင်ငံများ တိုးမြှင့်ဆက်ဆံရေးနှင့် ပြည်သူများအချင်းချင်း ဆက်ဆံရေးတိုးမြှင့်စေရေးတို့ကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း၊ Chabahar Free Trade Zone နှင့် အီရန်နိုင်ငံရှိ မီးရထားစီမံကိန်းများတွင် အိန္ဒိယမှ ပြည်သူပိုင်နှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံနိုင်မည့် အကျိုး ကျေးဇူးများ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ Farzad B ဓာတ်ငွေ့လုပ်ကွက်နှင့်စပ်လျဉ်း၍ အိန္ဒိယ၏ စွမ်းအင် ပူးပေါင်းဆောင်ရွက်မှုသည် အီရန်နှင့် ဝယ်သူရောင်းသူ ဆက်ဆံရေးထက် ကျော်လွန်တိုးတက်လာနိုင်ဖွယ်ရှိကြောင်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးမှုများကို လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့် အီရန်မှရေနံ တင်သွင်းမှုအတွက် ပေးချေရမည့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ မှာ ပမာဏများပြားသည့်အတွက် လွှဲ ပြောင်းပေးပို့ရန် သင့်တော်သည့် ဘဏ်လမ်းကြောင်း မတွေ့ရှိသေးသဖြင့် အကြွေး တင်လျက်ရှိကြောင်း သိရပါသည်။

မိုးဒီ၏ အီရန်အလည်အပတ်ခရီးစဉ်သည် နှစ်နိုင်ငံ၏ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ရန်နှင့်ယခုနှစ်အစောပိုင်းတွင် အီရန်နိုင်ငံအား အရေးယူပိတ်ဆို့မှုရုပ်သိမ်းခဲ့ခြင်းနှင့်အတူ ရရှိလာနိုင်သည့် အခွင့်အလမ်းသစ်များမှ အပြန်အလှန်အကျိုးဖြစ်ထွန်းစေရန်နှင့် နှစ်နိုင်ငံစီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းမှုတိုးချဲ့ရန်အတွက် အချိန်ကိုက် တွန်းအားတစ်ရပ်ဖြစ်စေလိမ့်မည်ဟု Baglay ကပြောကြားထားကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအား စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများနှင့် စိုက်ပျိုးရေးနည်းပညာများ ကူညီထောက်ပံ့ပေးမည်ဟုဆို

မေ ၁၈ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် India Myanmar Business Conclave တွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နီမာလာစီသာရာမန်က နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်အတွက် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကျန်းမာရေးနှင့်စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ခြင်းတို့တွင် လိုအပ်သည့် အထောက်အပံ့များကို စီစဉ်ပေးရန် ကမ်းလှမ်းခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အော်ဂဲနစ်စိုက်ပျိုးရေးနှင့် စဉ်ဆက်မပြတ်တိုးတက်နေသည့် စိုက်ပျိုးရေးလုပ်ငန်း၏ အောင်မြင်မှုကို ချီးကျူးပြောကြားခဲ့ပြီး၊ အိန္ဒိယနိုင်ငံအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရာ၌ နည်းပညာနှင့်စိုက်ပျိုးရေးကိရိယာများ စီစဉ်ပေးခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ ဆေးဝါးကဏ္ဍတွင်လည်း အထူးသဖြင့် ပြည်သူ့ကျန်းမာရေးအတွက် အိန္ဒိယအနေဖြင့် တက်ကြွစွာ ပူးပေါင်းနိုင်ပါကြောင်း၊ ချည်မျှင်၊ အထည်အလိပ်၊ သတင်းအချက်အလက်နည်းပညာနှင့် မော်တော်ကား စက်မှုလုပ်ငန်းများ၌ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်နိုင်ပါကြောင်း နီမာလာစီသာရာမန်က ပြောကြားခဲ့ကြောင်းသိရပါသည်။

စီသာရာမန်သည် မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာစီသာရာမန်က ပဲမျိုးစုံဝယ်ယူရေး၊ အိန္ဒိယဆေးဝါးထုတ်ကုန်များနှင့် ဆေးကုမ္ပဏီများ အလွယ်တကူဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ အခြေခံအဆောက်အအုံကဏ္ဍများတွင် အိန္ဒိယကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုပြုရေး၊ နယ်စပ်ဒေသအခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံမှလည်း ပြည်သူ့ရေးရာနှင့်ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်စလုံးအတွက် ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်တည်ဆောက်ရေးနှင့်သင်တန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို တောင်း ဆိုခဲ့ပြီး အိန္ဒိယမှလည်း ဦးစားပေးနယ်ပယ်များတွင် အထောက်အပံ့ပေး မည်ဟု ပြောကြားခဲ့ကြောင်း သိရပါ သည်။

စီသာရာမန်က လမ်းပန်းဆက်သွယ်ရေးနှင့်နယ်စပ်ဒေသ စီမံကိန်းများအပါအဝင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်ရန် သဘောတူခဲ့ပြီး အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးအခွင့်အလမ်းများ ပြသနိုင်ရန်အတွက် အိန္ဒိယနိုင်ငံ အဓိက မြို့ကြီးများ၌ ပြပွဲများလာရောက်ခင်းကျင်းပြသရန် မြန်မာနိုင်ငံအား ဖိတ်ကြားခဲ့ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

Vol: 16, No.19 Monday May 30 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃၀–၅–၂၀၁၆)

ဇော်ဝင်း

## တောင်ကြီးမှာ ပြောင်းဈေးနှုန်း အပြောင်းအလဲရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်နဲ့ တိရိစ္ဆာန်အစာစပ်လုပ်ငန်းရှင်များရဲ့ ဝယ်လိုအားပုံမှန်ရှိပြီးရောင်းသူဘက်မှလည်း အရောင်းအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၃၅ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်းနဲ့ ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း အတက်အကျမရှိ ဆက်လက်တည်ရှိကြောင်း သိရပါတယ်။

×××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ် ပုံမှန်အတိုင်းရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံတန်ချိန် ၇၄၀၀ ခန့်သာဝင်ရောက်ခဲ့တာကြောင့် ယခင်တစ်ပတ်အောက် ဝင်ရောက်မှုနည်းခဲ့ကြောင်း သိရပါတယ်။ တရုတ်သို့ တင်ပို့ရာမှာ ကုန်ပို့ခမြင့်တက်မှု၊ တရုတ်ဘက်မှ ပိတ်ဆို့မှုစတဲ့ အခက်အခဲတွေရှိနေပေမယ့် ကုန်သည်တွေအနေနဲ့ ပြောင်းသီးနှံကို ပုံမှန်ရောင်းချမှုရှိနေကြောင်းနဲ့ အရောင်းအဝယ်ဖြစ်မှုမှာ ၅၀ ကီလိုတစ်အိတ်ကို ၈၅ ယွမ်မှ ၉၁ ယွမ်ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မန္တလေးဈေးကွက်မှာမတ်ပဲ၊ ပဲတီစိမ်းဈေးတက်ရိပ်ပြ

ဒီတစ်ပတ်မန္တလေးဈေးကွက်မှာ မတ်ပဲကိုအိန္ဒိယအတွက် ရန်ကုန်ဝယ်လက်က ယခင်တစ်ပတ်ထက်ဈေးနှုန်းမြင့်ပြီး တစ်ပိဿာ ၂၇၁၇ ကျပ် (တစ်တန်ကို ၁၆၆၃၈၆၃ ကျပ်) နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ပဲတီစိမ်းကို အရည်အသွေးအပေါ် မူတည်ပြီး ဈေးနှုန်းသတ်မှတ်ကာ ရောင်းချလျက်ရှိရာ တရုတ်ဝယ်လက်အဝယ်ရှိသလို မြို့ခံပဲခွဲစက်တွေကလည်း အဝယ်ရှိနေတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိနေကြောင်းနဲ့ အရောင်းအဝယ်ဖြစ်မှုမှာ ယခင်တစ်ပတ်ထက် ဈေးနှုန်းတက်ရိပ်ပြပြီး တစ်ပိဿာကို ၁၇၀၇ ကျပ် (တစ်တန်ကို ၁၀၄၅၃၄၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီ၊ မတ်ပဲဈေး အနည်းငယ်ကျ


ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲဈေးအနည်းငယ်ကျနေပေမယ့် အိန္ဒိယဈေးကွက်အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၇၂၅ ကျပ်နဲ့ (တစ်တန်ကို ၁၆၆၈၇၆၂ ကျပ်) ဈေးဖွင့်ခဲ့ပြီး တစ်ရက်ကို အိတ် ၂၀၀ မှ ၃၀၀ ကြားအရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီ ဈေးနှုန်းကလည်း ယခင်တစ်ပတ်ထက်အနည်းငယ်ကျဆင်းခဲ့ပြီး Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၂၄၂၅ ကျပ် (တစ်တန်ကို ၁၄၈၅၀၄၅ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပေမယ့် ပဲစင်းငုံနီ အဝင်နည်းလာတာရယ်၊ လှောင်လက်တွေမှာ လက်ကျန်နည်းနေတာရယ်တွေကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်း ဝယ်လိုအားရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RAW) ကို ပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိနေပေမယ့် ယခင်တစ်ပတ်ထက် ဈေးနှုန်းနှိုင်းယှဉ်ရင် ဈေးအနည်းငယ်တက်လာတာကြောင့် ရောင်းသူ ကုန်သည်များအနေနဲ့ တက်ဈေးမျှော်ပြီး အရောင်းနည်းတာကြောင့် ရောင်းဝယ်မှုအေးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေနဲ့ မတ်ပဲတစ်ပိဿာ ၂၇၄၀ ကျပ် (တစ်တန်ကို ၁၆၇၇၉၄၈ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်အစေ့ထုတ်ပြောင်းကို ရန်ကုန်ဝယ်လက်ကဝယ်လို အားများနေကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၄၅၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲလွန်းနီကတော့ ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ်ကျလာတာကြောင့် ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၁၇၅ ကျပ် (တစ်တန်ကို ၇၁၉၅၅၈ ကျပ်) ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူ ကုန်သည်များအနေဖြင့် ကြိုက်ဈေးမရလို့ အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××



## မုံရွာပဲတီစိမ်းကြီး ရန်ကုန်ဝယ်လက်ပုံမှန်အဝယ်ရှိ၊ ကုလားပဲဖြူလုံးကြီး အဝယ်နည်း

မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးအနေနဲ့ ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၅၈၅ ကျပ် (တစ်တန်ကို ၉၇၀၆၃၈ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်ကျပြီး အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေနဲ့ ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၂၅ ကျပ် (တစ်တန်ကို ၁၄၈၅၀၄၅ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပြီး ယခင်တစ်ပတ်ထက်ဈေးနှုန်း အနည်းငယ်မြင့်တာလာကြောင့် ရောင်းသူဘက်မှလည်း အရောင်းများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ တစ်ပိဿာ ၁၉၇၃ ကျပ် (တစ်တန်ကို ၁၂၀၈၂၄၅ ကျပ်) ဖြင့် မန္တလေးပဲခွဲစက်နဲ့ ဒေသခံပဲခွဲစက်တွေက ဈေးဖွင့်ဝယ်ယူခဲ့ပေမယ့် အိန္ဒိယဘက်ကဝင်တဲ့ ကုလားပဲ ခွဲခြမ်းတွေဝင်ရောက်မှုကြောင့် ကုလားပဲဖြူလုံးကြီး ကုန်ကြမ်းအဝယ်လျော့ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ပခုက္ကူပဲစင်းငုံနီ ဈေးအနည်းငယ်တက်ပေမယ့် အရောင်းအဝယ်နည်း

ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းကြီး (သစ်) တွေ ဆက်လက်အဝင်ရှိနေပေမယ့် ပဲတီစိမ်းကြီး (ထိပ်စ) တစ်ပိဿာ ကို ၁၅၇၅ ကျပ် (တစ်တန်ကို ၉၆၄၅၁၄ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးနှုန်း အနည်းငယ်ကျလာတာကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၄၁၀ ကျပ် (တစ်တန်ကို ၈၆၃၄၆၉ ကျပ်) ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့ပေမယ့်လည်း လှောင်လက်ကုန်သည်များက အရောင်းအေးခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်တက်ခဲ့ပေမယ့် တစ်နေ့အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံနဲ့ ပဲစင်းငုံနီ အရောင်းအဝယ်အေး

ဒီတစ်ပတ်မကွေးဈေးကွက်မှာ နှမ်းမျိုးစုံဈေးကွက် အနည်းငယ် ဆက်လက်ကျဆင်းခဲ့ပြီး မန္တလေးဝယ်လက်၊ ဆီစက်၊ သိုလှောင်သူများက ဈေးလျှော့အဝယ်ရှိသလို အရောင်းအဝယ်အနေနဲ့ နှမ်းနီ တစ်ပိဿာ ၂၀၄၅ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၁၈၀ ကျပ်၊ နှမ်းနက်စမုံ တစ်ပိဿာ ၃၆၇၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေနဲ့ တစ်ပတ်ကို နှမ်းမျိုးစုံ တန်ချိန် ၄၂၀၀ ခန့်ရှိကြောင်း သိရပါတယ်။ ပဲစင်းငုံနီပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၂၄၂၅ ကျပ် (တစ်တန်ကို ၁၄၈၅၀၄၅ ကျပ်) ဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပြီး တစ်နေ့အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။

×××××××××××××××

## အောင်လံပဲစင်းငုံနီ အရောင်းအဝယ်အေး

အောင်လံဈေးကွက်မှာ ပဲစင်းငုံနီကို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတစ်ပိဿာ ၂၄၁၅ ကျပ် (တစ်တန်ကို ၁၄၇၈၉၂၀ ကျပ်) ဈေးဖြင့် အဝယ်ဖွင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ်မြင့်ခဲ့ပေမယ့် ရောင်းသူကုန်သည်များက တက်ဈေးမျှော်နေသဖြင့် အရောင်းအဝယ်အေးခဲ့ကြောင်းနဲ့ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့အိတ် ၂၀၀ ခန့်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲဈေးအနည်းငယ် တက်သော်လည်း အရောင်းအဝယ်အေး

ရေစကြိုဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးကို မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိခဲ့ပြီး အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၂၅ ကျပ် (တစ်တန်ကို ၁၁၇၈၈၅၀ ကျပ်) ဈေးဖြင့် အရောင်းဖွင့်ခဲ့ပြီး ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်မြင့်တက်လာပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့အိတ် ၁၀၀ ခန့်ရှိကြောင်း သိရပါတယ်။ CP ပြောင်းအနေနဲ့ တစ်ပိဿာ ၄၄၅ ကျပ်နဲ့ မန္တလေးဝယ်လက်က အဝယ်ရှိနေပြီး တစ်နေ့အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဘုရင့်နောင်ကုန်စည်ဈေးကွက် ပဲစင်းငုံနီဈေး အနည်းငယ်ကျ

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို အိန္ဒိယပဲဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိနေပြီး ရောင်းသူ ကုန်သည်များဘက်ကလည်း အရောင်းပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် မတ်ပဲ RC တစ်တန်ကို ၁၇၁၆၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ RC ကိုလည်း အိန္ဒိယဘက်က ပုံမှန်အဝယ်ရှိပေမယ့် ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး တစ်တန်ကို ၁၅၀၃၀၀၀ ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## လာရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်အေးနေ

ဒီတစ်ပတ် လာရှိုးဈေးကွက်မှာ ပြောင်းကိုတရုတ်ဘက်မှ အဝယ်ရှိပေမယ့် ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဈေးနှုန်းအတက်ကိုမျှော်နေတာကြောင့် လှောင်လက်များမှ ရောင်းချမှု နည်းပါးပြီး အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိဘဲ တစ်ပိဿာ ၄၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏနည်းခဲ့ကြောင်း သိရပါတယ်။

×××××××××××××××




# Seoul Food 2016 ပြပွဲသို့ တက်ရောက်

MMS (MTC)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ Myanmar Trade Promotion Organization (Myan - trade) နှင့် Korea Trade- Investment Promotion Agency (Kotra) တို့ ပူးပေါင်းပြီး ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ KINTEX ခန်းမဆောင်တွင်မေ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် SEOUL FOOD 2016 ပြပွဲ သို့ Myantrade မှ ဒေါ်မြမြစိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဦးကျော်သိန်းတို့ အပါအဝင်ကုမ္ပဏီ လုပ်ငန်းရှစ်ခုမှ စီးပွားရေးလုပ်ငန်းရှင် ၁၅ ဦးနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစီအစဉ်သည် ကိုရီးယားအစိုးရ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် "Myantrade" စီမံကိန်း၏ တစ်စိတ် တစ်ပိုင်းဖြစ်ပါသည်။ ယင်းအစီအစဉ်၌ မြန်မာ့ထုတ်ကုန်များ ဈေးကွက်ရရှိရန်အတွက် ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာကုန်စည်ပြပွဲသို့ ပါဝင်ပြသရန် အဆိုပြုရာမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။

SEOUL FOOD 2016 ပြပွဲသို့ ပါဝင်ပြသရန် စိတ်ပါဝင်စားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနက် ကိုရီးယားဈေးကွက်မှ ဝယ်ယူလိုသည့် ကုန်ပစ္စည်း ဟုတ်၊ မဟုတ် စီးပွားဖြစ် ထုတ်လုပ် နိုင်မှု ရှိ၊ မရှိတစ်နှစ်တာ အရောင်းပမာဏ၊ နိုင်ငံခြားကုန်စည်ပြပွဲများ၌ ပြသသည့် အတွေ့အကြုံရှိ၊ မရှိ ပို့ကုန်တင်ပို့သည့် အတွေ့အကြုံ၊ ကုန်ပစ္စည်းအရည်အသွေးတို့အပေါ် မူတည်၍ တစ်နိုင်ငံလုံးမှ ကုမ္ပဏီလုပ်ငန်းရှစ်ခုကို ရွေးချယ်ခဲ့ပြီး ပါဝင်ပြသခဲ့ပါသည်။ ထိုသို့ပြသရာတွင် သရက်သီးများ စိုက်ပျိုးထုတ်လုပ်သည့် Myanmar Golden Produce Co.,Ltd ၊ Thazin Nwe Family Co.,Ltd၊ ကော်ဖီစေ့ စိုက်ပျိုးထုတ်လုပ်သည့်Htoo Mar & Pop Pop၊ လက်ဖက်ခြောက် ကုမ္ပဏီဖြစ်သည့် Thuriyawin International Co.,Lt d ၊ ရေထွက်ကုန်ပစ္စည်းများနှင့် အေးခဲကဏန်းတင်ပို့လျက်ရှိသည့် Myanmar Phoenix Manufacturing Co.,Ltd နှင့် Aung Moe Khine Manufacturing Co.,Ltd ၊ စိမ်းပြာရေညှိ အားဆေး ထုတ်လုပ်သည့် June Pharmaceutical Ltd ၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ခြောက်၊ ဆားရည်စိမ်၊ အချိုရည်များ ထုတ်လုပ်သည့် Dagon Foods.,Ltd. တို့ ပါဝင်ခဲ့ပါသည်။

SEOUL FOOD 2016 ကုန်စည်ပြပွဲကို Food Packing , Fine Food , Ingredients & Beverage စသည်ဖြင့် ခန်းမရှစ်ခု၌ ကဏ္ဍအလိုက် လေးရက်တိုင်တိုင်ပြသထားပါသည်။ ပြခန်းသို့ နိုင်ငံပေါင်း ၄၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၅၁၁ ခုကအခန်းပေါင်း ၂၉၅၀ ၌ သေသပ်လှပစွာခင်းကျင်းပြသခဲ့ပါသည်။ ပြပွဲ၌ စီးပွားရေးတွေ့ဆုံပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဟင်းချက်ပြိုင်ပွဲများ ထည့်သွင်းထားပါသည်။ အခြား အာဆီယံနိုင်ငံများမှ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းများလည်း ပါဝင်ပြသခဲ့သော်လည်း မြန်မာနိုင်ငံအတွက် ဤပြပွဲသည် ပထမဆုံးခြေလှမ်းဖြစ်ပါသည်။ အာရှနိုင်ငံများအနက် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြခန်းအများဆုံးပါဝင်ပြသခဲ့ပါသည်။

Seoul Food ပြပွဲကို ၁၉၈၃ ခုနှစ်၌ စတင်ကျင်းပခဲ့ပြီး အာရှ၌ စတုတ္ထအကြီးမားဆုံးစား သောက်ကုန် ကုန်စည်ပြပွဲဖြစ်ပြီးဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတွင်လည်း စားသောက်ကုန် ကုန်စည်ပြပွဲကို နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ ပြပွဲကို Kotra မှ တာဝန်ယူကျင်းပခြင်းဖြစ်ပြီး ကုန်သွယ်ရေး၊ စက်မှုနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့ပေါင်းများစွာက ဝိုင်းဝန်းပံ့ပိုးပေးခဲ့ပါသည်။

ပြပွဲကျင်းပသည့် ရက်အတွင်း မြန်မာပြခန်းသို့လာရောက်ဆွေးနွေးသူ ၂၀၀ ဦးခန့်ရှိခဲ့ပါသည်။ Thazin Nwe Family Co.,Ltd မှ အေးခဲသရက်သီး တင်ပို့ရန်အတွက် ကိုရီးယားကုမ္ပဏီနှင့် MOU လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးအခြားကုမ္ပဏီများမှလည်း အလားအလာရှိသည့် ဝယ်လက် ၂၀ ခန့် ရရှိခဲ့ပါသည်။ လူကြိုက်အများဆုံး ကုန်ပစ္စည်းမှာ အေးခဲထားသည့် ကဏန်းပျော့၊ အေးခဲသရက်သီးနှင့် သရက်သီး အနှစ်၊ Avamin အားဆေးတို့ ဖြစ်ကြပါသည်။ ကိုရီးယားနိုင်ငံသို့ Fresh Mango ကို တင်သွင်းလိုပါက Vapor Heat Treat-ment နည်းပညာကို သုံးပြီး တင်ပို့နိုင်ပါသည်။ သို့မဟုတ်ပါက အေးခဲသရက်သီး၊ သရက်သီးအနှစ်၊ အေးခဲထားသည့် သရက်ရေခဲချောင်း၊ သရက်သီးအခြောက်ပုံစံများဖြင့် ဈေးကွက်သို့ တင်ပို့နိုင်ပါသည်။ ကော်ဖီကြိုက်သည့် ကိုရီးယားနိုင်ငံသားများအတွက် အခြားကော်ဖီများထက် အခါးလျော့သည့် မြန်မာ့ကော်ဖီသည် ယခုနှစ်များ၌ ကိုရီးယားဈေးကွက်အတွင်း ရေပန်းစားလျက်ရှိပါသည်။

မြန်မာနိုင်ငံမှ ကိုရီးယားနိုင်ငံသို့ သီဟိုဠ်စေ့၊ ကော်ဖီစေ့၊ အထည်အလိပ်နှင့် သစ်သားလက်မှုထည်များကို ယခင်နှစ်များ၌ တင်ပို့နိုင်ခဲ့ပါသည်။ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်ရန် ရန်ကုန်မြို့နှင့် ဆိုးလ်မြို့တို့တွင် ကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) များ ထူထောင်၍ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လုပ်ငန်းရှင်များ အနေဖြင့် ထုတ်ကုန်ပစ္စည်းဖွံ့ဖြိုး တိုးတက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင် ဗဟုသုတနှင့် လုပ်ထုံးလုပ်နည်းများ၊ သတ်မှတ်ချက်များကို သိရှိနိုင်ရန် ရန်ကုန်မြို့တွင်သာမက အခြားမြို့ကြီးများ၌လည်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခဲ့ပါသည်။ ယခုကဲ့သို့ ကုန်စည်ပြပွဲများသို့ သွားရောက်၍ ဝယ်သူများနှင့် တိုက်ရိုက်တွေ့ဆုံပြီး၊ ဝယ်လက်များနှင့် ချိတ်ဆက်နိုင်ခဲ့သဖြင့် လာမည့်ငါးနှစ်အတွင်း ပို့ကုန်ဈေးကွက်အသစ်သို့ မြန်မာ့ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ပြီး ပို့ကုန်သုံးဆ မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

# မော်တော်ယာဉ်အရောင်းစင်တာ/ အရောင်းပြခန်းဝန်ထမ်းများ၏ လုပ်ငန်းခွင်ရက်တိုသင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဖွင့်လှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းဖွင့်လှစ်သည့် မော်တော်ယာဉ် အရောင်းစင်တာ/အရောင်းပြခန်းဝန်ထမ်းများ၏ လုပ်ငန်းခွင် ရက်တိုသင်တန်းအမှတ်စဉ် (၁/၂၀၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကုန်သွယ်ရေး ဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်) ညွှန်ကြားရေးမှူး ဦးဝင်းလွင်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ချို၊ မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းနှင့် တာဝန်ရှိသူများ၊သင်တန်းသား၊သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန် ရုံး ညွှန်ကြားရေးမှူး ဦးဝင်းလွင်နှင့် မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း တို့က အမှာစကားများ အသီးသီးပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားရှိသည့် မော်တော်ယာဉ် အရောင်းစင်တာများနှင့် အရောင်းပြခန်းများမှ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၅ ဦးတက်ရောက်ခဲ့ကြပြီးသင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

ယခုသင်တန်းသည် ဒုတိယအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ခုနှစ်က ပထမအကြိမ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုပညာပေးရေးအတွက် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် ယခုမော်တော်ယာဉ်တင်သွင်းမှုများ လွယ်ကူစွာ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့်ဌာနများနှင့်ပူးပေါင်း၍ ကုန်သွယ်မှုဆိုင်ရာ ပညာပေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

မယ်သီတာ

➲ စာမျက်နှာ ၃ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ အဆက်

ကုန်သွယ်ရေး သဘောတူညီချက်ပါ ကတိကဝတ်ကို ဆောင်ရွက်ပြီးမြောက်သွားတာဖြစ်သလို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေး သဘောတူညီချက်ပါ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများထဲမှ တစ်ခုကို အကောင်အထည်ဖော်လိုက်နိုင်ခြင်းဖြစ်သောကြောင့် နိုင်ငံတကာသုံးသပ်ချက်အမြင်မှာလည်း ပုံရိပ်ကောင်းတစ်ခု ပေါ်ထွက်လာခဲ့တာဖြစ်လို့ ဝမ်းမြောက်မိပါကြောင်း၊ ယနေ့ လွှင့်တင်မိတ်ဆက်လိုက်တဲ့ website သည် ဝန်ကြီးဌာနတစ်ခုတည်းကို ကိုယ်စားပြုရပ်တည်ခြင်းမဟုတ်ဘဲ၊ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကုန်သွယ်မှုနဲ့ဆိုင်သော အချက်အလက်များအားလုံးကို စုစည်းတည်ဆောက်ပေးထားသည့် ဘဏ္ဍာတိုက်တစ်ခုဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ် ကတည်းက USAID နဲ့ စတင်ညှိနှိုင်းဆောင်ရွက်ခဲ့ကြတာဖြစ်သော်လည်း၊ နိုင်ငံတော်အနေဖြင့် ရက် (၁၀၀) စီမံကိန်းရေးဆွဲဆောင်ရွက်နေတဲ့ ကာလအတွင်းမှာ ပြီးမြောက်အောင်မြင်သွားသည့် လုပ်ငန်းတစ်ရပ်လည်းဖြစ်လို့ ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်အနေနဲ့ e-government ကို အသွင်ကူးပြောင်းဖို့ ကြိုးပမ်းဆောင်ရွက်နေကြရာတွင် ယခု website က Single Window နဲ့ online မှ ဆောင်ရွက်မည့် Documentation process လုပ်ငန်းစဉ်များဖြစ်လာဖို့ platform တစ်ခု ဖြစ်လာမည်ဟုလည်း မျှော်လင့်ပါကြောင်း၊ ယခု website ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာဌာနများအနေဖြင့် ဆက်လက်လက်တွဲဖော်ဆောင်သွားကြပါရန် အထူးတိုက်တွန်းပါကြောင်း ပြောကြားခဲ့ပါသည်။

ကုန်သွယ်မှု သတင်းအချက်အလက်များဘဏ္ဍာ တိုက်ကို တည်ထောင်လိုက်ခြင်းကြောင့် ကုန်သွယ်မှု ပြုလုပ်သူများသာမက နယ်ပယ်စုံမှ ရင်းနှီးမြှုပ်နှံသူများ၊ သုတေသနပညာရှင်များအနေဖြင့် ကုန်သွယ်မှု အချက်အလက်များကို အချိန်တိုအတွင်းတွင် ရှာဖွေသိရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အချိန်ကုန် သက်သာခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ မသေချာမရေရာမှုများ လျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ပြောကြားသွားပါသည်။ အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် USAID မှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

# တောင်ကိုရီးယားနိုင်ငံသို့ စိန်တစ်လုံးသရက်သီးတင်ပို့တော့မည်

စိန်တစ်လုံးသရက်သီးများကို အလုံးလိုက်အဖြစ်လည်းကောင်း၊ အစိတ်များစိတ်ခွဲ၍လည်းကောင်း၊ သရက်သီးအနှစ် (Paste) အဖြစ် လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချသွားရန် တောင်ကိုရီးယား ကုမ္ပဏီတစ်ခုနဲ့ မြန်မာကုမ္ပဏီတစ်ခုတို့ စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါတယ်။

လောလောဆယ်မှာ စိန်တစ်လုံးသရက်သီးများကို အဓိကအားဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နေတာ ဖြစ်ပါတယ်။ မေလကုန်ပိုင်းမှာ တောင်ကိုရီးယားကုမ္ပဏီရဲ့ ဝယ်ယူမှုကို စတင်မှာ ဖြစ်ပါတယ်။ အထွက်နှုန်းအပေါ် မူတည်ပြီး ဇွန်လကုန်အထိသာ တင်ပို့သွားမယ်လို့သိရပါတယ်။ အအေးခန်းကုန်သေတ္တာများအတွင်းထည့်သွင်းပြီး ပင်လယ်ရေကြောင်းမှ တစ်ဆင့် တင်ပို့သွားမှာဖြစ်ပါတယ်။ ကျောက်ဆည်၊ မိတ္ထီလာနဲ့ ရမည်းသင်းဒေသထွက် စိန်တစ်လုံးသရက်သီးများကို တင်ပို့သွားမှာဖြစ်ပြီး ယခုနှစ်ရာသီဥတုအခြေအနေကြောင့် အထွက်နှုန်း၈၀ ရာခိုင်နှုန်းကျော်ကျဆင်းခဲ့တယ်လို့ သိရပါတယ်။

နှစ်စဉ်သရက်သီးမျိုးစုံ (စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်၊ ပန်းဘင်္ဂလား) တန်ချိန် ၄ တန်ခန့်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၃ ဒသမ ၅ သန်းကျော်ဖိုး ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ပြည်ပဈေးကွက်သို့ သရက်သီးတင်ပို့မှု ပိုမိုရရှိရေးအတွက် (GAP-Good Agricultural Practices) စိုက်ပျိုးရေးဆိုင်ရာ ကောင်းမွန်သော အလေ့အကျင့်နဲ့စပ်လျဉ်းတဲ့ လက်မှတ်များကို ယခုနှစ်က စတင်လုပ်ဆောင်နေပြီလို့ သတင်းရရှိပါတယ်။

သရက်စိုက်တောင်သူရဲ့ စိုက်ခင်းမြေအနေအထား၊ စိုက်ကွင်းအခြေအနေ၊ စိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးရေး ဆေးသုံးစွဲမှု၊ စိုက်ပျိုးမှုမှတ်တမ်းနဲ့ အလုပ်သမားအခြေအနေများကို စိစစ်ပြီး နေပြည်တော် စိုက်ပျိုးရေး ရုံးချုပ်သို့ တင်ပြထုတ်ပေးမှာလို့သိရပါတယ်။ GAP လက်မှတ်ရရှိထားခြင်းအားဖြင့် သရက်သီးနဲ့ပတ်သက်ပြီး ဘေးကင်းလုံခြုံမှုရှိကြောင်း အာမခံပါတယ်။

ပိတောက်

# မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းများမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန် ကော့သောင်းနဲ့မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၆ ခုနှစ် မေ ၁၄ ရက်မှ ၂၀ ရက်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၅၇၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၈၆၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၈၂၉ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၉၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၄၄ တန်ကျော်နဲ့ ကဏန်း ၃၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၃၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၀၉၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၃၃၃ တန်ကျော်၊ ပုစွန် ၁၁ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၇ တန်ကျော်၊ ကင်းမွန် ၆ တန်၊ ရေဘဝဲ ၂တန်ကျော်နဲ့ ကဏန်း ၆၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၂၁၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၂၈၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၂၅၄ တန်ကျော်၊ ငါးမှုန့် ၁၀၇၅ တန်၊ ရေငန်ပုစွန် ၁၇ တန်ကျော်၊ ပုစွန်ခြောက် ၁ တန်ခွဲ၊ ကဏန်းသေး(အသေ) ၂တန်ခန့်နဲ့ ကင်းမွန် ၁ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၇၈ တန်ခန့် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

ခင်မြနွယ်

# ပင်လယ်ငါးရှဉ့်နဲ့ ရေဘဝဲ ကိုးတန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် မေ ၁၄ ရက်မှ ၂၀ ရက်အတွင်း ပင်လယ်ငါးရှဉ့် ခုနစ်တန်ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၁၃ သန်း၊ ရေဘဝဲ နှစ်တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ပင်လယ်ငါးရှဉ့် ခြောက်တန်ကျော်၊ ရေဘဝဲ တစ်တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မေ ၁ ရက်မှ ၂၀ ရက်အတွင်းမှာ ပင်လယ်ငါးရှဉ့် ၁၃ တန်ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်း ၊ ရေဘဝဲ လေးတန်ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

ခင်မြနွယ်

# ယခင်တစ်ပတ်ထက် သရက်သီးတန် ၇၀၀ ကျော်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၁၄ ရက်မှ ၂၀ ရက် တာကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၄၆၉ သန်းတန်ဖိုးရှိ သရက်သီး ၄၃၂၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ယခုသီတင်းပတ်မှာ သရက်သီး ၇၆၈ တန်ကျော် ပိုမိုတင်ပို့ခဲ့ ပါတယ်။

အလားတူ မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်းတန်ဖိုးရှိ သရက်သီးသုံးတန်ကိုလည်းတင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်က တင်ပို့မှုမရှိဘဲ ယခုသီတင်းပတ်မှ စတင်တင်ပို့နိုင်ခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့တွင် စိန်တစ်လုံးသရက်များ အများအပြားစိုက်ပျိုးထွက်ရှိပါတယ်။ မေလအစောပိုင်းမှစတင်ရင့်မှည့်ပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရောင်းချတယ်လို့ သိရှိရပါတယ်။

မြင့်မြင့်မာ

# ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ ဧပြီအတွင်း ပို့ကုန်တိုးတက်

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ပို့ကုန်ကန်ဒေါ်လာ ၈ ဒသမ ၉၁၂ သန်းတင်ပို့နိုင်ခဲ့တဲ့အတွက် အနီးစပ်ဆုံးကာလထက် ကန်ဒေါ်လာ ၆ ဒသမ ၇၀၈ သန်း၊ ယမန်နှစ်ကာလတူထက် ၈ ဒသမ ၁၁၀ သန်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အပေါ် ၈၉၂ ဒသမ ၂၀၀ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန်ပိုမိုရခြင်းမှာ အနီးစပ်ဆုံးကာလထက် တစ်သျှူးငှက်ပျောပိုမိုတင်ပို့နိုင်၍ ဖြစ်ပြီး ယမန်နှစ်ကာလတူထက် တစ်သျှူးငှက်ပျောနဲ့ ဖရဲသီးတို့ပိုမိုတင်ပို့နိုင်လို့ ဖြစ်ပါတယ်။ကန်ပိုက်တီးကုန်သွယ်ရေးစခန်းရဲ့ ဧပြီလအတွင်းတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျောနဲ့ ဖရဲသီးတို့ဖြစ်ပါတယ်။

ခင်မြနွယ်

## မူဆယ်ကုန်သွယ်ရေးဇုန်မှ သရက်ပြားခြောက် တန်တစ်ထောင်ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၁ ရက်မှ ၂၀ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၈၁၇ သန်း တန်ဖိုးရှိ သရက်ပြားခြောက် ၁၃၇၃ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ သရက် ပြားခြောက် တစ်တန်ရဲ့ လိုင်စင်ဈေးမှာ ၅၉၈ ဒေါ်လာလို့ သိရပါတယ်။

မြင့်မြင့်မာ

## ချင်းရွှေဟော်နဲ့ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ကြံတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ မေ ၁ ရက်မှ ၂၀ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၄၅၄ သန်းတန်ဖိုးရှိ ကြံ ၉၀၆၁ တန်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်းတန်ဖိုးရှိကြံ တန် ၁၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီလတွင် ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၇၁၂ သန်းတန်ဖိုးရှိ ကြံ ၃၄၂၂၄ တန်တင်ပို့ခဲ့ပြီး လွယ်ဂျယ်စခန်းကတော့ တင်ပို့မှု မရှိခဲ့ဘူးလို့ သိရပါတယ်။ ကြံတစ်တန်ရဲ့ လိုင်စင်ဈေးမှာ ဒေါ်လာ ၅၀ ရှိကြောင်း သိရပါတယ်။

မြင့်မြင့်မာ

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မေလ ၁ ရက်မှ ၂၀ ရက်အထိကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေး စခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ကန်ဒေါ်လာ သုည ဒသမ ၀၇၂ သန်းတန်ဖိုးရှိလက်ဖက်ခြောက် ၁၈၄ တန်ခွဲကျော် တင်ပို့ခဲ့ပါတယ်။ရှမ်းပြည်နယ်အရှေ့ပိုင်းနဲ့ မြောက်ပိုင်းတို့တွင် လက်ဖက်ကို အများဆုံး စိုက်ပျိုးကာ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချကြတာလို့ သိရပါယ်။

မြင့်မြင့်မာ

## တရုတ်နယ်စပ်မှ တစ်သျှူးငှက်ပျောတင်ပို့

မေ ၁၄ ရက်မှ ၂၀ ရက်အထိကာလအတွင်းမြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော တန် ၃၆၀၀နဲ့ လွယ်ဂျယ်မှ ၄၇၃ တန်ခွဲကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၇ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၄၀၇၃ တန်ခွဲကျော် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှတစ်သျှူးငှက်ပျော ၇၂၅ တန်နဲ့ လွယ်ဂျယ်မှ လေးတန်ခွဲကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းအနေဖြင့် တစ်သျှူးငှက်ပျောစိုက်တောင်သူများအား ယခုထက် ပိုမိုတိုးချဲ့ စိုက်ပျိုးတင်ပို့နိုင်ရေးဒေသဆိုင်ရာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက် သွားမယ်လို့ သတင်းရရှိပါတယ်။

မြင့်မြင့်မာ

## မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့တန် ၃၀ ကျော်နှင့် မြိတ်ကုန်သွယ်ရေးစခန်းမှ ငါးမှုန့် တန်တစ်ထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ခုနှစ် မေ ၁၄ ရက်မှ ၂၀ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၃၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၁၂ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။မေ ၁ ရက်မှ ၂၀ ရက်အတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၆၄၇ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၀၈ တန်ခန့်တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် မေ ၁၄ ရက်မှ ၂၀ ရက်အတွင်း ငါးမှုန့် ၁၀၇၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၇၅၀ ကျော်ပိုမိုတင်ပို့ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မေ ၁ ရက်မှ ၂၀ ရက်အတွင်းမှာ ငါးမှုန့် ၁၅၇၉ တန်ကျော်၊ တန်ဖိုးကန် ဒေါ်လာ ၁ ဒသမ ၃၄၃ သန်းဖိုး တင်ပို့ခဲ့ပါတယ်။

ခင်မြနွယ်

# မြန်မာနိုင်ငံနှင့် အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ် (Generalized System of Preferences) အခြေအနေ

ရွှေစင်ဦး

(ယခင်တစ်ပတ်မှအဆက်)

ယင်းအစီရင်ခံစာများအပေါ် ၂၀၁၄ ခုနှစ်၊ ဧပြီ ၁၆ ရက်တွင် အမေရိကန်နိုင်ငံရှိ သက်ဆိုင်ရာဌာနများမှ မြန်မာနိုင်ငံသို့ GSP အခွင့်အရေး ပြန်လည်ပေးရေးနှင့်ပတ်သက်၍ သုံးသပ်ခဲ့ပြီးနောက် အလုပ်သမားဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံရုံးမှ မေးခွန်းခြောက်ခုပေးပို့ကာ ထပ်မံတောင်းခံလာသောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ ဖြေကြား၍ ပေးပို့လာသော အချက်အလက်များနှင့် ပြုစုထားသည့် တတိယအကြိမ်မြောက် အစီရင်ခံစာကို ၂၀၁၄ ခုနှစ် မေ ၂၂ ရက်နောက်ဆုံးထား၍ တင်သွင်းပြီး ဖြစ်ပါသည်။

ထို့ပြင် အမေရိကန်နိုင်ငံမှ လာရောက်တွေ့ဆုံသည့် ဆွေးနွေးပွဲများတွင်လည်း အခွင့်အရေး ပြန်လည်ရရှိရေးအတွက် ညှိနှိုင်းတောင်းဆိုမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း ယနေ့အထိ အကြောင်းပြန်ကြားခြင်း မရှိသေးပါ။

၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပို့ကုန်အမယ် ၁၀၄ မျိုးခန့်၊ တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၃၀ ခန့်တင်ပို့ခဲ့ရာတွင် GSP အကျုံးဝင်သည့် ကုန်စည်တန်ဖိုး မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်း ဖြစ် သည့်အတွက် GSP အခွင့်အရေးရရှိပါက အကောက်ခွန်သက်သာခွင့်မှာ ၅ ဒသမ ၇ ရာခိုင်နှုန်း အကျိုး ခံစားခွင့်ရရှိမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်များအပေါ်တွင် အကောက်ခွန်ကင်းလွတ် ခွင့်/သက်သာခွင့်များရရှိနိုင်မည် ဖြစ်ရာ နိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးအတွက်လည်းကောင်း၊ အခြားသောတင်ပို့နိုင်ငံများနှင့်ဈေးကွက် ယှဉ်ပြိုင်ရာတွင် ဈေးနှုန်းအရ ပိုမို၍ယှဉ်ပြိုင်နိုင်စွမ်းအားတိုးတက်လာမည်ဖြစ်သည့် အတွက်လည်းကောင်း၊ အထောက်အကူဖြစ်စေသည့်အပြင် နိုင်ငံခြားရင်း နှီးမြှုပ်နှံမှုများပြည်တွင်းသို့ စီးဝင်ကာစက်မှုကုန်ထုတ် ပစ္စည်းထုတ်လုပ်တင်ပို့မှုနှင့်အတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူ ပြုနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်သောကြောင့် အမေရိကန်နိုင်ငံ ၏ GSP အခွင့်အရေး ပြန်လည်ရရှိရေးကို သက်ဆိုင်ရာနိုင်ငံများ၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

➲ ဆက်လက်ဖော်ပြပါမည်

## မြစ်ကြီးနားတွင် Creative Thinking For Policy Making ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မေ ၂၄ ရက် နံနက်က စားသုံးသူရေးရာဦးစီးဌာနနှင့် Myanmar –Japan Center တို့ ပူးပေါင်းပြီး ပြည်နယ်သမဝါယမ ဦးစီးဌာနအစည်း အဝေးခန်းမ၌ Creative Thinking For Policy Making ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခဲ့ရာ ကချင်ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနအောက်ရှိ ဆက်စပ်ဌာနများမှပြည်နယ်ဦးစီးမှူးများ၊ သင်တန်းတက်ရောက်မည့် ဝန်ထမ်းများ၊ NGO အဖွဲ့များ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များစုစုပေါင်း ၅၁ ဦး တက်ရောက်ခဲ့ပါသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် Mr. Markoto Takei က လုပ်ငန်း တစ်ခုတည်ထောင်ရာတွင် စီမံကိန်းရေးဆွဲရေးသည် အဓိကကျကြောင်း၊လုပ်ငန်းစီမံချက်အသေးစိတ်ရေးဆွဲရာတွင်လည်း တစ်ဦးတစ်ယောက်တည်း၏ အကြံဉာဏ်နှင့် မလုပ်ဆောင်ဘဲ အများနှင့်စုပေါင်း၍ ပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းစီမံချက်များကို အောင်အောင်မြင်မြင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်းကို လက်တွေ့မှာ မြန်မာ့လယ်ယာစိုက်ပျိုးရေး တိုးမြှင့်ခြင်းဖြင့်ကုန်သန်းရောင်းဝယ်ရေးဆောင်ရွက်နိုင်ရန်၊ မြန်မာ့အားကစားတိုးမြှင့်ရေးကဏ္ဍနှင့်ပတ်သက်၍ ဥပမာပေး၍အုပ်စုအလိုက် အကြံဉာဏ်များရယူဆောင်ရွက်ခြင်းဖြင့် နည်းလမ်းကောင်းများ ရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားသွားကြောင်း သတင်းရရှိပါသည်။

**(မောင်မောင်ခိုင်) စားသုံး/ဦးစီး**

## ရှမ်းပြည်နယ်အတွင်း စံမမီတဲ့ မြေသြဇာ၊ ပိုးသတ်ဆေးနဲ့ စားသောက်ကုန် ရောင်းချသူများအားဥပဒေနဲ့အညီ အရေးယူသွားမည်

ရှမ်းပြည်နယ် ဈေးကွက်အတွင်းမှာရှိတဲ့ ကုန်ပစ္စည်းများ၊ စားသောက်ကုန်များကိုထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ဌာနများမှ ဥပဒေ၊ အမိန့်ညွှန်ကြားချက်များဖြင့် တိကျစွာသတ်မှတ်ပြဋ္ဌာန်းထားရှိသော်လည်း ပြည်သူလူထုအကျိုးစီးပွားထက် ကိုယ်ကျိုးစီးပွားအတွက်သိလျက်နဲ့ ဖောက်ဖျက်လုပ်ဆောင်မှုများကြောင့် အခြေခံပြည်သူလူထုအများစုအတွက် ကျန်းမာရေး၊ စီးပွားရေးထိခိုက်နစ်နာမှုများ မရှိစေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၁၉) ပုဒ်မခွဲ (င) နှင့်(စ)တို့ဖြင့် အရေးယူဆောင်ရွက်သွားမယ်လို့သိရှိရပါတယ်။



ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကလောမြို့နယ်၊ ကလောမြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များနှင့်အောင်ပန်းမြို့ရှိ ဓါတ်မြေသြဇာသိုလှောင်ရောင်းချမှုများအား စားသုံးသူပြည်သူများအတွက် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာစစ်ဆေးခြင်းကို ကလောမြို့နယ်၊ ဌာနဆိုင်ရာ များအပါအဝင်အဖွဲ့စုံဖြင့် ပြီးခဲ့တဲ့မေ ၆ရက်က စစ်ဆေးဆောင်ရွက်ခဲ့ရာ ကလောမြို့ရှိ ကုန်စုံဆိုင်များတွင် FDA ထောက် ခံချက်၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲမပါသော ငါးသေတ္တာဘူး၊ စားဆီနှင့်ကိတ်မုန့်အချို့ကို သက်တမ်းကုန်သော်လည်းရောင်းချလျက်ရှိကြောင်း၊ တရုတ်စာတမ်းပါ ဂျုံခေါက်ဆွဲအချို့နှင့် တရားဝင်ထုတ်ပြန်ကြေညာထားသော မှတ်ပုံမတင်/ဆေးဝါးအတုနှစ်မျိုးတွေ့ရှိကြောင်း၊ အောင်ပန်းဈေးကွက်တွင် ဓါတ်မြေသြဇာနှင့်ပိုးသတ်ဆေးသိုလှောင်ဖြန့်ဖြူးရောင်းချသည့်ဆိုင်နှင့် သိုလှောင်ရုံအချို့တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဥပဒေထုတ်ပြန်သတ်မှတ်ထားသော်လည်း ဈေးကွက်တွင်လိုက်နာခြင်းမရှိဘဲ မြန်မာဘာသာဖြင့်ရေးသားဖော်ပြထားခြင်းမရှိသောမြေသြဇာနှင့် ပိုးသတ်ဆေးများ၊ မြန်မာဘာသာဖြင့်ရေးသားထားသော်လည်း သုံးစွဲရန်အညွှန်းမဟုတ်ဘဲ ကုန်ပစ္စည်းအရည်အသွေးကြော်ငြာကဲ့သို့ရေးသားခြင်း၊ အမှတ်တံဆိပ်ကိုသာမြန်မာလို ရေးသားခြင်း၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးရက်စွဲမပါရှိသောပစ္စည်းများအား စိစစ်တွေ့ရှိရ တယ်လို့သိရှိရပါတယ်။

**မင်းအောင်၊ တောင်ကြီး**

## အိန္ဒိယနိုင်ငံတွင် India International Mega Trade Fair 2016-17 (IIMTF) ပြပွဲများ ကျင်းပပြုလုပ်မည်

India International Mega Trade Fair(IIMTF) ပြပွဲများသည် အိန္ဒိယနိုင်ငံတွင် နှစ်စဉ်ကျင်းပသော ပြပွဲများဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာမှ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီအတွင်း IIMTF ပြပွဲများကို အိန္ဒိယနိုင်ငံရှိVisakhapatnamမြို့၊ ကိုလ်ကတ္တားမြို့၊ ဘူဘန်ချာမြို့နှင့် ရန်ချီမြို့တို့တွင် ကျင်းပပြု လုပ်သွားမည်ဖြစ် ပါသည်။ IIMTF ပြပွဲများသည် အိန္ဒိယ အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပသော ပြပွဲများဖြစ်ပြီး ပြပွဲကို ကုန်သွယ်မှုမြှင့် တင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ပါသည်။

India International Mega Trade Fair 2016-2017 ပြပွဲများကို ၂၀၁၆ ခုနှစ် စက်တင်ဘာမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီအတွင်း လေးကြိမ်ခွဲ၍ ကျင်းပသွားမည် ဖြစ်သည်။

ပထမအကြိမ်ပြပွဲကို အန်ဒရာပရာဒေ့ရှ်ပြည်နယ် Visakhapatnam တွင် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်နေ့မှ အောက်တိုဘာ ၃ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ်ပြပွဲကို အနောက်ဘင်ဂေါလ်ပြည်နယ်၊ ကိုလ်ကတ္တားမြို့တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၆ ရက်အထိလည်းကောင်း၊ တတိယအကြိမ်ပြပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၃၀ ရက်အထိ ဩရိဿပြည်နယ်၊ ဘူဘန်ဆွာမြို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ပြပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ဂျက်ဟန်းပြည်နယ်၊ ရန်ချီမြို့တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၆ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်မည့် India International Mega Trade Fair (IIMTF) ပြပွဲများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Email; prakash.shah@gsmktg.com နှင့် ssdgupta2001@yahoo. com သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းသိရှိရပါသည်။

Lin Lin Htun (TD)

# အင်တာနက်ရရှိသည့် နေရာတိုင်းမှ ပို့ကုန်သွင်းကုန်လိုင်စင်များကို လျှောက်ထားနိုင်သည့် Fully Online Licensing စနစ်ကို ဇွန်လဆန်းတွင် စတင်နိုင်တော့မည်

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်များအားထုတ်ပေးရာမှာ ယခင်ကလုပ်ဆောင်ခဲ့တဲ့ Local Online စနစ်မှ Fully Online Licensing System သို့ လာမယ့်ဇွန်လအတွင်းမှ စတင်အဆင့်မြှင့်တင် လုပ်ဆောင်တော့မှာဖြစ်ပါတယ်။ အဆိုပါလုပ်ဆောင်ချက်နဲ့ပတ်သက်ပြီး ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့် သိသင့်သိထိုက်သည်များကို သိရှိနိုင်ရန်အတွက် တာဝန်ရှိသူတစ်ဦးနဲ့ တွေ့ဆုံမေးမြန်းခဲ့သမျှကို ရေးသားဖော်ပြပေးလိုက်ပါတယ်။**



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းများအား Paper Based စနစ်ဖြင့် ထုတ်ပေးခြင်းအစား Electronic စနစ်သို့ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ပြောင်းလဲထုတ်ပေးခဲ့ပါတယ်။ အဲဒီစနစ်မှာ လုပ်ငန်းရှင်များအနေနဲ့ လိုင်စင်လျှောက်ထားခြင်းလုပ်ငန်းများကို လုပ်ဆောင်ရာမှာ နည်းလမ်းသုံးမျိုးနဲ့ လျှောက်ထားနိုင်ကြောင်း သိရပါတယ်။

အဲဒီနည်းလမ်းသုံးမျိုးကတော့ စီးပွား/ကူးသန်း ရှိ အွန်လိုင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်တဲ့နေရာ (PAC)မှာ လိုင်စင်အချက် အလက်များ ဖြည့်သွင်းစေခြင်းဖြင့် လျှောက်ထားခြင်း၊ Diskette Format နဲ့ လိုအပ်တဲ့အချက်အလက်များကို ဖြည့်သွင်းစေပြီး Local Online(IELPS) စနစ်အတွင်းသို့ ထည့်သွင်းစေခြင်းဖြင့် လျှောက်ထားခြင်း၊ Myanmar Tradenet Website အသုံးပြုပြီး လျှောက်ထားခြင်း စတဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

နည်းပညာရပ်တွေ တိုးတက်လာတာနဲ့အမျှ နိုင်ငံတကာအဆင့်မီ ပို့ကုန်သွင်းကုန်လိုင်စင်များ ထုတ်ပေးနိုင်ဖို့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ Fully Online Licensing System ကို စတင်ကျင့်သုံးတော့မှာဖြစ်ပါတယ်။ အဲဒီလို စနစ်သစ်ကို စတင်ကျင့်သုံးရာမှာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေ၊ ဝန်ဆောင်မှုပေးနေတဲ့ အေးဂျင့် တွေ အနေနဲ့ ဒီစနစ်နဲ့ပတ်သက်ပြီး သိရှိထားကြရမှာဖြစ်ပါတယ်။

နည်းပညာရပ်အသစ်တစ်ခုကို စတင်ကျင့်သုံးရာမှာ အခက်အခဲတွေ ရှိလာနိုင်တာကြောင့် အဲဒီအခက်အခဲတွေကို စုပေါင်းကျော်လွှားပြီး နိုင်ငံတကာအဆင့်မီလုပ်ငန်းများ ဆောင်ရွက်နိုင်ကြဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခု ကျင့်သုံးတော့မယ့် Fully Online Licensing System နဲ့ပတ်သက်ပြီး သိရှိသင့်တဲ့အကြောင်းလေးတွေကို တင်ပြပေးလိုက်ရတာဖြစ်ပါ တယ်။

**မေး - Fully Online Licensing System ပြုလုပ်လိုက်တဲ့အတွက် ရရှိလာမယ့် အကျိုးကျေးဇူးတွေက ဘာတွေပါလဲ။**

ဖြေ - Fully Online Licensing System ပြုလုပ်လိုက်တဲ့အတွက် ရရှိလာမယ့် အကျိုးကျေးဇူးတွေကတော့

(က) Single Window စနစ်သို့ ချိတ်ဆက်အသုံးပြုရာမှာ အထောက်အကူဖြစ်စေခြင်း၊

(ခ) ကုန်သွယ်မှုလုပ်ငန်းများပိုမိုလျင်မြန်ချောမွေ့စေခြင်း။

(ဂ) Paperless စနစ်ကျင့်သုံးနိုင်ခြင်း။

(ဃ) e-government စနစ်အားလိုက်ပါအကောင်အထည် ဖော်နိုင်ခြင်း။

(င) လုပ်ငန်းရှင်နှင့်ဝန်ထမ်းများ ထိတွေ့မှုကို လျှော့ချနိုင်ခြင်း။

(စ) ပွင့်လင်းမြင်သာမှုပိုမိုရရှိခြင်းနှင့် အချိန်နှင့် ငွေကြေးကုန်ကျမှုများအား လျှော့ချနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်မှာဖြစ်ပါတယ်။

**မေး - ဘာကြောင့် အဲဒီစနစ်ကို ပြုလုပ်ရပါသလဲ။**

ဖြေ - လုပ်ငန်းရှင်များအနေဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်လုပ်ငန်းများအား အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လာနိုင်စေဖို့အတွက် ဒီစနစ်ကို ကျင့်သုံးရတာဖြစ်ပါတယ်။

ဒ့ါအပြင် Fully Online Licensing System ကို ပြုလုပ်လိုက်တဲ့အတွက် On-line အသုံးပြု၍ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရှင်နဲ့ ဝန်ထမ်းထိတွေ့မှု အနည်းဆုံးနဲ့ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် Corruption များ လျှော့ချနိုင်စေဖို့အတွက်လည်း ဒီစနစ်ကို ကျင့်သုံးရတာဖြစ်ပါတယ်။

ဒ့ါအပြင် Clean Government, Good governance ဖြစ်စေရေးအား အထောက်အကူဖြစ်စေဖို့အတွက်လည်း ဒီစနစ်ကို ဆောင်ရွက်ရတာဖြစ်ပါတယ်။

**မေး - အဲဒီစနစ်ကို ဘယ်အချိန်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါသလဲ။ ဘယ်အချိန်မှာ စတင်ဆောင်ရွက်မှာပါလဲ။**

ဖြေ - ဒီစနစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကုန်ပိုင်းကတည်းက လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။

## ပို့ကုန်သွင်းကုန်လိုင်စင် လုပ်ငန်းများအား ဝန်ဆောင်မှုပေးနေသည့် အေးဂျင့်များ၏ တုံ့ပြန်မှုများကို စောင့်ကြည့်နားထောင်သွားမည်

၂၀၁၆ခုနှစ် ဇွန်လထဲမှာ စတင်ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။

**မေး - လိုင်စင်လျှောက်ထားလိုသူ ကုမ္ပဏီတွေအနေနဲ့ ဘာတွေ လုပ်ဖို့ လိုအပ်ပါသလဲ။**

ဖြေ - ဒီစနစ်ကိုအသုံးပြုလိုတဲ့ကုမ္ပဏီတွေအနေနဲ့ စီးပွားကူးသန်းရဲ့ ဝန်ဆောင်မှုပေးတဲ့ Websiteဖြစ်တဲ့ (www.myanmar-tradenet. com.mm) Myanmar Tradenet Website မှာ မိမိကုမ္ပဏီ ထုတ်ကုန်သွင်းကုန်မှတ်ပုံတင်အမှတ်နဲ့ Member ဝင်ရမှာ ဖြစ်ပါတယ်။

အဲဒီနောက်ငွေဖြတ်တောက်ခြင်းအပါအဝင် လုံခြုံမှုကိစ္စရပ်တွေအတွက် e-token ဝယ်ယူအသုံးပြုရပါမယ်။


ကုမ္ပဏီတွေအနေနဲ့ လက်ရှိစနစ်နဲ့ ချိတ်ဆက်ထားတဲ့ မြန်မာ နိုင်ငံသားများဘဏ် (MCB Bank) မှာ e-payment Account ဖွင့်လှစ်ထားရမှာဖြစ်ပါတယ်။

အထက်ပါအချက်တွေဆောင်ရွက်ပြီးပြီဆိုရင်တော့ Fully Online စနစ်ကို စတင်အသုံးပြုနိုင်ပြီဖြစ်ပါတယ်။

**မေး - ငွေသွင်းဖို့အတွက် မည်သည့်ဘဏ်နဲ့မဆို ချိတ်ဆက်လို့ရပါသလား။ဒါမှမဟုတ် ဘဏ်သတ်မှတ်ချက်ရှိပါသလား။**

ဖြေ - စီးပွား/ကူးသန်းရဲ့လိုင်စင်စနစ်အတွက် ၂၀၀၇ ခုနှစ်ကစပြီး မြန်မာနိုင်ငံသားများဘဏ်နဲ့ e-payment စနစ်နဲ့ ချိတ်ဆက်ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် Fully Online Licensing စနစ်ကို ဆောင်ရွက်တဲ့အခါမှာလည်း ယခင်ကတည်းက ချိတ်ဆက်ဆောင် ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံ

➲ စာမျက်နှာ - ၂၂ သို့


UMFCCI Training Institute
အခြေခံပညာ အထက်တန်းအဆင့်ထိသင်ယူခဲ့သူများ။
အခြေခံပညာ အထက်တန်းဆင့်အောင်မြင်ပြီးသူများ။
အခြေခံစည့်ခံကျွေးမွေးရေးပညာရပ်ကို စိတ်ဝင်စားပြီး ပြည်တွင်း/ပြည်ပရှိ နိုင်ငံတကာအဆင့်မီဟိုတယ်များတွင် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းဖြင့် အလုပ်လုပ်ကိုင်ရန် ရည်ရွယ်သူများအတွက်။
အခြေခံဧည့်ခံကျွေးမွေးရေးသင်တန်း
01 231 7479, 01 2317480
UMFCCI ထပ်တန်းဖွင့်တွင် စာရင်းပေးသွင်းနိုင်ပါပြီ
သင်တန်းကာလ (၂)လ (စာတွေ့/လက်တွေ့)
သင်တန်းချိန် စနေ/တနင်္ဂနွေ (၁) နာရီမှ (၄) နာရီထိ
သင်တန်းကြေး ၇၀၀၀၀ ကျပ်
ဧည့်ခံကျွေးမွေးရေးလုပ်ငန်းဖြင့်ပြည်တွင်း/ပြည်ပရှိ နိုင်ငံတကာအဆင့်မီဟိုတယ်များတွင် (၂၅) နှစ်ကျော် အတွေ့အကြုံရှိသူကိုယ်တိုင် သင်ကြားပေးမည်ဖြစ်ပါသည်။
အခြေခံဧည့်ခံကျွေးမွေးရေးပညာရပ်ကို အချိန်တိုအတွင်း စာတွေ့/လက်တွေ့ သင်ယူနိုင်ခြင်း...
စာတွေ့/လက်တွေ့များကို သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် သင်ကြားပြသပေးခြင်း...
သင်တန်းကာလနှင့် သင်တန်းပြီးဆုံးချိန်တွင် ပြည်တွင်းရှိ နိုင်ငံတကာအဆင့်မီ ဟိုတယ်များတွင် လက်တွေ့ဝင်ရောက်လုပ်ကိုင်နိုင်ရန် စီစဉ်ပေးမည်...
သင်တန်းပြီးဆုံးသည့်အခါ UMFCCI မှ သင်တန်းပြီးဆုံးကြောင်းလက်မှတ် ထုတ်ပေးမည်ဖြစ်ပြီး...


MAPCO
Myanmar Agribusiness Public Corporation Limited (MAPCO)
မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်
Yangon Office
No. 100, Corner of Wardan Street & Kan Nar Street, Beside the Concrete Express Way, Wardan Port Area, Seik Kan (Port) Township, Yangon, Myanmar.
Tel: (+95-1) 2301652~53, 2301824~6
Nay Pyi Taw Office
Plot No. 1699, Mealigon Village, Pyinmana Township, Nay Pyi Taw, Myanmar.
Tel: (+95-9) 261 988 820, 261 988 830, 261 988 840
Website : www.mapco.com.mm


SN
SN TRANSPORTATION SERVICES
No.11/15,45st Street,Lower Block, Botataung Township,Yangon.
Tel:01-383694,Hp:09 420 312218,09-732 37842


Nice Guy Customs Clearance Agency
U Kaung Trading Co.,Ltd.
MYANMAR CUSTOMS
MACCS DIVISION
MACCS(အလိုလျောက် ကုန်ပစ္စည်းများ ထုတ်ယူခြင်းစနစ်) ကြိုဆိုထောက်ခံသောအားဖြင့် အကောက်ခွန်ရုံးချုပ်တွင် ကုမ္ပဏီများ မှတ်ပုံတင်ခြင်းကိစ္စကို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
www.custom.gov.mm တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။
လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့် (MACCS) အညွှန်းကိုပေးပို့လိုပါသဖြင့်လူကြီးမင်း၏ e-mail လိပ်စာအား aungkaungzay2@g mail.com သို့ပေးပို့ရယူနိုင်ပါသည်။
Nice Guy Clearance Service Agency
10/12 (103 A,B)35Street, Kyauktada T/S, Yangon
Office :0978057547,, 0973146561, 0943111023


RISE
RISE Trade International Co.,Ltd.
IMPORTER & DISTRIBUTOR of Vegetable Seeds, Agrochemical & Fertilizer
ထိုင်းနိုင်ငံမှတိုက်ရိုက်တင်သွင်းဖြန့်ချိသည်။
ရွက်ဖျန်းမြေသြဇာအမှုန့်
WAP
30-5-5
12-0-43
15-30-15
မျိုးစေ့
ပိုးသတ်ဆေး
မှိုသတ်ဆေး
ရွက်ဖျန်းအားဆေး
ပေါင်းသတ်ဆေး
No.164, Thukha 54th Street,(8) Quarter, Hlaing Township, Yangon, Myanmar. Fax: 95-1-516128 ,E-mail : phounghsai@gmail.com,
Tel: 95-1-516128, 95-1-521076, 95-1-521245, 09-511 5201, 09-799994954, 09-972997898 www.risetradeinternational.com

## ပြောင်း

### တရုတ်နယ်စပ်ရှိ စခန်းစုံမှ ပြောင်းတန်ချိန် လေးသောင်းကျော်တင်ပို့

မေ ၁ ရက်မှ ၂၀ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ပြောင်းဖူးစေ့ ၂၃၀၆၁ တန်ခွဲ၊လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၅၄၆၇ တန်ကျော်၊ချင်းရွှေဟော်မှ ၁၂၄၁၀ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၅၇၅ တန်ကျော်တင်ပို့ခဲ့ရာ စုစုပေါင်း ပြောင်းဖူးစေ့ ၄၁၅၁၃ တန်ခွဲကျော်တန်ဖိုး ကန်ဒေါ်လာ ၁၀ ဒသမ ၈၃၉ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ တရုတ်ဘက်ကလည်း အရည်အသွေးပေါ်မူတည်ပြီး ဝယ်လိုအားရှိလာကြောင်း၊အရောင်းအဝယ်အနေဖြင့် တစ်ဘက်နိုင်ငံဈေး ၁၀၀၀ ကီလိုဂရမ်လျှင် ၁၇၂၀ ယွမ်ဈေးရှိကြောင်းသိရပါတယ်။ မေ ဒုတိယပတ်ကမူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ၂၉၇၃၁၄ ကျပ်ရှိခဲ့ရာမှ မေတတိယပတ်တွင် ၂၉၈၀၀၃ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်သွားတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ **မြင့်မြင့်မာ**

### လှိုင်ကော်မြို့တွင် အစေ့ထုတ်ပြောင်း ဈေးအနည်းငယ်ကျ

ယခုရက်သတ္တပတ်အတွင်း လှိုင်ကော်မြို့မှာ ပြောင်းဈေးအနည်းငယ်ကျသွားပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေးတစ်ပိဿာလျှင် ကျပ် ၅၀၀ ရှိခဲ့သော်လည်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ၄၁၅ ကျပ်သို့ အနည်းငယ်ကျဆင်းသွားပါတယ်။ ယခင်တစ်ပတ်က ပြောင်းတင်ပို့မှုမှာ ၇၀၀ အိတ်ခန့်ရှိခဲ့ပြီး ယခုတစ်ပတ် ပြောင်းတင်ပို့မှုမှာ အိတ် ၁၀၀၀ ခန့် တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့မြို့များမှာ ရန်ကုန်နှင့်မန္တလေးသို့ အများဆုံးတင်ပို့ကြပါတယ်။ ပြည်နယ်အတွင်း ပြောင်းလက်ကျန်မှာ တန် ၆၀ ခန့်ရှိတယ်လို့ သိရှိရပါတယ်။ ယခုကဲ့သို့ ပြောင်းဈေး အနည်းငယ်ကျရခြင်းမှာ မူဆယ်ဘက်မှ ပြောင်းအဆွဲနည်းခြင်းကြောင့် ဖြစ်ကြောင်း ပြည်နယ်အတွင်းရှိ ကုန်သည်များရဲ့ ပြောကြားချက်အရ သိရပါတယ်။ **ဗညားထက်(လှိုင်ကော်)**

## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားဖြူတန် တစ်သိန်းကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၁ ရက်မှ ၂၀ ရက်အထိကာလအတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၇၄ ဒသမ ၅၃၅ သန်းတန်ဖိုးရှိ သကြားဖြူ ၁၃၂၆၄၄ တန်ကျော်တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ရာသီဥတုကြောင့် ကြံစိုက်ပျိုးမှုလျော့နည်းပြီး သကြားထုတ်လုပ်မှုကျဆင်းကာ သကြားလိုအပ်ချက်များသဖြင့် မြန်မာနိုင်ငံမှ နေ့စဉ် ပမာဏများစွာ တင်ပို့နေရကြောင်း မူဆယ်ကုန်သည်များထံမှ သိရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ယခင်သီတင်းပတ်က လက်လီတစ်ပိဿာပေါက်ဈေး ၁၂၀၀-၁၂၅၀ ကျပ်ဈေးရှိရာမှ ယခုသီတင်းပတ်တွင် ၁၃၀၀ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်သွားတယ်လို့ သိရှိရပါတယ်။ **မြင့်မြင့်မာ**

| ၂၃-၅-၂၀၁၆ မှ ၂၇-၅-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 246 | 15309159.36 |
| 2 | Form D | 92 | 8627467.404 |
| 3 | Form E | 90 | 1580301.48 |
| 4 | Korea GSP | 1 | 17730.40 |
| 5 | Form AK | 31 | 2412804.656 |
| 6 | Form AJ | 9 | 494323.10 |
| 7 | Form AI | 66 | 2629818.819 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **535** | **31071605.219** |

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ဆောက်လုပ်ရေးကဏ္ဍသည် အရေးကြီးသည်ဟု ဦးဇော်အေးမောင် ဆို




နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောက်လုပ်ရေးကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေကြောင်း မေ ၂၆ရက်ကပြုလုပ်သည့် BuildTech Yangon 2016 ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီး ဦးဇော်အေးမောင်က ပြောကြားခဲ့သည်။

"နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောက်လုပ်ရေးကဏ္ဍဟာ အရေးကြီးပါတယ်။ ဒါ့အပြင် Infra-structure တွေလည်း လိုပါတယ်။ ဒါကြောင့် ဆောက်လုပ်ရေးကဏ္ဍဟာ အရေးကြီးပါတယ်။ ဆောက်လုပ်ရေးကဏ္ဍ တိုးတက်ဖို့အတွက် နည်းပညာအသစ်တွေလိုပါတယ်။ ဒီကနေ့ နိုင်ငံတကာမှာ နည်းပညာ သစ်တွေပေါ်ပေါက်နေပါပြီ။ ဒါကြောင့် ခေတ်နဲ့ရင်ပေါင်တန်းပြီး နည်းပညာသစ်တွေကို သိနေရမယ်။ ဒါကြောင့် ဒီလိုနည်းပညာပြပွဲတွေကို လာရောက်ပြသတဲ့အတွက် အရမ်းကို ဝမ်းသာပါတယ်။ တိုးတက်တဲ့နိုင်ငံတစ်နိုင်ငံမှာ ဆောက်လုပ်ရေး အင်ဂျင်နီယာတွေ မရှိရင် နိုင်ငံမတိုးတက်ပါဘူး။ ဒါကြောင့် အင်ဂျင်နီယာတွေ အများကြီးလိုပါတယ်။ နံပါတ်နှစ် ပြုပြင်ရေးသမားတွေ လိုပါတယ်။

နံပါတ်သုံး Admin သမားတွေ အများကြီးလိုပါတယ်။ ဒီသုံးမျိုး သုံးဖလှယ်မရှိတဲ့နိုင်ငံက မတိုးတက်ပါဘူး။ ဒါကြောင့် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းနဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဆိုတာ ပေါ်လာပါတယ်။ အဲဒီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကနေ မှတ်ပုံတင်အင်ဂျင်နီယာတွေကိုမွေးထုတ်ပေးနေပါတယ်။မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို သွားနေပါတယ်။ အဲဒီလိုသွားတဲ့အခါမှာ တိုင်းနဲ့ပြည်နယ်အနှံ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးပါတယ်။ ဒီလိုမျိုး တိုးတက်ဖို့အတွက် ဆောက်လုပ်ရေး လုပ်ငန်းရှင်များရယ်၊ အင်ဂျင်နီယာများရယ်၊ အစိုးရရယ် ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်"ဟု ဦးဇော်အေးမောင်က ပြောကြားခဲ့သည်။

BuildTech 2016 ပြပွဲကိုရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် မေ ၂၆ ရက်မှ ၂၈ ရက်အထိကျင်းပခဲ့ရာ သြစတြီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူနှင့်မြန်မာနိုင်ငံတို့မှ ကုမ္ပဏီများက ပြခန်းပေါင်း ၆၀ ခန့်ဖြင့်ပြသခဲ့ကြကြောင်း သိရသည်။

အဆိုပါပြပွဲတွင် လုပ်ငန်းခွင်သုံး ဆောက်လုပ်ရေး ယန္တရားနှင့် ကိရိယာများ၊ အဆောက်အအုံ ပစ္စည်းများ ဗိသုကာဆိုင်ရာဖြေရှင်းချက်များ၊ အိမ်တွင်းသက်မွေးမှုလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ပြခန်းအသီးသီးတွင် ပြသခဲ့ကြရာ နည်းပညာတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ၊ အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## ရော်ဘာ

### မှိုင်းခံရော်ဘာတင်ပို့မှု လျော့ကျသော်လည်း ရော်ဘာစိမ်းပိုမိုတင်ပို့

မေ ၁၄ ရက်မှ ၂၀ ရက်အထိကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁ ဒသမ ၄၁၇ သန်းတန်ဖိုးရှိ ရော်ဘာ ၁၃၀၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 ၃၀၁ တန်ကျော်၊ MSR-20 ၄၂၆ တန်၊ ချင်းရွှေဟော်စခန်းမှ MSR-20 ၁၀၅ တန်၊ RSS-3 ၄၇၁ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ၁၀၉ တန်ခန့် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၇ သန်းတန်ဖိုးရှိ ရော်ဘာစိမ်း တန် ၅၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၂၀၀ သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန် ၃၀၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မေ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်အတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၄၂၆ သန်း တန်ဖိုးရှိ ရော်ဘာ ၄၀၇ တန်တင်ပို့ခဲ့ပါတယ်။မလေးရှားနိုင်ငံသို့ RSS-3 တန် ၁၆၀နဲ့ စင်ကာပူနိုင်ငံသို့ MSR-20 TSR ၂၄၇ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၃၃၀ လျော့နည်းခဲ့ပါတယ်။ယခုတစ်ပတ်မှာလည်း နိုင်ငံတကာ ရော်ဘာဈေး ဆက်လက်ကျဆင်းလာပြီး တစ်တန်လျှင် ဒေါ်လာ ၄၀ ကျော်ဈေးကျလာပါတယ်။ ကမ္ဘာ့ရော်ဘာဈေးကျဆင်းတာနဲ့အတူ မြန်မာ့ရော်ဘာလည်း ဈေးကျလာပါတယ်။ ပြည်ပတင်ပို့မယ့်မြန်မာ့ရော်ဘာ FOB ဈေးကိုမြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းက အောက်ပါအတိုင်းဈေးနှုန်းထုတ်ပြန်ထားပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၀၀-၁၃၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၇၀-၁၂၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၀၀-၁၂၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၅၀-၁၁၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၀၀-၁၁၀၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၅၀-၁၄၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၀၀-၁၂၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၅၀-၁၁၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၅၀-၁၀၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၀၀-၁၀၀၀** |
| **Mixtures of Natural Rubber and Synthetic Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၇၀ -၁၂၅၀** |

ယဉ်ယဉ်အေး

# ပထမအကြိမ် မြန်မာ-တရုတ် (တိုင်ပေ) ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးကျင်းပ

ပထမအကြိမ် မြန်မာ-တရုတ် (တိုင်ပေ) ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ၌ မေလ ၂၅ ရက်တွင် ကျင်းပခဲ့ပါသည်။




အဆိုပါ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ်၊ ညွှန်ကြားရေးမှူးချုပ်အဆင့် ကုန်သွယ်ရေးဆွေးနွေးပွဲမှ နောက်ဆက်တွဲ အကြောင်းအရာများ အပေါ်ပြန်လည်သုံးသပ်ဆွေးနွေးရန်ဖြစ်ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးအောင်စိုး ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဦးဟန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူ ၂၇ ဦး၊ တရုတ်(တိုင်ပေ) စီးပွားရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဗျူရိုမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Shu-Mei Yang ဦးဆောင်သောအဖွဲ့ဝင် ၁၆ ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ ရေးထိုးရေးအတွက် ဆွေးနွေးခဲ့ကြပြီး တရုတ် (တိုင်ပေ) ရှိ International Economic Affairs မှ မြန်မာနိုင်ငံအတွက် အရာထမ်းနှစ်ဦးအား ပညာသင်ဆုပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

**သန်းသန်းနု**
STD (MYANTRADE)

# မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့ (၃/ ၂၀၁၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် မေ ၂၇ ရက်က မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၃/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာအောင်မြင့်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စိန်နှင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နဲ့ ကော်မတီနှစ်ရပ်တို့မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

ပထမဦးစွာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာအောင်မြင့်က မိမိတို့အဖွဲ့အနေဖြင့် ပြည်သူလူထုကို တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များက ရှေ့ဆက်လက်အောင်မြင်အောင် မည်ကဲ့သို့ပြုလုပ်သင့်သည်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။



ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်စိန်က အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ လက်ရှိတာဝန် ထမ်းဆောင်နေသူများထံ ပြောင်းလဲတာဝန်ပေးအပ်ခဲ့ပုံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပုံ၊ ဌာနရဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နဲ့ လုပ်ငန်းကော်မတီနှစ်ရပ်တို့ရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆောင်ရွက်ခဲ့မှုများ၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်၊ ရက်(၁၀၀) အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်၊ ပထမသုံးလပတ်၊ ဒုတိယခြောက်လပတ်နှင့် အနှစ်ချုပ်လုပ်ငန်းစီမံချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။

ထို့နောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ ဦးကျော်ဦးက စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီအောက်တွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနဲ့ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းထားကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းတာဝန်များကို ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာအောင်မြင့်က ကျောင်းကျန်းမာရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် သီးနှံဓာတ်ကြွင်းများကို စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းများကို ရန်ကုန်တစ်ခုတည်းမဟုတ်ဘဲ မန္တလေးတွင် One Stop Service အဖြစ် ဆောင်ရွက်နိုင်အောင် ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သော ဥပဒေများကို စနစ် တကျထိန်းကျောင်းဆောင်ရွက်ခြင်းသည်လည်း စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း၊ Online ဈေးကွက်များ၊ Multi Level Marketing တွေနဲ့ပတ်သက်လို့ တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးတွေကို စတင်ကိုင်တွယ်ဆောင်ရွက်ရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း စသည်ဖြင့် အခြားဆက်စပ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရိုး(မန္တလေး)**

# ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန စားသုံးသူအကာအကွယ်ပေးရေးကော်မတီသုံးရပ်၏ (၁/ ၂၀၁၆)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူအကာအကွယ်ပေးရေးကော်မတီသုံးရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက်က ကျင်းပခဲ့ရာ အစည်းအဝေးသို့ ကော်မတီသုံးရပ်မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသိရပါတယ်။

၎င်းအစည်းအဝေးတွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်က စားသုံးသူရေးရာဦးစီးဌာနရဲ့ ကရင်ပြည်နယ် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများဖြစ်သောစားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၊ ကရင်ပြည်နယ် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ၊ ကရင်ပြည်နယ် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့တွင် ပါဝင်ကြသောအဖွဲ့ဝင်များအားလုံးစည်းစည်းလုံးလုံးပါဝင်ဆောင်ရွက်ကြရန်၊ အစိုးရအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များအသီးသီးတို့ကလည်းပူးပေါင်း ဆောင်ရွက်ကြမည်ဆိုလျှင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအောင်မြင်မှာဖြစ်ပါကြောင်း၊ မြို့နယ်၊ ခရိုင်အဆင့်အထိဆောင်ရွက်နိုင်လျှင် ပိုမိုထိရောက်မည်ဖြစ်ပါကြောင်းပြောကြားပါသည်။

ဆက်လက်ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး၊ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူးဦးတင့်ဆန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များအကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်သုံး လပတ်၊ ခြောက်လပတ်နဲ့ တစ်နှစ်လုံးလျာထားချက်တို့အားရှင်းလင်းပြီးနောက်၊ မေတို့တွင် ဆောင်ရွက်ပြီးစီးခဲ့မှုအခြေအနေများရှင်းလင်းခြင်း၊ နောက်လများတွင် ဆက်လက်ဆောင်ရွက်မည့်စီမံချက်တို့အား ရှင်းလင်းဆွေးနွေးပါသည်။

ကရင်ပြည်နယ်အတွင်း ပထမဦးစားပေးအနေဖြင့် အသိပညာပေးဟော ပြောပွဲများပြုလုပ်ရန်၊ ဒုတိယအနေဖြင့် အကာအကွယ်ပေးဆောင်ရွက်ရန် ၊ ကျောင်း၊ ဈေး၊ ရပ်ကွက် ကျေးရွာတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟော ပြောပွဲများပုံမှန် ဆောင်ရွက်ကြရန်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ရောက်လာသောအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည်(ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

# iMyanmar House ၏ အိမ်ရာအရောင်းပြပွဲ ကျင်းပမည်

iMyanmar House မှ ကြီးမှူးကျင်းပမည့် တတိယအကြိမ်မြောက် မြန်မာနိုင်ငံ၏ အထူးအိမ်ရာအရောင်းပြပွဲကြီးကို ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း iMyanmar House ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြပွဲတွင် ကျပ်သိန်း ၃၀၀ မှစတင်သည့် တိုက်ခန်းများ၊ ကျပ်သိန်း ၆၀၀ မှ စတင်သည့် ကွန်ဒိုတိုက်ခန်းများကို တစ်နှစ်မှ ရှစ်နှစ်အထိ အရစ်ကျငွေပေးချေကာ ဝယ်ယူနိုင်မည့် အခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြပွဲသို့ လာရောက်သည့် ပရိသတ်များအား မာဇဒါကားသစ်တစ်စီး၊ ဆိုနီတီဗီ၊ အိုင်ဖုန်း၊ အိုင်ပက်၊ ဆမ်ဆောင်းအမှတ်တံဆိပ်ဖုန်းနှင့်တက်ဘလက်များစွာတို့ကို ကံစမ်းမဲများ ဖောက်ပေးမည့်အစီအစဉ်များ ထည့်သွင်းထားကြောင်း သိရသည်။

ယင်းပြပွဲတွင် အိမ်ခြံမြေနှင့်ပတ်သက်သည့် ဟောပြောပွဲကိုလည်း ထည့်သွင်းထားရာ ဦးကိုကိုထွေး(တော်ဝင်စင်တာ)၊ ဦးတင်မောင် (မန္တလေးတိုင်းအိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း)၊ ဦးအေးမင်း(အောင်သမာဓိအကျိုးဆောင်)၊ ဦးကျော်ကျော်လှိုင်(Smart Group Co.,)၊ ဦးမျိုးမြင့် (MKT Construction)၊ဦးလွင်အောင်ဦး (RGD Construction)၊ ဦးစိုင်းခွန်နောင်(စိုင်းခွန်နောင်အိမ်ခြံမြေ)စသည့် ပညာရှင်များက အိမ်ခြံမြေနှင့်ပတ်သက်သည့်သိကောင်းစရာများ၊ ဆောင်ရန်၊ရှောင်ရန်များကို ဟောပြောကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

➲ စာမျက်နှာ ၁၈- အင်တာနက်ရရှိသည့် နေရာတိုင်း · · · မှ အဆက်

သားများဘဏ်နဲ့ ချိတ်ဆက်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လာမယ့်ကာလတွေမှာတော့ အခြားဘဏ်တွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး - လက်ရှိလိုင်စင်စနစ်ကို ဝန်ဆောင်မှုပေးနေတဲ့ အေးဂျင့်တွေ ဘက်ကရော ဘယ်လိုတုံ့ပြန်မှုတွေ ရလာနိုင်ပါသလဲ။**

ဖြေ - လက်ရှိမှာတော့ ထုတ်ပေးသွားမှာက စမ်းသပ်ကုန်စည်အမယ်တွေနဲ့သာဆောင်ရွက် သွားမှာဖြစ်လို့ လိုင်စင်နဲ့ပတ်သက်ပြီး ဝန်ဆောင်မှုပေးတဲ့ အေးဂျင့်တွေရဲ့ တုံ့ပြန်မှုကိုတော့ စောင့်ကြည့်နားထောင်သွားရမှာပါပဲ။

**မေး - အဲဒီလိုင်စင်စနစ်အတွက် ဝန်ထမ်းတွေကို လေ့ကျင့်မှုပြု လုပ်ထားပြီးပါပြီလား။**

ဖြေ - Fully Online Licensing System နဲ့ပတ်သက်ပြီး ဌာနက ဝန်ထမ်းတွေကို သင်တန်းနှစ်ကြိမ်ပေးပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း လိုအပ်သလို သင်တန်းတွေ ဆက်လက်ပို့ချ ပေးသွားဖို့ရှိပါတယ်။

**မေ - လက်ရှိအွန်လိုင်းစနစ်နဲ့ဆောင်ရွက်မှုအခြေအနေကိုလည်း ပြောပြပေးပါဦး။**

ဖြေ - လက်ရှိလိုင်စင်စနစ်ကတော့ Myanmar Tradenet Website အသုံးပြုပြီး လိုင်စင်လျှောက်ထားမှုအပြင် နည်းလမ်းသုံးမျိုးနဲ့ လျှောက်ထားနိုင်ပြီး ငွေပေးသွင်းခြင်း၊ လိုင်စင်ထုတ်ယူခြင်းတို့ကိုတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာပဲ လာရောက်ဆောင်ရွက်ရတဲ့စနစ်ဖြစ်ပါတယ်။

**မေး - ဒီ Fully Online Licensing System စနစ်ကို ပြောင်းလဲတာဟာ လက်ရှိအစိုးရရဲ့ ရက် ၁၀၀ စီမံချက်ထဲမှာ ပါပါသလား။**

ဖြေ - ဒီ Fully Online Licensing System စနစ်ကို စတင် ခဲ့တာကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်ပိုင်းမှာ စတင်ခဲ့တာဖြစ်ပြီး အစိုးရရဲ့ ရက် ၁၀၀ စီမံချက်ထဲမှာတော့ ဒီစနစ်စတင်နိုင်ခဲ့ပါတယ်။

အဆိုပါ Fully Online Licensing System တစ်ခုလုံးနဲ့ ပတ်သက် ပြီး အသေးစိတ်သိရှိလိုတယ်ဆိုရင်တော့ နေပြည်တော် ကုန်သွယ်ရေးဦးစီးဌာန၊ နည်းပညာဌာနခွဲ (၀၆၇ ၄၀၈၄၈၅)နှင့် ရန်ကုန် ကုန်သွယ်ရေးဦးစီးဌာန နည်းပညာဌာနခွဲ (၀၁-၂၄၁၀၂၅)တို့ ကိုလည်းကောင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်နှင့်ပတ်သက်ပြီးသိရှိလိုပါ က ပို့ကုန်သွင်းကုန်ဌာနခွဲ နေပြည်တော် (၀၆၇ ၄၀၈၁၇၀)နှင့်ရန်ကုန် (၀၁၃၇၂၇၁၈) သို့လည်းကောင်း၊ e-Payment System နဲ့ပတ်သက်၍ သိရှိလိုပါက ကုန်သွယ်ရေးဦးစီးဌာန ငွေစာရင်းဌာနခွဲ နေပြည်တော်(၀၆၇ ၄၀၈၄၉၇ နဲ့ ၀၆၇ ၄၀၈၄၉၁)၊ ရန်ကုန်(၀၁ ၂၅၂၀၁၈)၊ မြန်မာနိုင်ငံသားများဘဏ် နေပြည်တော် (၀၆၇ ၄၂၁၉၈၅၊ ၀၆၇ ၄၂၁၉၈၆)၊ ရန်ကုန် (၀၁ ၃၇၇၄၆၁)သို့လည်းကောင်း၊ e-Token နဲ့ပတ်သက်ပြီးသိရှိလိုပါက ရန်ကုန် (၀၁ ၃၈၄၈၉၁၊ ၀၁ ၂၄၁၀၂၅) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြပါတယ်။

# မန္တလေးတိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်မှု နှုန်းထားများနှင့် ကုန်စည်စီးဆင်းမှု အခြေအနေ

မန္တလေးမြို့မှ မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်သို့ ကုန်စည်များပို့ဆောင်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် မေလ စတုတ္ထပတ်မှာ ကုန်စည်ပို့ဆောင်ခနှုန်းထားများ အနည်းငယ်မြင့်တက်လျက်ရှိကြောင်း ယခင်တစ်ပတ် ကုန်စည်ပို့ဆောင်ခနှုန်းထားနှင့်နှိုင်းယှဉ်ပါက အောက်ပါအတိုင်း တွေ့ရပါတယ်။ **တစ်ပိသာ-ကျပ်**

| စဉ် | ခရီးစဉ် | | မေလတတိယတစ်ပတ် | | မေလ စတုတ္ထတစ်ပတ် | |
|---|---|---|---|---|---|---|
| | မှ | သို့ | ကုန်ကျစ် | ကုန်ပွ | ကုန်ကျစ် | ကုန်ပွ |
| ၁ | မန္တလေး | မူဆယ် | ၈၁ | ၈၂ | ၈၅ | |
| ၂ | ။ | လားရှိုး | ၄၅ | ၆၀ | ၄၅ | ၆၀ |
| ၃ | ။ | ကျောက်မဲ၊ သီပေါ | ၄၀ | ၅၀ | ၄၀ | ၅၀ |
| ၄ | ။ | တောင်ကြီး | ၄၀ | ၆၀ | ၄၀ | ၆၀ |
| ၅ | ။ | မော်လမြိုင် | ၃၅ | ၄၀ | ၃၅ | ၄၀ |
| ၆ | ။ | ရန်ကုန် | ၂၄ | ၃၅ | ၃၅ | ၄၀ |
| ၇ | ။ | ပခုက္ကူ | ၂၅ | ၃၀ | ၂၅ | ၃၀ |
| ၈ | ။ | စစ်တွေ | ၁၂၀ | ၁၇၀ | ၁၂၀ | ၁၇၀ |
| ၉ | ။ | ပြည် | ၃၀ | ၅၀ | ၃၀ | ၅၀ |
| ၁၀ | ။ | တောင်ငူ | ၃၀ | ၃၅ | ၃၀ | ၃၅ |
| ၁၁ | ။ | အောင်ပန်း | ၂၀ | ၆၀ | ၂၀ | ၆၀ |
| ၁၂ | ။ | မြစ်ကြီးနား | ၁၀၀ | ၁၅၀ | ၁၀၀ | ၁၅၀ |
| ၁၃ | ။ | တမူး | ၈၅ | ၁၀၀ | ၈၅ | ၁၀၀ |

မန္တလေးမှအဓိက ကုန်စည်များ ပို့ဆောင်မှုအနက် မူဆယ်သို့တင်ပို့မှုတွင် တစ်တန် ကျပ် ၂၅၀၀ ခန့်၊ ရန်ကုန်သို့ တင်ပို့မှုတွင် တစ်တန် ကျပ်၆၇၀၀ကျော် ဈေးမြင့်တက်သွားကြောင်း၊ အခြားဒေသများမှ မန္တလေးသို့ တစ်လလျှင် ပျမ်းမျှ ကားအစီးရေ ၈၀၀၀ ကျော်မှ ကုန်ချိန်တန် ၁၁၀၅၀၀ ကျော်၊ မန္တလေးမြို့မှ အခြားမြို့ကြီးများသို့ ပျမ်းမျှကားအစီးရေ ၇၆၀၀ ခန့် ကုန်ချိန်တန် ၁၀၂၄၀၀ ကျော် အဝင်အထွက်ရှိတာကြောင့် တစ်လပျမ်းမျှ ကားအစီးရေ ၁၅၆၀၀ ခန့်မှ ကုန်စည်တန်ချိန် စုစုပေါင်း ၂၁၂၉၀၀ တန်ကျော် ကုန်စည်စီးဆင်းမှုရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းထံမှ သိရပါတယ်။ **စိုးအောင်-မန္တလေး**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗင်းဂတ် (၂၀၀၇) | ယာယီ | ၄၃၀ သိန်း | 2.4 ဓာတ်ဆီ |
| ၂။ | နီဆန်း/ဂျူတီ (၂၀၁၁) | ယာယီ | ၃၀၀ သိန်း | 1.5 ဓာတ်ဆီ |
| ၃။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၀၂ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | ပရိုဘောက်/ဆက်စီ (၂၀၀၀) | ယာယီ | ၁၂၅ သိန်း | 1.5 ဓာတ်ဆီ |
| ၆။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၁၀ သိန်း | 1.8 ဓာတ်ဆီ |
| ၇။ | ပါဂျဲရိုး (97) | 9C | ၁၆၅ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | အပ်ကား | (နှစ် ၂၀) | ၈၁ သိန်း | |

# ရန်ကုန်ကားဈေးကွက် ကားလေး၊ ကားလတ်ဈေးတန်းတဖြည်းဖြည်း တက်လာ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း မေလကုန်ခါနီးအခြေအနေမှာ နွေရာသီအပူပြင်းဆုံး ကာလများထဲတွင် မိုးရွာလိုက်သည့်အတွက် မိုးရွာခါစ ဈေးကွက်အတွင်း ကားကြည့်သူများ အနည်းငယ်ကျဲသွားသော်လည်း နောက်ပိုင်းမိုးများသော်လည်း ပြတ်တောင်းပြတ်တောင်းရွာသည့်အချိန်များတွင် ကားရောင်းဝယ်ရေးစခန်းများနှင့် ကားအရောင်းစင်တာများတွင်ပါ ကားကြည့်သူများပြားလာပြီး အဝယ်လည်းပိုမိုရှိလာကြောင်း သိရသည်။

ခါတိုင်းအချိန်များဆိုလျှင် မိုးဦးကျရာသီနှင့် ကျောင်းများဖွင့်ခါစရာသီများတွင် ကားဈေးတက်လေ့ရှိသော်လည်း ယခုလတွင် ကားဈေးတက်၊ ကားဈေး မာလာသည်မှာ မူဝါဒအပြောင်းအလဲများနှင့် မူဝါဒသစ်ထပ်မံမပြဌာန်းမီကြား အချိန်မီသလို လုပ်ရသည့်အတွက် ကားဈေးများ ယခုကဲ့သို့ မြန်မြန်မြင့်တက်လာရခြင်းဖြစ်ကြောင်း ဝါရင့်အကျိုးဆောင်ကိုမြင့်ကျော်က ပြောသည်။

သကြၤန်အပြီး နောက်ပိုင်းမှစ၍ ရန်ကုန် ကားဈေးကွက်အတွင်းရှိ အသစ်သွင်းဖရီးပါမစ်ကားလေးများမှာ ကားပါကင်ထောက်ခံချက် ချပေး/မပေး အဖြူ/အမည်း မသဲကွဲသဖြင့် အစပိုင်းတွင်လူအများမှာ စောင့်ကြည့်နေကြသော်လည်း ကာလရှည်လာသောအခါ မစောင့်တော့ဘဲ နယ်လိုင်စင်များဖြင့်သာလုပ်လာကြပြီး ရန်ကုန်မြို့တွင်းရှိ ဖရီးပါမစ်ကားသစ်များနှင့် လတ်တလော အရောင်းအဝယ်လုပ်သည့် ကားလေးများဖြစ်သည့် ဟွန်ဒါဖစ်၊ ပရိုဘောက်၊ တိုယိုတာဗစ်၊ ဒီမီယိုစသည့်ကားများမှာ နယ်လိုင်စင်များဖြင့် တွေ့လာရသလို ယာဉ်ဟောင်းအပ်နှံစလစ်ဈေးတန်းလည်း မြင့်တက်လာပြီး နှစ် ၂၀ အပ်ကားရှားသွားကာ သိန်း ၈၀ စွန်းစွန်းဖြစ်လာကြောင်း သိရသည်။

စလစ်ဈေးမြင့်တက်လာရုံသာမက ထပ်လာမည့်အခွန်ကိစ္စများရှိနေသေးသည်ဟု ကြားသိရသဖြင့် အင်ဂျင်ပါဝါကြီး အကွာရာနိမ့် ကားများပါ ဈေးမြင့်တက်လာပြီး ဈေးကွက်ထဲတွင် အာလ်ဖတ်၊ ဆပ်ဖ်၊ ပါဂျဲရိုး၊ ကလူဂျာ၊ ဝှစ်ရှ်ကားများ ပြန်လည်ပြီး မြို့အဝယ်၊ နယ်အဝယ် လိုက်လာကြောင်း သိရသည်။ **NS**

# ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သော ကုမ္ပဏီမှ ၂၀၁၆-၂၀၁၇ မိုးစပါး ရာသီတောင်သူများကို မျိုးစပါး၊ သွင်းအားစု စိုက်ပျိုးစရိတ်များပံ့ပိုး

ဧရာပုသိမ် ဖွံ့ဖြိုးမှုအများနှင့် သက်ဆိုင်သောကုမ္ပဏီသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်သာမက ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်ရာတွင်အခက်အခဲမရှိဆောင်ရွက်နိုင်ရန်ယခုနှစ်မိုးစပါးရာသီချိန်တွင် တောင်သူများကို မျိုးစပါး၊သွင်းအားစု၊ လယ်ယာသုံးစက်ကိရိယာနှင့် စိုက်ပျိုးစရိတ်ချေးငွေများ စတင်ပံ့ပိုး ပေးလျက်ရှိကြောင်း ဧရာပုသိမ်ကုမ္ပဏီ မှ သိရပါတယ်။

ဧရာပုသိမ် ဖွံ့ဖြိုးမှုအများနှင့် သက် ဆိုင်သောကုမ္ပဏီကို ၂၀၀၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၎င်းမိုးစပါးရာသီမှာ ကျပ်သိန်းပေါင်း ၁၇၀၀ ကျော်သာ ပံ့ပိုးပေးနိုင်သော်လည်း နောက်ပိုင်းနှစ်များတွင် ချေးငွေများ ပိုမိုပံ့ပိုးပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ မိုးစပါးရာသီချိန်တွင် မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၉၅ အုပ်စု၊ တောင်သူဦးရေ ၃၃၇၀ ဦး၊ စိုက်ဧက ၂၃၉၉၆ ဧကအတွက် ကျပ်ငွေသိန်းပေါင်း ၂၃၅၇၀ သိန်းအထိ ပိုမိုပံ့ပိုးပေးနိုင်ခဲ့ပါ တယ်။

ယခုနှစ် ၂၀၁၆-၂၀၁၇ မိုးစပါး ရာသီအစပိုင်းမှာ ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်များရှိကျေးရွာအုပ်စု ၂၀ အုပ်စု တောင်သူဦးရေ ၁၅၀ ကျော်၊ စိုက်ဧက ၇၀၀ အတွက် ကျပ်သိန်း ပေါင်း ၁၅၀၀ ကျော် စတင်ပံ့ပိုးပေးပြီးပါကြောင်း ကုမ္ပဏီမှဝယ်ရောင်း တာဝန်ခံ ကိုကျော်မင်းဦးက ပြောပါတယ်။

ဒေသခံတောင်သူများနဲ့ ပူးပေါင်းလျက်နှစ်စဉ်မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အကျိုးတူစိုက်ပျိုးခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့်လည်း စိုက်ပျိုးလျက်ရှိရာ မျိုးသန့်စပါးများကို နှစ်စဉ်ထုတ်လုပ်၍ တိုင်းအတွင်းဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ ယခုနှစ်မိုးစပါးရာသီမှာလည်း ဧရာဝတီပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်း၊ ဆင်းသွယ်လတ်၊ ဆင်းသုခ၊ သီးထပ်ရင်မျိုးသန့် ထုတ်ဇုန် စိုက်ဧက ၁၁၁ ဒသမ ၅၀ ဧကကို စိုက်ပျိုးရန်တောင်သူ ၁၂ ဦးနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မျိုးသန့်စိုက်တောင်သူများကို ကုမ္ပဏီမှ မျိုးစပါး၊ သွင်းအားစုစိုက်ပျိုးစရိတ်များ ပံ့ပိုးပေးပြီး ထွက်ရှိလာသော မျိုးသန့်စပါးကို ဒေသပေါက်ဈေးထက် ကျပ်တစ်သိန်းဈေးပိုပေး၍ ဝယ်ယူမှာဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားပါတယ်။ **မင်းမင်းဦး (ပုသိမ်)**

# KOIMA မှ BUSINESS MATCHING ကျင်းပမည်

Korea Importers Association (KOIMA) မှ Business Matching ပွဲကို ၂၀၁၆ ခုနှစ် ဇွန်လ ၇ ရက်နေ့ နံနက် ၉း၃၀ မှ ၁၇း၀၀ နာရီအထိ Sule Shangri-La Hotel, Myanmar Ballroom , Yangon တွင် ကျင်းပမည်ဖြစ်ရာ ပြပွဲသို့ တက်ရောက်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာန၊ ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃၊ Email:itpic.moc@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကိုရီးယားလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံမှ အောက်ပါကုန်ပစ္စည်းများကို ဝယ်ယူလိုကြောင်း ဖော်ပြထားပါသည်-** Connector, Wire, Tester, Used crawler crane, Used crane, Used rough terrain crane, Used excavator, Used concrete pump, Beef Tallows, Veg oils, Bio oil residue, Wood Pellet, Food Can, Tea bag and Tea, M/C Tool, Drid red pepper or dried red pepper powder, Salted fresh shrimp, Hand towel, Lighting Product, Medicinal herbs, Shoes, Plants goods, Fruits, Sushi machine, Nori Maki Mahcine, Sushi Conveyor, Food Slice, Nori Maki Slice, Electronic Part & Material, Nutrition Food, Cosmetic Material, Materials for Cosmetics, Cupper, Screw, Shaft, Latch, Lock and knob, Machinery part, Rattan Baskets, Dried dark red kindey beans, Dried navy beans, Wood sawn (pendants), Hats, Coicis Semen Steamed, Animal Tallows, Vegetable oils and palm oils, Cashewnutshell liquid, Palm oil, vegetable oil residues, Wood Pellet, Cassave, Gage, Flowmeter, Regulator, Onions, Perilla, Bean sprouts တို့ဖြစ်ပါသည်။

**မြန်မာနိုင်ငံသို့လည်း ဖော်ပြပါကုန်ပစ္စည်းများကို တင်ပို့လိုကြောင်း ဖော်ပြထားပါသည်-** Used crawler crane, Used crane, Used rough terrain crane, Used excavator, Used concrete pump, Diesel Engine, heavy equipment, Marine parts, Generator, Industrial engines, Bunker C oil, Lubricant Oil, Tinplate, M/C Tool, Lighting Product, Whitening cream, Moisturizing Cream, Sushi machine, Nori Maki Machine, Sushi Conveyor, Food Slice,Nori Maki Slice, Electronic Component (Polyswitch), Electronics Component(FET), Machinery Part, Castor, Lock and Knob, Latch, Bearing, Poly Carboxylic Ether, Crystal Unit, Diesel Engine, heavy equipment, Marine parts, Generator, Industrial engines, Plywood Production Machines, Sawn Lumber Production & Woodworking Mahines, All Kinds of Oils Gasoline, Diesel ETC, Veneer Slicing Plant & Sand Paper, Hotmelt Glue, Farming Machines & Others တို့ဖြစ်ပါသည်။

MTC (YGN)




# Imperial အမှတ်တံဆိပ် ဝီစကီ၊ ရမ်၊ ဗော့ဒကာနဲ့ ဂျင်တို့ကို နိုင်ဂျီရီးယားနဲ့ စင်ကာပူနိုင်ငံသို့ တင်ပို့ပြီ

Imperial အမှတ်တံဆိပ် ဝီစကီ၊ ရမ်၊ ဗော့ဒကာနဲ့ ဂျင်တို့ဟာ အပြည်ပြည်ဆိုင်ရာ ဝီစကီပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့တဲ့အတွက် နိုင်ငံတကာဈေးကွက်သို့ ခြေလှမ်းစတင်လှမ်းနေပြီဖြစ်ပါတယ်။

ပြည်တွင်းထုတ် မြန်မာဝီစကီများ ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်ခဲ့တာ ၂၀၀၅ ခုနှစ် အစောပိုင်းကာလများကတည်းကဖြစ်ပြီး Grand Royal, Myanmar, Nandaw, Royal စသည့်အမှတ်တံဆိပ်များဖြင့် တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။

မြန်မာ့ထွက်ကုန်ပစ္စည်းများမှာ မိမိနိုင်ငံမှထွက်ရှိတဲ့ သဘာဝပစ္စည်းများဖြင့် ထုတ်လုပ်ထားပြီး အစားအသောက်နဲ့ ကျန်းမာရေးစစ်ဆေးချက် (FDA) ထောက်ခံချက်ရယူ၍ အရည်အသွေး မြင့်မားစွာထုတ်လုပ်ထားသော်လည်း ထုပ်ပိုးမှုပုံစံလိုအပ်ချက်များကြောင့် အရည်အသွေးကျဆင်းပြီး ပြည်ပဈေးကွက်ကို ရေရှည်မထိန်းသိမ်းနိုင်ဘဲ ဈေးကွက်ပျက်ခဲ့ရတဲ့အတွက် မြန်မာလုပ်ငန်းရှင်များအနေနဲ့ ပြည့်စုံတဲ့ ထုပ်ပိုးမှုပုံစံများကိုပြုပြင်ပြီး မိမိတို့ပြည်တွင်းထုတ်စားသောက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပြုလုပ်ပြီး ဈေးကွက်တိုးချဲ့ရှာဖွေ တင်ပို့ရမှာဖြစ်ပါတယ်။

ယခုလည်း ၂၀၁၄ အပြည်ပြည်ဆိုင်ရာ ဝီစကီပြိုင်ပွဲရဲ့ အရသာပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့တဲ့ Golden Spirit Co.,Ltd မှထုတ်လုပ်တဲ့ Imperial အမှတ်တံဆိပ် Whisky, Sailor Mature Rum , Magic Vodka နဲ့ Magic Gin တွေ ကိုနိုင်ဂျီးရီးယားနဲ့စင်ကာပူနိုင်ငံတို့ကို စတင်တင်ပို့နေပြီဖြစ်ပါတယ်။

**ပို့ကုန်ဌာနစု**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

### ၃၀-၅-၂၀၁၆ မှ ၅-၆-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အေးအေးဆေးဆေး မှန်မှန် ကန်ကန် သာဆင်ခြင်ပြောဆိုနေထိုင်သည့်သဘောရှိနေတတ်ပါသည်။ လူအားလုံးနှင့် အဆင်ပြေအောင် ဆက်ဆံနိုင်စွမ်းရှိတတ်ပါသည်။ စီးပွားရေးတွင် ကုန်သည်ပွဲစားလုပ်ငန်းများ၊ အကျိုးဆောင် လုပ်ငန်းများ၊ နိုင်ငံခြား ငွေကြေးလဲလှယ်ရေးလုပ်ငန်းများစသည့်တို့ အကျိုးပေးမည် ဖြစ်ပါသည်။ ပညာရေးတွင် ဆရာကောင်းများထံမှတပည့်ခံ၍ သင်ယူနေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အပူခဲ၍ပေါင်တွင်း၌ အကျိတ်အဖုအနာစိမ်းပေါက်ခြင်းတို့ကို သတိထားသင့်ပါသည်။ အချစ်ရေးတွင် ရိုးရိုးရှင်းရှင်းအေးအေးချမ်းချမ်းနေထိုင်တတ် သောသူနှင့် လက်တွဲဖော်ဖြစ်လိမ့်မည်။ အိမ်ထောင်ရေးသာယာပျော်ရွှင်လိမ့်မည်။ **ယတြာ။ ။အုန်းထမင်းလှူပါ။**

---



**တနင်္လာသားသမီးများအတွက်** ငွေရပေါက်ရလမ်းများရရှိလာတတ်သည်။ ကုန်စရာကလည်းအသင့်ဖြစ်နေတတ်သည်။ လုပ်ကိုင်ဆောင်ရွက်သောကိစ္စများအကျိုးဖြစ်ထွန်းသော်လည်း ပြန်ကုန်ခြင်းမဖြစ်အောင်သတိထားဆောင်ရွက်မှသင့်ကာကျမည်။ စားသောက်ကုန်လုပ်ငန်းများ၊ အထည်ချုပ်စက်ရုံလုပ်ငန်းစသည်တို့ အကျိုးပေးပါသည်။ပညာရေးတွင်သတိမေ့လျော့တတ်ခြင်း ရှိသောကြောင့် ဂရုစိုက်၍ ဖြေးဖြေးမှန်မှန်ကြိုးစားသင့်ပါသည်။ ကျန်းမာရေးတွင် ကြီးမားကျယ်ပြန့်သောရောဂါဝေဒနာများမဖြစ်ပေါ် တတ်သော်လည်း ခွဲစိတ်ကုသမှုခံရတတ်သောသဘောရှိလိမ့်မည်။ အချစ်ရေးတွင် သံသယအမြင်များနှင့် အပြစ်ဖို့ကာလမ်းခွဲသွားတတ်ပါသည်။ **ယတြာ။ ။ကြက်ဆီထမင်းလှူပါ။**

---



**အင်္ဂါသားသမီးများအတွက်** အတွေးအခေါ် အပေါင်းအသင်းကောင်းခြင်းကြောင့် စီးပွားရေးတွင် ထိပ်တန်းသို့ရောက်ရှိနိုင်ပါသည်။ ပတ်ဝန်းကျင်တွင်ပေါ် လွင်မှု၊ မှတ်မိလွယ်မှုဖြစ်တတ်သည်။ ရွှေဆိုင်၊ စတိုးဆိုင်လုပ်ငန်းအကျိုးပေးမည်။ ပညာရေးတွင်အောင်မြင်တတ်ပါသည်။ သို့သော် ဝီရိယအားနည်းမှုတော့ရှိတတ်သည်။ ကျန်းမာရေးတွင် ဂရုစိုက်မှုအားနည်းသောကြောင့် အဆုတ် အားနည်းခြင်း၊ အူကျခြင်းရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ကံကောင်းတတ်သော်လည်း ဇီဇာကြောင်တတ်မှုတို့ကြောင့် အခက်အခဲဖြစ်ရတတ်သည်။ **ယတြာ။ ။ဆီထမင်းလှူပါ။**

---




**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတွင်ထိုက်သင့်သောအောင်မြင်မှုများမှအကျိုးအမြတ်ရရှိတတ်ပါသည်။ ပုံနှိပ်ထုတ်ဝေခြင်း၊ စာပေလုပ်ငန်းများအကျိုးပေးကောင်းနေလိမ့်မည်။ ဝန်ထမ်းဖြစ်လျှင် နာမည်ကောင်းရခြင်း၊ သင်တန်းတက်ရခြင်းတို့ဖြစ်တတ်ပါသည်။ ပညာရေးတွင် မည်သည့်ပညာရေးမဆိုအောင်မြင်နိုင်သည့်ကံတရားရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် ခရီးဝေးသွားမိ၍ ပင်ပန်းနွမ်းနယ်ခြင်း၊ မလှုပ်ရှားလိုခြင်း၊ အသက်ရှူမ ကောင်းခြင်းဝေဒနာ ခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ရတာမလို၊ လိုတာမရဖြစ်တတ် သည်။ ဘာသာရေးတွင် လှူဒါန်းပူဇော်မှုပြုခြင်း၊ ဘာဝနာပွားခြင်းတို့ကိုပြုလုပ်ပါက ကံကောင်းစေမည်ဖြစ်ပါသည်။ **ယတြာ။ ။သီးစုံဒန်ပေါက်လှူပါ။**

---



**ကြာသပတေးသားသမီးများအတွက်** မလိမ်မညာမှုသားမဆိုဂတိတည်ကြည်တတ်သောကြောင့် မိမိအားခင်မင်၍အကူအညီပေးတတ်သူများနေလိမ့်မည်။ စီးပွားရေးတွင် လယ်ယာထွက်ကုန်ပစ္စည်းများအကျိုးပေးတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင်ရာထူးတက်ကိန်း၊ ပြောင်းရွှေ့ကိန်းကြုံတတ်သည်။ ပညာရေးတွင် ဇီဝဗေဒဆေးဝါးကျွမ်းကျင်ပညာ၊ ဘူမိဗေဒပညာစသည်တို့နှင့် အကျိုးပေးတတ်ပါသည်။ ကျန်းမာရေးတွင် ဇက်ကြောတက်ခြင်း၊ မျက်ရိုးကိုက်ခြင်း၊ မျက်စိမှုန်ဝါးဝါးဖြစ်ခြင်းတို့ ရှိနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်အသွင်တူမှုရှိနေလိမ့်မည်။ **ယတြာ။ ။ပဲထမင်းလှူပါ။**

---



**သောကြာသားသမီးများအတွက်** ပါးနပ်လိမ္မာမှုတို့ကြောင့် ပေါင်းသင်းဆက်ဆံရေးတွင်အဆင်ပြေတတ်သလိုစီးပွားရေးတွင်လည်း ထိုက်သင့်သောအောင်မြင်မှုနှင့် အကျိုးအမြတ်တို့ကို ရရှိတတ်ပါသည်။ ပညာရေး တွင် ကျောင်းပညာရေးနှင့် လုပ်ငန်းခွင်ပညာရေးအောင်မြင် နိုင်သည့်ကံတရားရှိနေ တတ်ပါသည်။ ကျန်းမာရေးတွင် ကိုယ်ရေးကိုယ်သားယားယံခြင်း၊ ထုံကျဉ်လေဖြန်းခြင်းစသော ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်ခင်ကြင်နာစွာဖြင့် သစ္စာတရားထားတတ်သော ချစ်သူနှင့်ပေါင်းဖက်လိုစိတ်များရှိနေတတ်ပါသည်။ **ယတြာ။ ။အုန်းနို့နှင့် သာကူပြင်လှူပါ။**

---



**စနေသားသမီးများအတွက်** အကြံကောင်းဉာဏ်ကောင်းများပေးတတ်သောစီးပွားရေးလုပ်ငန်းရှင်များနှင့် လုပ်ကိုင်ဆောင်ရွက်ချင်သောဆန္ဒသဘောထားရှိနေမည်။ ပညာရေးတွင် စိုက်ပျိုးမွေးမြူရေးပညာ၊ ဥပဒေပညာရပ်တို့နှင့် အကျိုးပေးပါသည်။ ကျန်းမာရေးတွင် ရင်ဘတ်အောင့်ခြင်း၊ ရင်ဘတ်နာခြင်းစသည်တို့ကို သတိထားသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ရွေးချယ်ရန်ခက်ခဲနေတတ်ပါသည်။

**ယတြာ။ ။ဒံပေါက်ထမင်းလှူပါ။**

# KBZ Gateway ကုမ္ပဏီလီမိတက်နှင့် Hughes တို့ပူးပေါင်း၍ VAST နည်းပညာမိတ်ဆက်ခြင်း အခမ်းအနား ကျင်းပ




KBZ Gateway ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံအား ကမ္ဘာ့အဆင့်မီ နည်းပညာအရည်အသွေးများ ဖော်ဆောင်နိုင်စေရန် အတွက် ဂြိုဟ်တုဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြုလုပ်ပေးသည့် အရည်အသွေးမြင့်မားသော Very Small Aperture Terminal (VSAT)အား မိတ်ဆက်ခြင်း အခမ်းအနားကို မေလ ၂၄ ရက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Stand တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ Very Small Aperture Terminal(VSAT)သည် KBZ အုပ်စုကုမ္ပဏီကြီးများမှ အဖွဲ့ဝင်ဖြစ်သော KBZ Gateway ကုမ္ပဏီလီမိတက်နှင့် အမေရိကန်နိုင်ငံအခြေစိုက် Hughes Network System LLC (Hughes)တို့ပူးပေါင်း၍ ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြုလုပ်ပေးသည့် စနစ်ဖြစ်ကြောင်း သိရသည်။

KBZ Gateway အမှုဆောင်အရာရှိချုပ် Mr. Stephane Lamoureux က "မျိုးဆက်သစ် VSAT နည်းပညာနဲ့ မြန်မာနိုင်ငံကို ခေတ်သစ်ဆက်သွယ်ရေးနိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ကူညီပေးရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကူညီထောက်ပံ့တဲ့သူ တစ်ဦးအနေနဲ့ အရင်ကအခြေအနေတစ်ခုထက်ပိုမိုတိုးတက်ကောင်းမွန်ပြီး မြန်ဆန်တဲ့ ချိတ်ဆက်မှုတစ်ခုကို ထောက်ပံ့လိုက်ခြင်းဖြင့် နိုင်ငံတစ်ဝန်းရှိ လုပ်ငန်းများတိုးတက်ရန်KBZ Gateway မှ ပံ့ပိုးပေးနိုင်ပါမယ်။ အခုလိုရည်ရွယ်ချက်တစ်ခု အကောင်အထည်ဖော်နိုင်အောင် ကျွန်တော်တို့ရဲ့ ပါတနာများနဲ့ ပူးပေါင်းဆောင်ရွက်ပြီး စီးပွားရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများ၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ သုံးစွဲသူများနဲ့ အခြားသော အဖွဲ့အစည်းများအတွက် ဝန်ဆောင်မှုများကောင်းမွန်ရန် ရည်ရွယ်ပြီး ကူညီထောက်ပံ့ပေးတာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

KBZ Gateway ကုမ္ပဏီလီမိတက်သည် နိုင်ငံတစ်ဝန်း၌ရှိသော စီးပွားရေးလုပ်ငန်းများနှင့် သုံးစွဲသူများအတွက် ဒေတာဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်လျက် မြန်မာနိုင်ငံတွင် VSAT ဝန်ဆောင်မှုကို ထောက်ပံ့ပေးနိုင်ရန် အတွက် KBZ Gateway ၏ ဂြိုဟ်တု ဆက်သွယ်ရေး မြေပြင်ထိန်းချုပ်စခန်းအား ပဲခူးတွင် တည်ဆောက်ထားကြောင်း သိရသည်။

KBZ Gateway ၏ဝန်ဆောင်မှုများသည် လုပ်ငန်းမိတ်ဖက်များနှင့် သုံးစွဲသူများအတွက် ယုံကြည်စိတ်ချရသော ချိတ်ဆက်မှုများနှင့် ဘဏ်လုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် လုံခြုံစိတ်ချရသော အဆင့်-၃ ဒေတာ ထောက်ပံ့ခြင်းများပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ လျင်မြန်ကောင်းမွန်သည့် ချိတ်ဆက်မှုများကြောင့် Voice-over-Internet-Protocol (VoIP) ခေါ်ဆိုခြင်းများ၊ ဗီဒီယိုဖြင့် ဆက်သွယ်ခြင်းများ၊အင်တာနက်ပေါ်တွင် ရှာဖွေလေ့လာခြင်းများ အပါအဝင် အခြားစိတ်လှုပ်ရှားဖွယ်ရာ အခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

**မယ်သီတာ**

---

# Work.com.mm ၏ အလုပ်အကိုင် အခွင့်အလမ်းများကို Viber တွင်လည်း ကြည့်ရှုနိုင်ပြီ

မြန်မာပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုဒ်တစ်ခုဖြစ်သော work.com.mm သည် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ မကြာသေးမီကပင် Social application တစ်ခုဖြစ်သော Viber နှင့်ပူးပေါင်း၍ လူထုစကားဝိုင်း (Public chat) တစ်ခု ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း Work.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအစီအစဉ်ကို မေ၁၀ ရက်က တရားဝင် စတင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပတ်အတွင်း Follower ငါးထောင်ခန့်ရှိခဲ့ကြောင်းလည်း သိရသည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလူမှုကွန်ရက်များ တစ်စထက်တစ်စ ပွင့်လန်းတိုးတက်လာသည့်အပေါ် မှီတည်ပြီး လူငယ်လူရွယ်များအနေဖြင့် ဆိုရှယ်မီဒီယာလည်းသုံးရင်း ဘဝအသက်မွေးဝမ်းကျောင်းနှင့်လုပ်ငန်းခွင်ဆိုင်ရာ ဗဟုသုတနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ရည်ရွယ်၍ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း Work.com.mm မှ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေး မန်နေဂျာ ဒေါ်ဇင်မာသက်မွန်က ပြောသည်။

လက်ရှိအချိန်တွင် Work.com.mm ၏ Viber ( Public chat ) မှတစ်ဆင့် တစ်နေ့လျှင် လုပ်ငန်းအမျိုးအစား နယ်ပယ်စုံမှ အလုပ်ခေါ်စာ ကြော်ငြာလေးကြိမ်နှင့် စိတ်ဓာတ်မြှင့်တင်ရေးနှင့် သုတရသစကားဝိုင်းများကိုပါ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းအလုပ်ရှာဝက်ဘ်ဆိုဒ်သည် အွန်လိုင်းမှတစ်ဆင့် CV တင်၍ အလုပ်လျှောက်ထားရသည့် အားလျော်စွာ အီးမေးလ်၊ အင်တာနက် အလှမ်းဝေးသည့်နယ်မြို့များမှ အလုပ်ရှာဖွေသူများလည်း Viberမှ တစ်ဆင့်CV ပို့ ပေးနိုင်ရန်အတွက် တယ်လီဖုန်းနံပါတ် ၀၉-၉၇၀၄၉၉၁၂၃ကို လွန်ခဲ့သောကိုးလခန့်မှစတင်၍ အကောင့်ဖွင့်လှစ်ပေးခဲ့ရာ နယ်မြို့များ မှ CV ပေးပို့လာမှု များလည်းရှိပြီး လက်ရှိတွင် CV အစောင်ခုနစ်ရာကျော်လက်ခံရရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို Viber ကို အားထား၍ အလုပ်ရှာဖွေမှုများလည်းရှိလာသည့်အတွက် လူထုစကားဝိုင်း(Public Chat) တစ်ခုကို ထပ်မံဖွင့်လှစ်၍ အလုပ်ခေါ်စာများပါ သိရှိနိုင်စေရန်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ အလုပ်ရှာဖွေသူများအနေဖြင့် Viber ၏ public chat တွင် work.com.mmကိုရှာ၍ Follow လုပ်ခြင်း အား ဖြင့် အလုပ်ခေါ်စာများနှင့် စိတ်ဓာတ်မြှင့်တင်ရေးစာစုများကို ဖတ်ရှုနိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

Viber မှတစ်ဆင့် အလုပ်လျှောက် လွှာများကို ပေးပို့လိုပါက တယ်လီဖုန်း နံပါတ် ၀၉-၉၇၀၄၉၉၁၂၃ မှ တစ်ဆင့် ပေးပို့နိုင်ကြောင်းသိရသည်။ Viber အက်ပလီကေးရှင်းသည် လူသုံးအများဆုံး ဆိုရှယ်မီဒီယာတစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလအထိ မြန်မာနိုင်ငံတစ်ဝန်းတွင် အသုံးပြုသူ ၁၈သန်းရှိကြောင်း သိရသည်။

**မယ်သီတာ**



## မြို့ကြီးများ၏ ၃၀-၅-၂၀၁၆ မှ ၃-၆-၂၀၁၆ နေ့အထိ မိုးလေ၀သခန့်မှန်းချက်

| မြို့ | တနင်္လာ(၃၀-၅-၂၀၁၆) | အင်္ဂါ(၃၁-၅-၂၀၁၆) | ဗုဒ္ဓဟူး(၁-၆-၂၀၁၆) | ကြာသပတေး(၂-၆-၂၀၁၆) | သောကြာ(၃-၆-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၂˚C/၈၉˚F | ၄၀% ၃၂˚C/၈၉˚F | ၆၀% ၃၂˚C/၉၀˚F | ၈၀% ၃၁˚C/၈၈˚F | ၆၀% ၃၃˚C/၉၁˚F |
| ရန်ကုန်မြို့ | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၂˚C/၈၉˚F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၇˚F | တိမ်ထူထပ် ၃၇˚C/၉၇˚F | ၈၀% ၃၄˚C/၉၄˚F | ၈၀% ၃၅˚C/၉၅˚F |
| မြစ်ကြီးနား | ၆၀% ၃၀˚C/၈၆˚F | ၆၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၅˚F | ၆၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၄˚F |
| လားရှိုး | ၆၀% ၂၇˚C/၈၁˚F | ၈၀% ၂၈˚C/၈၂˚F | ၅၀% ၂၆˚C/၈၀˚F | ၈၀% ၂၆˚C/၈၀˚F | ၈၀% ၂၆˚C/၈၀˚F |
| ကျိုင်းတုံ | ၅၀% ၂၉˚C/၈၅˚F | ၅၀% ၂၉˚C/၈၄˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F |
| လွိုင်ကော် | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၆˚C/၈၀˚F | ၅၀% ၂၆˚C/၈၀˚F |
| တောင်ကြီး | ၈၀% ၂၆˚C/၇၈˚F | ၈၀% ၂၅˚C/၇၇˚F | ၆၀% ၂၄˚C/၇၆˚F | ၈၀% ၂၄˚C/၇၅˚F | ၈၀% ၂၂˚C/၇၂˚F |
| မော်လမြိုင် | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၁˚C/၈၈˚F |
| ဘားအံ | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၁˚C/၈၇˚F |
| ထားဝယ် | ၈၀% ၃၃˚C/၉၁˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၂˚C/၉၀˚F |
| မုံရွာ | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၇˚C/၉၈˚F | ၈၀% ၃၃˚C/၉၃˚F | ၈၀% ၃၃˚C/၉၃˚F |
| ပုသိမ် | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၂˚C/၈၉˚F |
| မြိတ် | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F |
| စစ်တွေ | ၆၀% ၃၂˚C/၈၉˚F | ၅၀% ၃၂˚C/၈၉˚F | ၆၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F |
| မကွေး | နေသာ ၃၇ ˚C/၉၈˚F | နေသာ ၃၇˚C/၉၇˚F | ၃၀% ၃၄˚C/၉၄˚F | ၈၀% ၃၃˚C/၉၃˚F | ၈၀% ၃၂˚C/၉၀˚F |
| ဖလမ်း | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၆˚C/၇၉˚F | ၅၀% ၂၆˚C/၇၈˚F | ၈၀% ၂၄˚C/၇၆˚F | ၈၀% ၂၃˚C/၇၃˚F |

## လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ရသည့် သီရိလင်္ကာနိုင်ငံရေဘေးအတွက် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ကူညီထောက်ပံ့မည်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဖြစ်ပွားခဲ့ရသည့် ရွှန်နုဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများ၊ ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများကြောင့် လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ရသည်။

ရေလွှမ်းမိုးမှုသည် သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုမြို့၏ အရှေ့မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့ရာ အဆိုးရွားဆုံး မြေပြိုကျမှုများကြောင့် လူပေါင်း ၁၀၁ ဦး သေဆုံးခဲ့ရသည်။

ထို့ပြင် ပျောက်ဆုံးနေသူပေါင်းမှာလည်း ၁၀၀ ကျော်ခန့် ရှိနေမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုများကြောင့် နေအိမ်ပေါင်း ၅၃၀ ခန့်မှာ လုံးဝပျက်စီးသွားခဲ့ရပြီး နေအိမ်ပေါင်း ၄၀၀၀ ခန့်မှာ အနည်းငယ်ပျက်စီးခဲ့ရကြောင်း၊ ကိုလံဘိုမြို့တော်တွင်နေထိုင်သူ လူဦးရေ ပေါင်း ၆၅၀,၀၀၀ ခန့်မှာ နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးခဲ့ကြရကြောင်း၊ ကိုလံဘိုမြို့တွင်နေထိုင်သည့် လူဦးရေမှာ နိုင်ငံရှိလူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့၏ စာရင်းကောက်ယူချက်များအရ သိရသည်။

ရေလွှမ်းမိုးမှုများနှင့် မြေပြိုကျမှုများကြောင့် ကိုလံဘိုမြို့နှင့် နိုင်ငံတစ်ဝန်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့်ရှိကြောင်း သီရိလင်္ကာနိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

သီရိလင်္ကာအစိုးရအနေဖြင့် အရေးပေါ် ပါလီမန်အစည်းအဝေးတစ်ရပ်ကို ကျင်းပလျက်ရှိပြီး ရေလွှမ်းမိုးခံရသည့်ဒေသများအား အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် ညှိနှိုင်းလျက်ရှိကြောင်း ကိုလံဘိုသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ဘေးအန္တရာယ်ကျရောက်မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံအစိုးရထံမှ သီရိလင်္ကာနိုင်ငံအစိုးရထံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅သန်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ယင်းကဲ့သို့ ကူညီထောက်ပံ့မှုအစီအစဉ်ကို တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

## တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးမှုများဖြစ်ပွား

တရုတ်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အလယ်ပိုင်းဒေသတွင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကတည်းက ဟွေနန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ယန်စီမြစ်ရေလျှံတက်ကာ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၂၇၀၀၀ ခန့်ကို ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ နေအိမ်ပေါင်း ၁၈၂၆ လုံးမှာ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့ရကြောင်း၊ ဟွေနန်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများနှင့်အစိုးရရုံးများကို ပိတ်ထားခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဟွေနန်ပြည်နယ်အတွင်း Guidong County အနီးရှိ အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် အဝေးပြေးလမ်းမကြီးပေါ်တွင် မြေပြိုကျမှုများဖြစ်ပေါ်နေ၍ လမ်းမကြီးအသုံးပြုမှုအား ခေတ္တရပ်ဆိုင်းထားရသည်ဟုဆိုသည်။

ပြည်နယ်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မိုးခေါင်ခြောက်သွေ့မှု လျော့ပါးသက်သာစေရေးအဖွဲ့ချုပ်က ယန်စီမြစ်ရေလျှံတက်မှုကြောင့်ဖြစ်ပေါ်ရသည့်ရေလွှမ်းမိုးမှုသည် စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေကြောင်း၊ ဆောင်ဟွားယန်၊ ဟွာယီးနှင့် ပုလဲမြစ်တို့သည်လည်း ယန်စီမြစ်နှင့် ဆက်စပ်နေသဖြင့် ယင်းမြစ်များကိုလည်း စောင့်ကြည့်နေရသည့်အခြေအနေတွင် ရှိနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်ချက်များအရ ပြီးခဲ့သည့် နွေရာသီအစောပိုင်းကာလများနှင့် မေလကုန်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်နိုင်ပြီး ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ်ပေါ်လာနိုင်သဖြင့် ဒေသခံများအနေဖြင့် သတိထားနေထိုင်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။

တရုတ်နိုင်ငံ အလယ်ပိုင်းတွင် မိုးရေချိန် ၁၁၀ မီလီမီတာအထိ ရွာသွန်းခဲ့ပြီး တောင်ပိုင်းဒေသများတွင် မိုးရေချိန် ၁၄၁ မီလီမီတာအထိရွာသွန်းခဲ့သဖြင့် မိုးများသည့်နှစ်ဟုဆိုနိုင်ကြောင်း အယ်လ်နီညိုရာသီဥတု၏ နောက်ဆက်တွဲအကျိုးဆက်ဖြစ်သကဲ့သို့ လာနီညာရာသီဥတု၏ ရွှေ့ပြေးသက်ရောက်မှုလည်းဖြစ်ပါကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက အယ်လ်ဂျာဇီးယားသတင်းဌာနသို့ ပြောကြားခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.19 Monday May 30 2016

## AYA Bank Cup 2016 အတွက် လက်မှတ်များကိုအွန်လိုင်းမှတစ်ဆင့် မှာယူနိုင်ပြီ

AYA Bank Cup 2016 ဘောလုံးပြိုင်ပွဲအတွက် လက်မှတ်များကို အွန်လိုင်းမှတစ်ဆင့် မှာယူနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ထားချက်များအရ သိရသည်။ ဘောလုံးပွဲလက်မှတ်များကို ကိုယ်တိုင်သွားရောက်ဝယ်ယူရန် အခက်အခဲရှိနေသည့် မြန်မာဘောလုံးပရိသတ်များအတွက် အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်မည့် Online Ticketing System တစ်ခုကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Link မှတစ်ဆင့် မိမိကြိုက်နှစ်သက်သည့် ပွဲစဉ်များကို ဝင်ရောက်ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ လက်မှတ်ခန့်နှုန်းထားများမှာ အထူးတန်း ကျပ် ၃၀၀၀၊ ရိုးရိုးတန်း ကျပ် ၁၀၀၀ ဖြစ်ပြီး တစ်ရက်လျှင် နှစ်ပွဲနှုန်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

အွန်လိုင်းမှတစ်ဆင့်ဝယ်ယူသည့် ပရိသတ်များအနေဖြင့် AYA Bank Cup 2016 ပြိုင်ပွဲကြီးမစတင်မီ တစ်ရက်အလို (ဇွန်လ ၂ရက်) နောက်ဆုံးထားပြီး သုဝဏ္ဏကွင်းအနီးရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(မီဒီယာဌာန)တွင် မိမိတို့၏ အမည်နှင့် မှတ်ပုံတင်အမှတ်တို့ကိုပြောပြကာ ပွဲကြည့်လက်မှတ်များ ထုတ်ယူနိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ အွန်လိုင်းမှတစ်ဆင့် လက်မှတ်ဝယ်ယူရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖေ့စ်ဘုတ်စာမျက်နှာသို့ ဝင်ရောက်၍ ဖော်ပြထားသည့် Link မှတစ်ဆင့် ဝယ်ယူနိုင်ကြမည်ဖြစ်သည်။

## ဂျပန်လေ့ကျင့်ရေးခရီးစဉ်တွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း သရေ နှစ်ပွဲ၊ ရှုံးပွဲ သုံးပွဲရလဒ်ကိုသာ ရရှိခဲ့

ဂျပန်နိုင်ငံသို့ လေ့ကျင့်ခြေစမ်းရန်ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ခြေစမ်းလေ့ကျင့်ရေးခရီးစဉ်အတွင်း သရေနှစ်ပွဲနှင့် ရှုံးပွဲသုံးပွဲရလဒ်ကိုသာ ရရှိခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။




မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မေ ၂၃ ရက်က JEF United အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသဖြင့် ခြေစမ်းပွဲခရီးစဉ်အတွင်း သုံးပွဲဆက် ရှုံးပွဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မေ ၂၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် JEF United အသင်းနှင့် ခြေစမ်းပွဲတွင် JEF United အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၇မိနစ်တွင် ရရှိခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၆၃မိနစ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မေ ၂၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် နောက်ဆုံးခြေစမ်းပွဲစဉ်တွင် Seisa Gakuen အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အဆိုပါပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် ပွဲချိန် ၃၂ မိနစ်တွင် ခင်မာလာထွန်း၏ သွင်းဂိုးဖြင့်ပွဲကို ဦးဆောင်ထားနိုင်ခဲ့သော်လည်း ပွဲချိန် ၇၁ မိနစ်တွင် ချေပဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသဖြင့် တစ်ဂိုးစီ သရေရလဒ်ကိုသာ ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ခြေစမ်းပွဲ ငါးပွဲယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်အတွက် ဂျပန်နိုင်ငံသို့ သွားရောက်ကာ လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် လာမည့် ဇွန်လနှင့် ဇူလိုင်လတို့တွင် တောင်ကိုရီးယား၊ ထိုင်း စသည့်အသင်းတို့နှင့် ခြေစမ်းကစားရန် စီစဉ်ထားကြောင်း သိရသည်။

## ရှမ်းယူနိုက်တက်လူငယ်အသင်း ကစားသမား အင်အားဖြည့်တင်း

လူငယ်သွေးသစ် ကစားသမားများကိုပြုစုပျိုးထောင်ကာ မြန်မာ့ဘောလုံး လောကတိုးတက်ရေးကို အစဉ်ရှေးရှုလျက်ရှိသည့် ရှမ်းယူနိုက်တက်အသင်းသည် ခြေစွမ်းစမ်းသပ်မှုခံယူခဲ့သည့် လူငယ်များစွာအနက်မှ တစ်ဦးကို ရှမ်းယူနိုက်တက်အသက် ၂၀ နှစ်အောက်လူငယ်အသင်းအတွက် မှတ်ပုံတင်ကာ ဒုတိယအကျော့ကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



ပြီးခဲ့သည့် မေ ၉ရက်က လူငယ်ရွေးချယ်ပွဲပြုလုပ်ခဲ့ရာ လူငယ်ပေါင်း ၁၀၇ ဦး လာရောက်ရွေးချယ်မှု ခံယူခဲ့ကြောင်း သိရသည်။

အဆိုပါရွေးချယ်မှုခံယူခဲ့သည့် လူငယ်များအနက်မှ လူငယ် ၁၀ ဦးကို ဆန်ခါတင် ရွေးချယ်ခဲ့ပြီး လူငယ်အသင်းနှင့်တွဲဖက်လေ့ကျင့်စေခဲ့သည်။ ထို့နောက် အဆိုပါ ၁၀ ဦးအနက်မှ ရန်နိုင်လင်းတစ်ဦးတည်းကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှမ်းယူနိုက်တက် လူငယ်အသင်းသည်အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် ကစားသမားအချို့အပြောင်းအလဲလုပ်မည်ဖြစ်ပြီး ရန်နိုင်လင်း၊ ရွှေကို၊ သီဟထွန်းကျော်နှင့် ညီညီလှိုင်(ဂိုး)တို့ကို ခေါ်ယူအားဖြည့်သွားမည်ဖြစ်ကြောင်း ရှမ်းယူနိုက်တက်အသင်းက တရားဝင် သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အသက် ၂၀ နှစ်အောက် ကစားသမားများ၏ အသက်စစ်ဆေးမှုပြုလုပ်မည်ဖြစ်ရာ အသင်းများ၏ ကစားသမားစာရင်းကို မေ ၃၁ ရက်နောက်ပိုင်းမှသာ အတည်ပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။




## ၂၀၁၆ တိုယိုတာမဲခေါင်ဖလား ဘောလုံးပြိုင်ပွဲတွင် အဖွင့်ပွဲစဉ်၌ မြန်မာနှင့်ဗီယက်နမ်တို့ ယှဉ်ပြိုင်ရမည်

မဲခေါင်ဒေသတွင်းနိုင်ငံငါးနိုင်ငံမှ ထိပ်သီးကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည့် တိုယိုတာမဲခေါင်ဖလား ဘောလုံးပြိုင်ပွဲ၏ ၂၀၁၆ ခုနှစ်ပြိုင်ပွဲအတွက် ပွဲစဉ်ရေးဆွဲထားမှုတွင် မြန်မာကလပ်အသင်းသည် အဖွင့်ပွဲစဉ်၌ ဗီယက်နမ်ကလပ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို နိုဝင်ဘာလအတွင်း စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲ၏ပုံစံအတိုင်း ပထမအဆင့်တွင် သုံးသင်းပတ်လည်ကစားရမည်ဖြစ်ပြီး အဆိုပါသုံးသင်းအနက် အမှတ်အများဆုံးရရှိသည့်အသင်းသည် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ၎င်းအသင်းသည် ဆီမီးဖိုင်နယ်တွင် စောင့်ဆိုင်းနေသည့် ကမ္ဘောဒီးယားကလပ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်တွင် အနိုင်ရရှိသည့်အသင်းသည် ဖိုင်နယ်တွင် ထိုင်းနိုင်ငံမှ ကလပ်အသင်းနှင့်တွေ့ဆုံမည်ဖြစ်သည်။ ထို့ကြောင့်မြန်မာအသင်းသည် အဖွင့်ပွဲစဉ်တွင် ဗီယက်နမ်ကလပ်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ဒုတိယပွဲတွင်လာအိုကလပ်အသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုနှစ်အတွက် အဆင့်သတ်မှတ်ချက်များကို ယခင်နှစ်က ကျင်းပခဲ့သည့် ပြိုင်ပွဲအပေါ်မူတည်ကာ ခွဲခြားထားခြင်းဖြစ်ပြီး ယခင်နှစ်ကပြိုင်ပွဲတွင် ထိုင်းကလပ်အသင်း ဘူရီရမ်က ချန်ပီယံဖြစ်ခဲ့သည့်အတွက် ယခုနှစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲမှစောင့်ဆိုင်းကာ ဗိုလ်လုပွဲသို့ တက်ရောက်လာမည့် အသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အလားတူ ယခင်နှစ်က ဒုတိယရရှိခဲ့သည့် ကမ္ဘောဒီးယားကလပ်အသင်းသည်လည်း ဆီမီးဖိုင်နယ်မှစတင်၍ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ဒေသတွင်းနိုင်ငံများ၌ ပြည်တွင်းလိဂ်ပြိုင်ပွဲများ ပြီးဆုံးခြင်းမရှိသေးသဖြင့် ၂၀၁၆ တိုယိုတာမဲခေါင်ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများကို အတိအကျ ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို စတင်ကျင်းပခဲ့သည်မှာ ယခုနှစ်သည် သုံးကြိမ်မြောက်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့်နှစ်ကြိမ်စလုံးတွင် မြန်မာနေရှင်နယ်လိဂ်မှ ကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်ပြိုင်ပွဲတွင် ရှုံးထွက်ဖလားချန်ပီယံ ဧရာဝတီယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယရရှိခဲ့သည်။

၂၀၁၅ ခုနှစ်တွင် လိဂ်ချန်ပီယံရန်ကုန်ယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ပထမအဆင့်ကိုပင် ကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

၂၀၁၆ တိုယိုတာမဲခေါင်ဖလား ပွဲစဉ်ရေးဆွဲထားမှု

| အဆင့် | ရက် | အသင်း | နေရာ |
|---|---|---|---|
| ၁ | နို - ၅ | လာအို - ဗီယက်နမ် | လာအို |
| ၂ | ဒီ - ၂၃ | ဗီယက်နမ် - မြန်မာ | ဗီယက်နမ် |
| ၃ | ဒီ - ၂၇ | မြန်မာ - လာအို | မြန်မာ |
| ဆီမီးဖိုင်နယ် | ဒီ - ၃၁ | ကမ္ဘောဒီးယား - ( - ) | ကမ္ဘောဒီးယား |
| ဖိုင်နယ် ၁ | ဇန် - ၄ | ( - ) - ထိုင်း | ( - ) |
| ဖိုင်နယ် ၂ | ဇန် - ၈ | ထိုင်း - ( - ) | ထိုင်း |

**International Sport News**
Vol: 16, No.19 Monday May 30 2016





## ရီယိုဒီဂျနေးရိုးအိုလံပစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုကို ဇီကာဗိုင်းရပ်စ်ကြောင့် မက်အီရွိုင်း ပယ်ဖျက်ဖွယ်ရှိနေ

အိုင်ယာလန်နိုင်ငံသား ကမ္ဘာ့အဆင့်တစ် ဂေါက်သီးချန်ပီယံဟောင်း ရော်ရီမက်အီရွိုင်းသည် ဘရာဇီးနိုင်ငံတွင် ကျင်းပတော့မည့် ရီယိုဒီဂျနေးရိုး အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားမှုအား ဇီကာဗိုင်းရပ်စ်ကြောင့် ပယ်ဖျက်ဖွယ်ရာရှိနေကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ ဘရာဇီးနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ပိုးသည် အလျဉ်းပျောက်ကင်းသွားခြင်း မရှိသေးသဖြင့် ယခုကဲ့သို့ ဆုံးဖြတ်ရခြင်းဖြစ်ပြီး ပွဲကာလနီးကပ်လာချိန်အထိ အဆိုပါဗိုင်းရပ်စ်ရောဂါပိုး ကင်းစင်ခြင်း မရှိပါကလုံးဝယှဉ်ပြိုင်ခြင်းပြုမည်မဟုတ်ကြောင်း မက်အီရွိုင်းက ပြောကြားခဲ့သည်။

မကြာမီကာလအတွင်းကျင်းပတော့မည့် နွေရာသီအိုလံပစ်ပြိုင်ပွဲကျင်းပရာ ဘရာဇီးနိုင်ငံသို့ ချစ်သူနှင့်အတူ သွားရောက်မည်ဖြစ်သည့်အတွက် ဇီကာဗိုင်းရပ်စ်ပိုးရှိနေသဖြင့် မိသားစုအပေါ် စိုးရိမ်မိလျက်ရှိနေကြောင်း မက်အီရွိုင်းကဘီဘီစီသို့ ပြောကြားခဲ့သည်။ "ဇီကာဗိုင်းရပ်စ်ပိုးအကြောင်းကို ကျွန်တော်နှံ့နှံ့စပ်စပ်ဖတ်ပြီးပါပြီ။ ဇီကာဗိုင်းရပ်စ်ပိုးဖြစ်ပွားတဲ့နိုင်ငံတွေကို ဇနီးမောင်နှံတွေအတူတကွသွားဖို့ မဖြစ်နိုင်ဘူးဆိုတာ သိထားပါတယ်။ ဘရာဇီးကိုသွားဖို့ ကျွန်တော်ဆုံးဖြတ်ထားပြီးဖြစ်ပေမယ့် အဲဒီမှာက အခုထိ ဇီကာဗိုင်းရပ်စ်နဲ့ပတ်သက်လို့ အတိအလင်း မထုတ်ပြန်သေးဘူး။ ကျွန်တော်သွားဖို့တော့ အဆင်သင့်ဖြစ်နေပါပြီ။ အဲဒီ ဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ဘာထိခိုက်မှုမှမရှိဘူးဆိုရင်ပေါ့"ဟု မက်အီရွိုင်းက ပြောကြားခဲ့သည်။

## ရှူဂါပိုဗာချော့ကလက်အရောင်းမြှင့်တင်ရေးအတွက် ရှာရာပိုဗာကိုယ်တိုင် ဝင်ရောက်ဆင်နွှဲ ရီယိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲဝင်မည့် ရုရှားတင်းနစ်အသင်းမှ ရှာရာပိုဗာကို ထုတ်ပယ်




ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ၎င်း၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ရှူဂါပိုဗာချော့ကလက် အရောင်းမြှင့်တင်ရေးအတွက် ကိုယ်တိုင်ဝင်ရောက်ဆင်နွှဲခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

အဆိုပါရှူဂါပိုဗာ ချော့ကလက်လုပ်ငန်းကို အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် တည်ထောင်ထားပြီး အရောင်းမြှင့်တင်ရေးပွဲကို မေ ၂၄ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရှာရာပိုဗာသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ရိုလန်ဂါးရိုးစ်တွင် ကျင်းပခဲ့သည့် တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရပြီးနောက် ၎င်း၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် မုန့်မျိုးစုံလုပ်ငန်းတွင် အရောင်းမြှင့်တင်ရေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

တားမြစ်ဆေးပြဿနာကြောင့် ပရိသတ်များနှင့် ကင်းကွာနေခဲ့သည့် ရှာရာပိုဗာသည် အဆိုပါအရောင်းမြှင့်တင်ရေးပွဲတွင် တည်ငြိမ်သောအပြုံးဖြင့် ပရိသတ်များကို မိတ်ဆက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ်အဖြစ် နှစ်ပေါင်းများစွာရပ်တည်လာခဲ့ပြီး ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အမျိုးသမီးအားကစားသမားအဖြစ်ရပ်တည်ခဲ့သည့် ရှာရာပိုဗာကို ပြီးခဲ့သည့် ဇန်နဝါရီ ၁ ရက်ကကျင်းပခဲ့သည့် ဩစီအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် တားမြစ်ဆေးဝါးသုံးစွဲမှုဖြင့် ကမ္ဘာ့တားမြစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကို ရပ်စဲခဲ့သည်။


အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ရှာရာပိုဗာက ကမ္ဘာ့တားမြစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့က တားမြစ်ဆေးအဖြစ်သတ်မှတ်ထားသည့် မယ်လ်ဒိုနီယမ်ဆေးကို လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်ကပင် ၎င်း သောက်သုံးနေခဲ့ကြောင်း၊ ၎င်း၏ ကျန်းမာရေးအခြေအနေအရ ၎င်း၏မိသားစု ဆရာဝန်ကိုယ်တိုင် သောက်သုံးခွင့်ပေးထားသည့်ဆေးဖြစ်ကြောင်း ပြန်လည်တင်ပြခဲ့သော်လည်း ကမ္ဘာ့တားမြစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က လက်မခံဘဲ ပယ်ချခဲ့သည်။

ယင်းကဲ့သို့ပယ်ချခဲ့ရခြင်းမှာ မယ်လ်ဒိုနီယမ်ဆေးဝါးသည် အားကစားသမား များမှီဝဲရန် မသင့်လျော်သည့်ဆေးဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်ဟု ကမ္ဘာ့တားမြစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ဖြေကြားခဲ့သည်။

ထို့ပြင် ရုရှားတင်းနစ်အဖွဲ့ချုပ်ကလည်း လာမည့် ဩဂုတ်လအတွင်းကျင်းပမည့် ရီယိုဒီဂျနေးရိုးအိုလံပစ်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားစာရင်းမှလည်း ရှာရာပိုဗာကို ထုတ်ပယ်ခဲ့သည်။

ရုရှားပြေးခုန်ပစ်အဖွဲ့သည် တားမြစ်ဆေးဝါးများ သုံးစွဲမှုဖြင့် နိုင်ငံတကာပြိုင်ပွဲအရပ်ရပ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခံထားရသည်။

## နယူးကာဆယ်ယူနိုက်တက်အသင်း၏မန်နေဂျာအဖြစ် ဘင်နီတက်ဇ် ဆက်ရှိနေမည်



နယူးကာဆယ်ယူနိုက်တက်အသင်း၏ မန်နေဂျာဖြစ်သူရာ ဖေးဘင်နီတက်ဇ်ကို အသင်း၏မန်နေဂျာအဖြစ် သုံးနှစ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ခန့်ထားလိုက်ပြီဖြစ်သည်။

နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့် မေ ၁၅ ရက်ယှဉ်ပြိုင်ခဲ့သည့် ပရီးမီးယားလိဂ် နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် တော့တင်ဟမ်အသင်းနှင့်ပွဲစဉ်တွင် ပြိုင်ဘက်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့သည်။

အဆိုပါပွဲအပြီးတွင် နယူးကာဆယ်အသင်းပရိသတ်များက ဘင်နီတက်ဇ်ကို ဆက်လက်ခန့်ထားရေးအတွက် ၎င်း၏အမည်ကို အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။

နယူးကာဆယ်အသင်း၏ အုပ်ချုပ်မှုအဖွဲ့ ဘင်နီတက်ဇ်ကို စတင်ခန့်ထားစဉ်က ပရီးမီးယားလိဂ်ပွဲစဉ်များ၏ ရလဒ်အခြေအနေကိုကြည့်၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည့်အတွက် အသင်းပရိသတ်များက ယခုကဲ့သို့ တောင်းဆိုရခြင်းဖြစ်သည်ဟု ဆိုသည်။

နယူးကာဆယ်အသင်း၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ လီချန်လေးက ဘင်နီတက်ဇ်သည် အသင်းအတွက် မရှိမဖြစ်လိုအပ်သူ၊ ကမ္ဘာ့အဆင့်ရှိသူ၊ အသင်းပရိသတ်များ၏အသည်းနှလုံးနှင့် စိတ်အာရုံကို ဖမ်းစားနိုင်သူဟု မှတ်ချက်ပြုခဲ့သည်။




## ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အင်္ဂလန်နှင့်ဝေးလ်နိုင်ငံတို့မှ လာရောက်ကြည့်ရှုကြမည့် ဘောလုံးပရိသတ်များအား ၂၄ နာရီ အရက်သောက်သုံးခွင့် ပိတ်ပင်ထားမည်

လာမည့် ဇွန် ၁၀ရက်မှ ဇူလိုင် ၁၀ ရက်အထိကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်အုပ်စု(ခ)မှဝင်ရောက်ယှဉ်ပြိုင်မည့် အင်္ဂလန်အသင်းနှင့် ဝေးလ်အသင်းကိုအားပေးမည့် ပရိသတ်များအား အရက်သောက်သုံးခွင့်ကို ၂၄ နာရီ ပိတ်ပင်ထားမည်ဖြစ်ကြောင်း ယူရို၂၀၁၆ ဘောလုံးပွဲကျင်းပရေးကော်မတီကထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါအုပ်စု(ခ)တွင် အင်္ဂလန်၊ ရုရှား၊ ဝေးလ်နှင့် စလိုဗက်ကီးယားတို့ပါဝင်ပြီး အင်္ဂလန်နှင့် ဝေးလ်တို့၏ပြိုင်ပွဲတွင် အဆိုပါစည်းကမ်းကို ပိုမိုတင်းကျပ်သွားမည်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အင်္ဂလန်နှင့် ဝေးလ်တို့၏ပွဲစဉ်ကို ဇွန် ၁၆ရက်တွင် လန့်စ်မြို့၌ ကျင်းပမည်ဖြစ်ရာ အဆိုပါနေ့မတိုင်မီတစ်ရက် နံနက် ၆ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီအထိ အရက်သောက်သုံးခွင့် ပိတ်ပင်မည်ဖြစ်ပြီး ကွင်းအတွင်းသို့ အရက်သောက်သုံးပြီး လာရောက်ပါက မိခင်နိုင်ငံသို့ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း စည်းကမ်းသတ်မှတ်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ထို့ပြင် လန့်စ်တွင်ကျင်းပမည့် ပြိုင်ပွဲတိုင်းတွင်လည်း အရက်သောက်သုံးခွင့်ကို တင်းကျပ်စွာတားမြစ်ထားမည်ဖြစ်သည်။ အဆိုပါစည်းကမ်းသတ်မှတ်ချက်ကြောင့် လန့်စ်မြို့တွင်ကျင်းပမည့် ပွဲစဉ်များဖြစ်သည့် အယ်လ်ဘေးနီးယားနှင့် ဆွစ်ဇာလန်၊ ချက်နှင့် တူရကီတို့၏ပွဲစဉ်များတွင်လည်း အဆိုပါစည်းကမ်းချက်များ အကျုံးဝင်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီအနေဖြင့် ယူကေနိုင်ငံတွင်နေထိုင်သူများမှ ဘောလုံးပွဲလက်မှတ်ဝယ်ယူရန် လျှောက်ထားသူ ၁ ဒသမ ၆သန်းအနက် လက်မှတ်စောင်ရေပေါင်း နှစ်သိန်းခွဲကို ရောင်းချထားပြီဖြစ်သည်ဟုဆိုသည်။

ပြင်သစ်နိုင်ငံရဲတပ်ဖွဲ့၏ ခန့်မှန်းချက်အရ ယူနိုက်တက်ကင်းဒမ်းနိုင်ငံမှ ဘောလုံးပွဲ အားပေးသူပေါင်း သုံးသိန်းခွဲမှ ငါးသိန်းအထိ လာရောက်နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

"ဒီလိုလုပ်ရတာဟာ ဘောလုံးပွဲတိုင်းမှာ ဆူပူမှုတွေ၊ မလိုလားအပ်တဲ့အကြမ်းဖက်မှုတွေ၊ လူမှုကျင့်ဝတ်နဲ့မညီတဲ့ဖြစ်ရပ်တွေ ဖြစ်မလာနိုင်အောင်လို့ပါ"ဟု ပြင်သစ်နိုင်ငံရဲတပ်ဖွဲ့အကြီးအကဲ မာ့ခ်ရောဘတ်က ပြောကြားခဲ့သည်။

ဘောလုံးပွဲသို့လာရောက်သည့် ပရိသတ်များအနေဖြင့် အရက်သောက်သုံးလိုပါက သတ်မှတ်ထားသည့်ဇုန်တွင်သာ ရှိနေရမည်ဖြစ်ပြီး ကွင်းအတွင်းသို့ ဝင်ရောက်ခွင့်ကိုမူ တင်းကျပ်စွာ တားမြစ်ထားမည်ဖြစ်ကြောင်း သိရသည်။

# ပေါက်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးနှင့်အဖွဲ့ဝင်များသည် မေ ၁၁ ရက် နှင့် ၁၂ ရက်တို့တွင် ပေါက်မြို့နယ်ရှိ ပျဉ်းချောင်းကျေးရွာ၊ ဘုရားတောင်ကျေးရွာ၊ အုန်းတောကျေးရွာ၊ သပွတ်စုကျေးရွာ၊ လယ်လန်းကျေးရွာနှင့် မြို့မစည်ပင်သာယာဈေးများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် တားမြစ်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/ မရှိအား ကွင်းဆင်းလေ့လာမှုများကိုပြုလုပ်ဆောင်ရွက်ခဲ့ရာ ဦးစီးမှူး ဦးမြင့်ဦးက စားသုံးသူများအတွက်သိသင့်သိထိုက်သော အခွင့်အရေးများအကြောင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေး စတင်ပေါ်ပေါက်လာပုံများ အကြောင်းအား ပြောကြားခဲ့သည်။ ဒုတိယဦးစီးမှူး ဦးဇော်ထွန်းဦးက တာရှည်ခံဆေးများကြောင့် စားသုံးသူများ ထိခိုက်မှုမရှိစေရန်နှင့် အကြီးတန်းစာရေး ဦးကျော်စိုးနှင့်ဦးသိန်းတို့က ခွင့်မပြုဆိုးဆေးများကြောင့်စားသုံးသူများ ထိခိုက်မှုမရှိစေရန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကြောင့် စားသုံးသူများ ထိခိုက်မှုမရှိစေရန်တို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

ဆွေးနွေးပွဲတွင် ပေါက်မြို့နယ်၊ ပျဉ်းချောင်းကျေးရွာ၊ ဘုရားတောင်ကျေးရွာ၊ အုန်းတောကျေးရွာနှင့် လယ်လန်းကျေးရွာတို့မှ သိရှိလိုသည်များကို မေးမြန်းကြရာ ဓာတုဗေဒဆေးဝါးပါသော ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာသွင်းအားစုများကို အန္တရာယ်ရှိမှန်းသိသော်လည်း အဘယ်ကြောင့် တင်သွင်းခွင့်ပြုသနည်းနှင့် အန္တရာယ်ရှိသော ပစ္စည်းများကို ထုတ်လုပ်တင်ပို့ရောင်းဝယ်ဖောက်ကားသူများကိုမည်သို့ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပါကြောင်း မေးမြန်းခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ မေးမြန်းမှုများကို ဦးစီးမှူး ဦးမြင့်ဦးက တိုးတက်လာသောလူဦးရေ၊ တောင်းဆိုလာသော ဈေးကွက်များအရ ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်ရာတွင် ရည်မှန်းချက်ပန်းတိုင်အထွက်တိုးရန် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဓာတုဗေဒပစ္စည်းများပါဝင်သော ပိုးသတ်ဆေး၊ဓါတ်မြေဩဇာစသည်တို့ကို အသုံးပြုရမည်မှာ မလွဲမသွေ ဖြစ်ပါသည်။ သို့သော် သုံးစွဲရာတွင် သတ်မှတ်ထားသော နည်းစနစ်အတိုင်းအသုံးပြုရေး၊ တိကျမှန်ကန်စွာအသုံးပြုရေး၊ ညွှန်ကြားချက်အတိုင်း အသုံးပြုမည်ဆိုပါက ဘေးအန္တရာယ်ကင်းရှင်းကြောင်း ဥပမာ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်စသည်တို့ကို ဆေးဖြန်းရာတွင် ဆေးဖြန်းပြီး(၇/၁၀) ရက်ကြာမှသာလျှင် ဈေးကွက်သို့တင်ပို့ ရောင်းချရမည်ဟု သတ်မှတ်ထားသော်လည်း အချိန်မတိုင်မီ၊ အချိန်မစေ့မီထုတ်လုပ်ရောင်းချခြင်းတို့ကြောင့် အန္တရာယ်ဖြစ်ကြကြောင်း ရှင်းလင်းဖြေကြားပြီး စားသုံးရာတွင် ၎င်းပစ္စည်းများကို ဆားရေဖြင့် ၁၀ မိနစ်ခန့် ရေစိမ်ပြီးမှ ဆေးကြောစားသုံးကြရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးရာတွင် အစွန်းနှစ်ဖက်လွတ်အောင် ဟောပြောရပါကြောင်း၊ မိမိတို့ဟောပြောချက်ကြောင့် ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များကို အကြောင်း အကျိုးများမခိုင်လုံဘဲ စီးပွားပျက်အောင်၊ နာမည်ပျက်အောင် ပြော၍ မဖြစ်သလို မိမိတို့ဌာန၏ ရည်မှန်းချက်များအတိုင်း စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စားသုံးသူများ အန္တရာယ်ကင်းရှင်းစေရေး၊ လုံခြုံစိတ်ချရရှိစေရေးကို အဓိကထားဦးစားပေး၍ ဟောပြောရကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ စစ်ဆေးအတည်ပြု ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများကို သတင်းမီဒီယာလောကမှ ထုတ်ပြန်ပေးသလို စားသုံးသူများဘက်မှလည်း ရှောင်ကြဉ်လိုက်နာကြရန် လိုအပ်ပါကြောင်း၊ စားသုံးသူရှိ၍ ထုတ်လုပ်ရောင်းချသူဖြစ်ပေါ်လာရပါကြောင်း စားသုံးသူမရှိလျှင် ထုတ်လုပ်ရောင်းချသူဆိုသည်မှာ အရှုံးခံ၍ ထုတ်လုပ်ရောင်းချမည် မဟုတ်ပါကြောင်း အသိ၊ သတိဖြင့်ယှဉ်၍ စားသုံးသင့်ပါကြောင်း နိုင်ငံတော်အပိုင်းမှလည်း ဥပဒေ၊ နည်းဥပဒေများအရစစ်ဆေးခြင်းများကို ဆောင်ရွက်၍အသိပညာပေး ကာလ၊ အရေးယူမည့်ကာလစသည်ဖြင့် သတ်မှတ်၍ ဆောင်ရွက်နေကြကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပေါက်မြို့နယ်ရှိ ကျေးရွာများမှ မိဘပြည်သူ၊ ကျေးရွာသူ/ကျေးရွာသား စုစုပေါင်း ၆၁၀ ဦးတက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်းသိရှိရပါသည်။

**ပပရွှေ (ပခုက္ကူ)**



# တောင်ကြီးမြို့ရှိ ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း) စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မေ ၁၉ ရက်တွင် တောင်ကြီးမြို့နယ် ထီဟန်း ဆွေးကျေးရွာ၊ ဆင်တွူးကျေးရွာ၊ လွယ်ကောင်းရွာသစ်ကျေးရွာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြော ဆွေးနွေးပွဲများ ကျင်းပသည်။

ဟောပြောဆွေးနွေးပွဲများတွင် ပြည်နယ်ဦးစီးမှူးရုံးမှ ဦးခွန်ကျော်ဌေးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်တန်းမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဝန်ဆောင်မှုများအကြောင်း၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများနှင့်ပတ်သက်၍ အန္တရာယ်ကင်းရှင်းရေးအကြောင်းကိုလည်းကောင်း၊ ဦးသန်းထွဋ်က အချိုမှုန့်၊ ဆိုးဆေးနှင့် စားသုံးဆီများ အကြောင်းကိုလည်းကောင်း၊ ဒေါ်မွန်မွန်သီတာထွန်းမြင့်က စားသောက်ရန် မသင့်သည့် မုန့်ပဲသရေစာ၊ အစားအသောက်၊ ဆေးဝါးနှင့်သုံးစွဲရန်မသင့်သည့် အလှကုန်များအကြောင်းကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ထီဟန်းဆွေးကျေးရွာ ဟောပြောဆွေးနွေးပွဲသို့ လူအင်အား ၁၀၅ ဦး၊ ဆင်တွူးကျေးရွာဟောပြောဆွေးနွေးပွဲသို့ လူအင်အား ၁၁၂ ဦး၊ လွယ်ကောင်းရွာသစ်ကျေးရွာဟောပြောဆွေးနွေးပွဲသို့ လူအင်အား ၅၅ ဦး တက်ရောက်ခဲ့ကြပြီး စိတ်ပါဝင်စားစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**ခြူးခြူး (တောင်ကြီးမြို့)**

# ဆိပ်ဖြူမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာဟောပြောဆွေးနွေးပွဲများ ဆက်လက်ကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းနှင့် အဖွဲ့ဝင်များသည် မေ ၇ ရက်မှ ၁၂ ရက် အထိ ဆိပ်ဖြူမြို့နယ်ရှိ တူရွင်းမြောကျေးရွာ၊ ချောင်းမကြီးကျေးရွာ၊ အနောက်ကန်တွင်းကျေးရွာများသို့ လည်းကောင်း သွားရောက်၍ စားသုံး သူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးမှုနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသည့် ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိ အား ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ ကြောင်း သတင်းရရှိပါသည်။

ဆွေးနွေးပွဲတွင် ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းဦးဆောင်သောအဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့နယ်ရှိ ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများကို ပြုလုပ် ဆောင်ရွက်ခဲ့ရာ ဒုတိယဦးစီးမှူးဦးသန်းမြင့်ထွန်းက စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိမှတ်ဖွယ်ရာများနှင့် ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသောက်ကုန်များ လုံခြုံစိတ်ချမှုများရှိစေရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရသည့် အကြောင်းများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက စားသုံးသူများအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံ စားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ဟင်းသီးဟင်းရွက်များအကြောင်းကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်တင်မာရီက ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာ ဓာတ်ကြွင်းများကြောင့် စားသုံးသူများ ထိခိုက်မှုနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ အကြီးတန်းစာရေးဒေါ်ချိုဝေလွင်က ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ အစားအသောက်များ အကြောင်းစံမညီမြေပဲ ဆီ ၁၈ မျိုး၏ အမည်များကိုလည်း စားသုံးသူများ သိရှိနိုင်ရန်နှင့် အသင့်စား အစားအသောက်များကြောင့် စားသုံးသူများဘေးအန္တရာယ်ရှိကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်းသိရှိရပါသည်။

အခမ်းအနားသို့ ဆိပ်ဖြူမြို့နယ် ရှိကျေးရွာများမှ ကျေးရွာသူ/သား စုစုပေါင်း ၄၉၇ ဦး တက်ရောက်ခဲ့ကြပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ပပရွှေ(ပခုက္ကူ)**

# ပြည်ကြီးတံခွန်မြို့နယ်၊ချမ်းမြရွှေပြည်ဈေးအတွင်းမှ စားသုံးရန် မသင့်သည့် လားရှိုးစပါယ်ရှယ် ပဲငါးပိအထုပ်များတွေ့ ရှိ၍ သိမ်းဆည်း

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲကို မေ ၁၈ ရက်က ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြရွှေပြည်ဈေးမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါဟောပြောဆွေးနွေးပွဲတွင် ဌာနဆိုင်ရာများ၊ ဈေးသူ/ဈေးသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ စုစုပေါင်းအင်အား ၈၀ ဦး ခန့်တက်ရောက်ခဲ့ပါတယ်။



ဟောပြောဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးအရာရှိ ဦးတင်အောင်ကျော်က စားသုံးသူအကာအကွယ်ပေးရေးသည် အစားအသောက်၊ ဆေးဝါးများသာမက လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသည့် အစားအသောက်များကိုစားသုံးသူပြည်သူများကသိရှိထားရန်လိုအပ်ကြောင်းနှင့် အဆိုပါ အစားသောက်များကို ရှောင်ကြဉ်စားသောက်ကြရန်လိုအပ်ကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲ၊ ဒုတိယဦးစီးမှူးဒေါ်မြို့ရီက "စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်ကျန်းမာရေးမှူး ဦးအောင်မြင့်က ကျန်းမာရေးနှင့် ပတ်သက်သော သိကောင်းစရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြပါတယ်။

ဟောပြောဆွေးနွေးပွဲအပြီးတွင် ဈေးအတွင်း၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားတဲ့ စားသုံးရန်မသင့် ကုန်ပစ္စည်းများရောင်းချခြင်းရှိ/မရှိကို စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့၊ ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဈေးအကျိုးတော်ဆောင်ကော်မတီဝင်များပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးရာ စားသုံးရန်မသင့် ထုတ်ပြန်ကြေညာထားသည့် လားရှိုးစပါယ်ရှယ် ပဲငါးပိအထုပ်ကြီး ၁၆ ထုပ်ကိုစစ်ဆေးတွေ့ရှိရသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိမ်းဆည်းခဲ့ပြီး နောင်တွင် ဆက်လက်ရောင်းချခြင်းမပြုရန် ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်း သိရပါတယ်။

**မြို့ရီ (မန္တလေး) စားသုံးသူ**

# ပဲခူးတိုင်းဒေသကြီးမှာ စားသုံးသူအသိ ပညာပေး ဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်း ဒေသကြီး ဦးစီးမှူး ဦးငွေမြင့်၊ ဦးစီးအရာရှိ ဦးအောင်သိုက်၊ မြို့နယ်တာဝန်ခံ ဦးမင်းဆွေနဲ့ ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနဲ့ အဖွဲ့ဝင်များ ပူးပေါင်း၍ မေ ၁၈ ရက်တွင် ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာတွင် တက်ရောက်သူ ၁၅၀ အားလည်းကောင်း၊ ရွှေတန်ကျေးရွာတွင် တက်ရောက်သူ ၅၀ အား လည်းကောင်း၊ မေ၁၉ ရက်တွင် မယင်းကျေးရွာတွင် တက်ရောက်သူ ၈၀ အား လည်းကောင်း၊ စားသောက်ကုန်များအား ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရန်၊ ဓာတုဆိုးဆေးများရဲ့ ဘေးအန္တရာယ်အကြောင်းနဲ့ ခွင့်မပြုဓာတုဆိုးဆေးများပါဝင်သော အစားအသောက်များ၊ သက်တမ်းကုန်ဆုံးနေတဲ့ အန္တရာယ်ရှိ အစားအသောက်များအား ဝယ်ယူသုံးစွဲမှု မရှိစေရန်နဲ့ စားသုံးသူတို့ရဲ့ အခွင့်အရေးများ၊ စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေအကြောင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြပါတယ်။

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရပ်ကွက်/ကျေးရွာများသို့ အသိပညာပေး ဟောပြောပွဲများပြု လုပ်ဆောင်ရွက်ခြင်းအကြိမ်၉၀ ၊ စည်ပင်သာယာဈေး/ ကျေးလက်ဈေးများ၊ ထုတ်လုပ်သူနဲ့ဝန်ဆောင်မှုလုပ်ငန်းရှင်များအား ကွင်းဆင်းစစ်ဆေးခြင်း အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း ၄၇ ကြိမ်၊ စုစုပေါင်း ၁၃၇ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၆ခုနှစ်၊ ဇွန်လ ကျောင်းဖွင့်ချိန်ကာလမှစ၍ အခြေခံပညာစာသင်ကျောင်းများတွင် စားသုံးသူအသိပညာပေးဟော ပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးခြင်းများအား အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သတင်းရရှိပါတယ်။

**သိန်းဌေး (ပဲခူး)**

# မြောင်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့တွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနက ပြည်သူများနေ့စဉ်စားသုံးသည့် အစားအစာများတွင် ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို မေ ၁၉ ရက်က မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနရုံးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စားသုံးသူရေးရာဦးစီးဌာနဖြစ်ပေါ်လာသည့် သမိုင်းဖြစ်စဉ်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာများကို ရှင်းလင်း၍ ခရိုင်ရုံးမှ ဒေါ်ကေသီအောင်က အသင့်ထုတ်လုပ်ထားသည့် အစားအစာများတွင် တာရှည်ခံဆိုးဆေး အန္တရာယ်များအကြောင်း သိကောင်းစရာများ ရှင်းလင်းပြီး၊ မြို့နယ်တာဝန်ခံ ဦးအောင်လင်းက အရက်၊ ဆေးလိပ်၊ ကွမ်းစားသုံးရာတွင် ဖြစ်စေတတ်သည့် ရောဂါအန္တရာယ်ဆိုးကျိုးရလဒ်များကို ရှင်းလင်းကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မျိုးလှိုင်က စားသုံးသီးနှံများကို ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲပါက စားသုံးသူများ အတွက် လွန်စွာအန္တရာယ်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဖွင့်လှစ်သည့် ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းသို့ သွားရောက်ဟောပြော ဆွေးနွေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**အောင်လင်း(မြောင်မြို့နယ်)**

# ဟားခါးမြို့အတွင်းရှိ ဈေးသစ်ရပ်ကွက် ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ရပ်ကွက်နေ ပြည်သူလူထုအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးကွင်းဆင်းဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးဇော်မင်းနှင့်ဝန်ထမ်းများသည်ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်ရှိပြည်သူ့ ဝန်ဆောင်မှုရုံးတွင် ရပ်ကွက်နေပြည်သူလူထုအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၁၃ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ဈေးသစ် ရပ်ကွက်မှ ပြည်သူလူထု ၁၀၀ ခန့် တက်ရောက်ခဲ့ပြီး၊ လက်ကမ်းစာစောင် ၁၀၀စောင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များစာရင်း စောင်ရေ ၁၀၀ စောင်ရေနှင့် စံမညီမြေပဲဆီများ စာရင်း ၁၀၀ စောင်ရေတို့ကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

အခမ်းအနားတွင် စားသုံးသူရေးရာ ဌာနခွဲမှူး၊ ဦးဇော်မင်းက စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းများကို ပါဝါပွိုင့်များ၊ ဗွီဒီယိုကလစ်များဖြင့် ဟောပြော ဆွေး နွေးခဲ့ရာ ပြည်သူလူထုမှ သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

**ဒေါ်ကြယ်(စားသုံးသူ)၊ ဟားခါးမြို့**

# မကွေးတိုင်းဒေသကြီး ဒုတိယအကြိမ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ အစည်းအဝေးကို မေ ၁၉ရက်က မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။ အစည်းအဝေးသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က စားသုံးသူရေးရာဦးစီးဌာန ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဟာဆိုရင် မရှိမဖြစ်အရေးပါသော ဌာနများဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အဖွဲ့ဝင်များမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြမည့် အစီအမံများကို ဆွေးနွေးတင်ပြကြရန် မှာကြားခဲ့ပါသည်။ ထို့နောက် တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက စားသုံးသူ အကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့်သည့် အစားအသောက်များကို ဈေးကွက်မှနမူနာရယူကာ ကွင်းဆင်းစစ်ဆေးပြီး ဓါတ်ခွဲစစ်ဆေးချက်အဖြေများကို စာသင်ကျောင်းများ၊ စည်ပင်သာယာဈေးများသို့ စားသုံးသူရေးရာဦးစီးဌာနမှ အသိပေးကြေညာသည့်ဗီနိုင်း၊ ပိုစတာ များ ထုတ်ပေးသွားရန်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဌာနများမှလည်း မိမိတို့ဌာနအလိုက် ထုတ်ပြန်ထားသည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် နှီးနွှယ်သည့် ဥပဒေများဖြင့် စားသုံးသူများကို အကာအကွယ်ပေးသွားရန်နှင့် ပြည်သူများအနေဖြင့် အရည်အသွေးရှိပစ္စည်းများ သုံးစွဲတတ်အောင် အသိစိတ်ဓာတ်နှင့် ကြိုးစားပြုပြင်ရမှာဖြစ်ကြောင်း၊ စားသုံးသူများဘက်မှလည်း ရှောင်သင့်တာ ရှောင်ပြီး သက်ဆိုင်ရာဌာနများကလည်း တစ်ဖက်ကလိုက်လံစစ်ဆေးတာတွေကိုပြုလုပ်ပေးစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဆေးဝါးနှင့်ပတ်သက်၍ အမျိုးပေါင်း ၅၀ ခန့်ကို စစ်ဆေးပေးနိုင်သည့် ဓာတ်ခွဲခန်းတစ်ခုရှိပြီး အဆိုပါ ဓာတ်ခွဲခန်း၌ မကွေးတိုင်းအတွင်းမှ စားသောက်ကုန်များ ဆေးဝါးများအား FDA စံနှုန်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးပေးလျက်ရှိကြောင်း သိရှိရသည်။

**အေးအေးမိုး-မကွေး**

Organizations News
Vol: 16, No.19 Monday May 30 2016

# အာဆီယံ ဒေသတွင်းကျောင်းသားဖလှယ်ရေး အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်

အာဆီယံ ၁၀ နိုင်ငံအတွင်း ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုအရ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းသားများနဲ့ ဆရာများဖလှယ်ရေးအစီအစဉ်က တိုးတက်မှုများရှိလာကြောင်း နေးရှင်းသတင်းမှာဖော်ပြပါတယ်။

ကျောင်းသားနဲ့ဆရာဖလှယ်ရေးဆိုင်ရာ အရှေ့တောင်အာရှနည်းပညာနဲ့ အသက်မွေးမှုဆိုင်ရာ အဖွဲ့အစည်းများရဲ့ အစည်းအဝေးကို အင်ဒိုနီးရှားမှာ မကြာသေးမီက ကျင်းပခဲ့ပါတယ်။ အဆိုပါ အစည်းအဝေးမှာ အပြန်အလှယ်ဖလှယ်ရေးအစီအစဉ်ကာလကို ခြောက်လနဲ့တစ်နှစ်အထိတိုးချဲ့ပေးဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက သဘောတူခဲ့ပါတယ်။

“ဒီအစီအစဉ်ကိုစခဲ့တဲ့ ၂၀၁၅ ခုနှစ်တုန်းက အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းတွေမှာ ကျောင်းသားနဲ့ဆရာဖလှယ်ရေးအစီအစဉ်တွေ ဆောင်ရွက်တဲ့ကာလက တစ်လကနေသုံးလအထိသာ ကြာမြင့်ခဲ့ပါတယ်”လို့ ထိုင်းအသက်မွေးဝမ်းကျောင်းဖလှယ်ရေးကော်မရှင်ရုံးရဲ့ အထွေထွေအတွင်းရေးမှူး အင်္ဂါနစ်ကလန်ဆန်းက ပြောပါတယ်။

ဖလှယ်ရေးအစီအစဉ်တွေကိုဆောင်ရွက်တဲ့အခါ အာဆီယံမှာ အရေးတကြီးလိုအပ်နေတဲ့နယ်ပယ် ၁၀ ခုကိုရွေးချယ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီနယ်ပယ် ၁၀ ခုကတော့ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ မက်ကာထရွန်းနစ်၊ အီလက်ထရွန်းနစ်၊ ဆောက်လုပ်ရေး၊ စာရင်းကိုင်၊ ငါးဖမ်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းအုပ်ချုပ်မှု နဲ့ ဘဏ်လုပ်ငန်းတွေ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့က ဖလှယ်ရေးအစီအစဉ်တွေဆောင်ရွက်ဖို့စတင်ပြင်ဆင်နေပါပြီ။ အစီအစဉ်ကို ဆောင်ရွက်မယ့်ကာလကအနည်းဆုံးခြောက်လကြာမြင့်ပါမယ်။

“ဒီအစီအစဉ်တွေကို အကောင်အထည်ဖော်တဲ့အခါ အင်္ဂလိပ်ဘာသာစကားနဲ့ ပို့ချနေတဲ့အသက်မွေးဝမ်းကျောင်း ၅၀ မှာ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်” လို့ သူကပြောပါတယ်။

ယခုလကုန် ထိုင်းနိုင်ငံ အူဒွန်သာနီမှာ ကျင်းပမယ့် အစည်းအဝေးမှာ အစီအစဉ်တွေရဲ့ ပုံစံနဲ့ သင်တန်းပို့ချမယ့်ကာလတွေကို ညှိနှိုင်းဆွေးနွေးမှာဖြစ်ပါတယ်။ ပူးတွဲပညာရေးအစီအစဉ် တွေဆောင်ရွက်ဖို့အတွက် ထိုင်းနိုင်ငံက လာအို၊ မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့နဲ့ ဇူလိုင်မှာ စတင်ဆွေးနွေးနိုင် မယ်လို့ ခန့်မှန်းထားပါတယ်။

# အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကြောင့်ဖြစ်လာမယ့်ကုန်သွယ်မှုဂယက်ကို ဒဗလျူတီအိုသတိပေး

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မယ်ဆိုရင် ဗြိတိသျှစားသုံးသူတွေနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ကုန်ကျစရိတ်တွေ ဘီလီယံပေါင်းများစွာ မြင့်တက်လာမှာဖြစ်သလို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အဖွဲ့ဝင်အဖြစ်ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပြန်လည်စေ့စပ်ညှိနှိုင်းဆွေးနွေးဖို့ မလွဲမသွေလိုအပ်တော့မှာဖြစ်ကြောင်း ဒဗလျူတီအိုညွှန်ကြားရေးမှူးချုပ်ရဲ့ သတိပေးစကားကို ကိုးကားပြီး ဖိုင်နန်ရှယ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။



အီးယူကနေ ဗြိတိန်နိုင်ငံနုတ်ထွက်မယ်ဆိုရင် ဒဗလျူတီအိုအဖွဲ့ဝင် ၁၆၁ နိုင်ငံနဲ့ ဗြိတိန်နိုင်ငံတို့ စေ့စပ်ညှိနှိုင်းမှုတွေကိုထူးထူးကဲကဲ ပြန်လည်ညှိနှိုင်း ဆောင်ရွက်ရတော့မှာဖြစ်ကြောင်း ဖိုင်နန်ရှယ်တိုင်းမ်သတင်းနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ရောဘတ်တိုအဇယ်ဗယ်ဒိုက ပြောပါတယ်။ ဆွေးနွေးရမယ့်အကြောင်း အရာတွေထဲမှာ ယူကေနိုင်ငံရဲ့ ကုန်သွယ်မှု အခွန်လိုင်းထောင်ပေါင်းများစွာက အစပြုပြီး လယ်ယာစိုက်ပျိုးရေး ပို့ကုန်ခွဲတမ်း၊ ဗြိတိသျှလယ်သမားတွေအတွက်ထောက်ပံ့ကြေးနဲ့ ယူကေကုမ္ပဏီတွေနဲ့ဘဏ်တွေ ဆက်သွယ်ဆောင်ရွက်နေတဲ့ ဈေးကွက်တွေရဲ့ ချိတ်ဆက်မှုတွေပါဝင်မှာဖြစ်ပါတယ်။

ဒီကိစ္စရပ်တွေအားလုံး အီးယူနဲ့ နှစ်ပေါင်းများစွာစေ့စပ်ညှိနှိုင်းလာခဲ့တဲ့ ကိစ္စတွေဖြစ်သလို ဇွန် ၂၃ ရက်မှာ ပြုလုပ်မယ့် ဆန္ဒခံယူပွဲမှာ ဗြိတိန်နိုင်ငံနုတ်ထွက်ဖို့မဲပေးမယ်ဆိုရင် ဖြေရှင်းရမယ့် ပြဿနာတွေ ဖြစ်ကြောင်း၊ ယူကေနိုင်ငံက ဒီပြဿနာတွေကို အလွယ်တကူ ဖြေရှင်းလို့ရမှာမဟုတ်ကြောင်း အဇယ်ဗယ်ဒိုက ဖိုင်နန်ရှယ် တိုင်းမ်သတင်းကို ပြောပါတယ်။ ဗြိတိန်နိုင်ငံရဲ့ ကမ္ဘာတစ်ဝန်းရှိ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ တစ်နည်းမဟုတ် တစ်နည်း ပြန်လည် စေ့စပ်ညှိနှိုင်းဖို့လိုမှာဖြစ်ကြောင်း သူကပြောပါတယ်။

ဒီလိုဆွေးနွေးပွဲမျိုးအတွက် လုပ်ထုံးလုပ်နည်းတွေ ပြတ်ပြတ်သားသား မရှိသေးပေမယ့် ဒဗလျူတီအိုအဖွဲ့အနေဖြင့် လက်ရှိအဖွဲ့ဝင်တစ်နိုင်ငံချင်းနဲ့သာ ဆွေးနွေးညှိနှိုင်းမှာမဟုတ်ကြောင်း သူကပြောပါတယ်။ ဒီလိုဆွေးနွေးပွဲတွေရဲ့ခက်ခဲရှုပ်ထွေးမှုတွေကြောင့် ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် လျှောက်ထားစဉ်ကဆွေးနွေးမှုတွေလိုပဲဆောင်ရွက်ရမှာဖြစ်ကြောင်း သူကပြောပါတယ်။

ဥပမာအားဖြင့် ဒဗလျူတီအိုရဲ့ ၁၆၂ ခုမြောက်အဖွဲ့ဝင် ဖြစ်တဲ့ လိုင်ဘေးရီးယား နိုင်ငံငယ်ကလေးသည် ပင်လျှင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာဖို့အတွက် နှစ်ပေါင်း များစွာစေ့စပ်ညှိနှိုင်းခဲ့ရကြောင်း သူက ပြောပါတယ်။

# ရုရှားနိုင်ငံက အာရှဒေသမှာ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးကို ထူထောင်

ရုရှားနိုင်ငံက သူ့ရဲ့အာရှ အိမ်နီးချင်းနိုင်ငံများနဲ့ အပြုသဘောဆောင်တဲ့ဆက်ဆံရေးများကို တဖြည်းဖြည်းထူထောင်လာကြောင်း Asia Times သတင်းမှာ ဖော်ပြပါတယ်။

အာရှနိုင်ငံများအနေဖြင့် ရုရှားပြည်ထောင်စုနဲ့ ပူးပေါင်းဆောင်ရွက်လိုက်တဲ့အတွက် အမေရိကန်ပြည်ထောင်စုအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်ပါတယ်။ တစ်ချိန်တည်းမှာ နိုင်ငံတော်အဆင့် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးတွေနဲ့ ဒေသဆိုင်ရာဆက်ဆံရေးတွေမှာ ရုရှားနိုင်ငံက ကြီးမားတဲ့အလားအလာများကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။

ဒီလိုချဉ်းကပ်မှုမျိုးကိုလည်း အာဆီယံနိုင်ငံအချို့က ထောက်ခံအားပေးခဲ့ပါတယ်။ ရုရှားနဲ့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာဆီယံနိုင်ငံများက အမေရိကန်အပေါ်မှီခိုနေရမှုပိုမိုလွတ်ကင်းလာနိုင်ပါတယ်လို့ အဲဒီသတင်းဆောင်းပါးမှာ ဖော်ပြပါတယ်။ အပြန်အလှန်အားဖြင့်အနောက် နိုင်ငံဈေးကွက်တွေအပေါ် ရုရှားနိုင်ငံက မှီခိုနေမှုကိုလည်း လျော့ကျသွားစေနိုင်ပါတယ်။

ရုရှားနိုင်ငံက အာဆီယံကို စီးပွားရေးလုပ်ငန်းချဲ့ထွင်ရေးအတွက် အခွင့်အလမ်းတစ်ခုလိုသဘောထားပါတယ်။ အာဆီယံဒေသက အောင်မြင်မှုအရှိဆုံး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ လူဦးရေ ၆၀၄ သန်း မှီတင်းနေထိုင်ရာဒေသဖြစ်ပြီး ထုတ်လုပ်မှု ဂျီဒီပီပမာဏက အမေရိကန်ဒေါ်လာ နှစ်ထရီလီယံရှိပါတယ်။

၂၀၁၅ ခုနှစ်က ရုရှားနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇ ဘီလီယံရှိပါတယ်။ ကုန်သွယ်ရေးဆက်ဆံမှုတွေ ဆက်လက်ဖွံ့ဖြိုးတိုးတက်မယ်လို့ ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောပါတယ်။ ပူးပေါင်းဆောင်ရွက်မှုမှာ လယ်ယာစိုက်ပျိုးရေး၊ ရေနံစိမ်း၊ နျူကလီးယားစွမ်းအင်စတဲ့ ကဏ္ဍအများအပြားနဲ့ အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဖြစ်ပါတယ်။

ရုရှားနိုင်ငံက ဒေသဆိုင်ရာစီးပွားရေးအစီအစဉ်တွေကို စိတ်အားထက်သန်စွာအကောင်အထည်ဖော်လျက်ရှိပါတယ်။ မကြာသေးမီက ရုရှား၊ အဇာဘိုင်ဂျန်နဲ့အီရန်နိုင်ငံတို့က ကက်စပီယံပင်လယ်ကမ်းခြေတစ်လျှောက် တောင်-မြောက်သယ်ယူပို့ဆောင်ရေးစင်္ကြံကိုထူထောင်ဖို့သဘောတူခဲ့ကြပါတယ်။ ဖော်ပြပါလမ်းကြောင်းသစ်က အိန္ဒိယနိုင်ငံမှ ဗဟိုအာရှသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ရုရှားဒေသသို့လည်းကောင်း ကုန်စည်ဖြန့်ဖြူးမှုကို လျင်မြန်လာအောင်အထောက်အကူပေးမှာ ဖြစ်ပါတယ်။ ထို့ပြင် အိန္ဒိယ၊ အီရန်နဲ့ အဇာဘိုင်ဂျန်နိုင်ငံတို့က ယူရေးရှားစီးပွားရေးသမဂ္ဂ (Eurasian Economic Union-EEU) အဖွဲ့ဝင်နိုင်ငံ တွေရဲ့ ဈေးကွက်ကိုဝင်ရောက်နိုင်အောင် အထောက်အကူပေးမှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# ၂၀၁၇ ခုနှစ်မှာ တီမောလက်စလေနိုင်ငံ အာဆီယံအဖွဲ့ဝင် ဖြစ်လာမည်

၂၀၁၇ ခုနှစ်မှာ ပြည်သူ့ဒီမိုကရက်တစ် တီမောလက်စလေနိုင်ငံက အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်ဖြစ်လာနိုင်ကြောင်း အာဆီယံဆိုင်ရာ အင်ဒိုနီးရှားသံအမတ် ရာမက်ပရာမိုနိုက မေ ၂၅ ရက်က ပြောပါတယ်။

“၂၀၁၁ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံအာဆီယံဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်စဉ်က အာဆီယံမှာပါဝင်ဖို့ တီမောလက်စလေက လျှောက်လွှာတင်သွင်းခဲ့ပါတယ်။ နိုင်ငံသစ်နဲ့ပတ်သက်တဲ့ ဖြစ်မြောက်နိုင်စွမ်း လေ့လာချက် (Feasibility Study) ဆောင်ရွက်ဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက သဘောတူခဲ့ပါတယ်”လို့ သံအမတ်ကပြောကြောင်း အန်တာရာသတင်းမှာ ဖော်ပြပါတယ်။

ဖြစ်မြောက်နိုင်စွမ်းလေ့လာချက်မှာ အာဆီယံအဖွဲ့ဝင်ဖြစ်လာရေးအတွက် လိုအပ်တဲ့ မဏ္ဍိုင်သုံးရပ်ရှိရာ တီမောလက်စလေရဲ့ အရည်အသွေးတွေကို အကဲဖြတ်သုံးသပ်မှာ ဖြစ်ပါတယ်။ ပါဝင်တဲ့ မဏ္ဍိုင်သုံးရပ်က နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနဲ့ လူမှုယဉ်ကျေးမှုတို့ဖြစ်ပါတယ်။

“နိုင်ငံရေး၊ လုံခြုံရေးနဲ့ စီးပွားရေးကဏ္ဍတွေကို လေ့လာသုံးသပ်ပြီးပါပြီ။ လူမှုယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့လေ့လာသုံးသပ်ချက်တွေကို ဒီနှစ်အကုန်မှာ အပြီးဆောင်ရွက်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်”လို့ သံအမတ် ရာမက်က ပြောပါတယ်။ ဒါ့အပြင် နိုင်ငံစီးပွားရေးကို မြှင့်တင်ဖို့အတွက် တီမောလက်စလေက လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်ဖို့လိုမယ်လို့လည်း သူကပြောပါတယ်။

“ဒါပေမယ့် အာဆီယံအဖွဲ့ဝင်ဖြစ်လာဖို့အတွက် တီမောလက်စလေက လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကို အပြီးသတ်ဆောင်ရွက်ဖို့ မလိုသေးပါဘူး။ အာဆီယံအဖွဲ့ဝင်ဖြစ်ပြီးမှ ဆက်လက်ဆောင်ရွက်ရင်လည်းရပါတယ်” လို့ ဆိုပါတယ်။

တီမောလက်စလေနိုင်ငံ အာဆီယံအဖွဲ့အတွင်း ပါဝင်နိုင်ရေး ဆွေးနွေးပွဲကို အာဆီယံကိုယ်စားလှယ်တွေက မကြာမီဆွေးနွေးတော့မှာဖြစ်ကြောင်း သူကပြောပါတယ်။

# ထိုင်းနိုင်ငံရဲ့ကျောက်မျက်နဲ့ လက်ဝတ်ရတနာတင်ပို့မှုမြင့်တက်

ထိုင်းနိုင်ငံရဲ့ ကျောက်မျက်နဲ့ လက်ဝတ်ရတနာတင်ပို့မှုက ၂၀၁၆ ခုနှစ်မှာ ၁၀ ရာခိုင်နှုန်းတိုးတက်ပြီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၉ ဘီလီယံ (ဘတ် ၂၇၈ ဘီလီယံ) ရှိပြီး ထိုင်းနိုင်ငံရဲ့ ထိပ်တန်းပို့ကုန် ငါးမျိုးတွင်ပါဝင်လျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ထိုင်းနိုင်ငံရဲ့ ကျောက်မျက်တွေက အရည်အသွေးနဲ့ ဒီဇိုင်းကောင်းမွန်တဲ့အတွက် ထိုင်းလက်ဝတ်ရတနာနဲ့ အဆင်တန်ဆာတွေက ဈေးကွက်အသီးသီးသို့ တင်ပို့ရာမှာ ယခုနှစ်အတွင်း တိုးတက်ကောင်းမွန်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် မာလီချို ကလမ်လတ်က ပြောပါတယ်။

၂၀၁၅ ခုနှစ်က ထိုင်းနိုင်ငံရဲ့လက်ဝတ်ရတနာနဲ့ အဆင်တန် ဆာများပြည်ပတင်ပို့မှုက အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၈ ဘီလီယံရှိပါတယ်။

ယခုနှစ်ပထမသုံးလပတ်မှာ ရွှေမှအပကျောက်မျက်ရတနာနဲ့ လက်ဝတ်ရတနာတင်ပို့မှုက ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၆ ဘီလီယံအထိရရှိခဲ့ပါတယ်။ ရွှေကိုပါထည့်သွင်းတွက်ချက်ပါက ပထမသုံးလပတ် တင်ပို့မှုက ၇ ဒသမ ၂၃ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂ ဘီလီယံအထိရှိခဲ့ပါတယ်။

ကျောက်မျက်နဲ့ လက်ဝတ်ရတနာလုပ်ငန်းမြှင့်တင်ရေးမှာ ရေးဆွဲထားတဲ့အစိုးရရဲ့ အစီအစဉ်အရ ယခုနှစ်မှာ ကျင်းပမယ့် ဗန်ကောက်ကျောက်မျက်နဲ့ လက်ဝတ်ရတနာပြပွဲကို တက်ရောက်ဖို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနက အီတလီနိုင်ငံမှ နာမည်ကြီးကုမ္ပဏီတစ်ခုဖြစ်တဲ့ ဖိရဲရာဒီဗီကန်ဇာ ကို ဖိတ်ခေါ်ထားပါတယ်။

ထိုင်းနိုင်ငံနဲ့ အီတလီနိုင်ငံတွေမှာ ကျောက်မျက်နဲ့ လက်ဝတ်ရတနာပြပွဲများ ခင်းကျင်းပြသရေးအတွက် စည်းရုံးဆောင်ရွက်ရာမှာ နှစ်နိုင်ငံစလုံးမှာရှိတဲ့ နာမည်ကြီးကုန်အမှတ်တံဆိပ်တွေက ပူးပေါင်းဆောင်ရွက်ကြမှာဖြစ်ပါတယ်။

ဖိရဲရာဒီဗီကန်ဇာ ကုမ္ပဏီဟာ အီတလီနိုင်ငံမှာ နာမည်ကြီးနေတဲ့ ဗီကန်ဇာရိုးရာပြပွဲကို စီစဉ်ကျင်းပပေးနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ နှစ်နိုင်ငံကုန်စည်ပြပွဲတွေတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြဖို့ ဖိရဲရာဒီဗီကန်ဇာကုမ္ပဏီမှ ဈေးကွက်နဲ့အရောင်းဌာနဒါရိုက်တာ မောရီဇီယုဒီထရာနီနဲ့ မကြာသေးမီကတွေ့ဆုံဆွေးနွေးပြီးဖြစ်ကြောင်း မာလီက ပြောပါတယ်။

# ဗီယက်နမ် ပြည်တွင်းအစားအစာလုပ်ငန်းများ အလားအလာကောင်း

ဗီယက်နမ်ပြည်တွင်းအစာအစာ ထုတ်လုပ်ရေးလုပ်ငန်းက ဖွံ့ဖြိုးတိုးတက်ဖို့အလားအလာကြီးမားပေမယ့် ပြိုင်ဖက်နိုင်ငံခြား ကုမ္ပဏီတွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေက ကုန်ထုတ်လုပ်မှုကိုမြှင့်တင်ပြီး စားသုံးသူတွေရဲ့ အလားအလာကိုလေ့လာထားဖို့လိုကြောင်း ကျွမ်းကျင်သူတွေရဲ့ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်အေဂျင်စီရဲ့ သတင်းမှာဖော်ပြပါတယ်။

ပြည်တွင်းအစားအစာထုတ်လုပ်မှုလုပ်ငန်းမှာ ဟင်းခတ်အမွှေးအကြိုင်၊ ဆော့စ်နဲ့ အချို့မှုန့်ထုတ်တဲ့လုပ်ငန်းတွေရဲ့ ထုတ်လုပ်မှုတန်ဖိုးက လောလောဆယ်မှာ ဗီယက်နမ်ဒေါင် ၄ ဒသမ ၅ ထရီလီယံရှိပြီး ၂၀၂၀ ပြည့်နှစ်မှာ ဗီယက်နမ်ဒေါင် ၁၉ ထရီလီယံ အထိရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ဗီယက်နမ်ဈေးကွက်ရဲ့ အစားအစာစားသုံးမှု အလားအလာကို လေ့လာကြည့်မယ်ဆိုရင် နောင်အနာဂတ်ကာလမှာ ရှေးရိုးစဉ်လာအစားအစာ ထုတ်လုပ်မှုနည်းလမ်းတွေကို စွန့်ပယ်ပြီး ခေတ်မီနည်းစနစ်နဲ့ ပြုပြင်ထားတဲ့ အစားအစာတွေကိုစားသုံးလာကြလိမ့်မယ်ဆိုတာကို တွေ့ရှိရကြောင်း သူကပြောပါတယ်။ မြို့ကြီးတွေမှာကြည့်ရင် ပြုပြင်ပြီးအစားအစာတွေကို စူပါမားကက်တွေမှာ တွေ့နေရပါတယ်။ နောင်အခါမှာ ရိုးရာဈေးကွက်တွေမှာပါရောင်းချပြီး မြို့ငယ်ကလေးတွေအထိ တဖြည်းဖြည်းပျံ့နှံ့လာနိုင်ပါတယ်။

ပြည်တွင်း နို့လုပ်ငန်းတွေ အထူးသဖြင့် ကျန်းမာရေးနဲ့ဆက်နွယ်နေတဲ့ နို့ထုတ်လုပ်မှုလုပ်ငန်းတွေက ဖွံ့ဖြိုးတိုးတက်လာမယ့် အလားအလာတွေကို အများကြီး တွေ့မြင်နေရပါတယ်။ အသင့်စားအစားအစာ ထုတ်ကုန်များအတွက် ကြီးမားတဲ့အလားအလာများရှိနေပြီး ဒီနယ်ပယ်မှာ အသေးစားစက်မှုလုပ်ငန်းတွေရင်းနှီးမြှုပ်နှံနိုင်မယ့် အလားအလာတွေ မြောက်မြားစွာရှိနေပါတယ်။ စူပါမားကက်တွေမှာ ရောင်းချမယ့် အသင့် စားအစားအစာတွေကို ထုတ်လုပ်ပြီး ဈေးကွက်သစ်ထဲ ကို အသေးစားစက်မှုလုပ်ငန်းတွေ ဝင်ရောက်လာနိုင်ပါ တယ်။



အစားအစာဈေးကွက်တွေမှာ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းတွေက ထုတ်ကုန်သစ်တွေကို အမြဲတမ်းရောင်းချနေတဲ့အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် ထုတ်ကုန်တွေကို အမျိုးမျိုးဖြန့်ကြက်ထုတ်လုပ်သင့်ကြောင်း သူကပြောပါတယ်။

ပြည်တွင်းအစားအစာနဲ့ အဖျော်ယမကာလုပ်ငန်းမှာ ရင်ဆိုင်နေရတဲ့ အကြီးမားဆုံးစိန်ခေါ်မှုက သုတေသနနဲ့ ဖွံ့ဖြိုးရေး (R&D) လုပ်ငန်းတွေ အားနည်းနေသေးတာဖြစ်ကြောင်း VianBeco ဖက်စပ်ကုမ္ပဏီမှ လေဗီယက်သန်းက ပြောပါတယ်။

# စင်ကာပူအီးကောမတ်ဈေးကွက် ၂၀၂၅ ခုနှစ်မှာ စင်ကာပူဒေါ်လာ ခုနစ်ဘီလီယံကျော် ရောက်ရှိမည်

၂၀၂၅ ခုနှစ်မှာ စင်ကာပူနိုင်ငံရှိ အီး-ကောမတ်ဈေးကွက်က အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ (စင်ကာပူဒေါ်လာ ၇ ဒသမ ၄၆ ဘီလီယံ) အထိရှိမယ်လို့ ခန့်မှန်းထားကြောင်း တီးမားဆက်နဲ့ ဂူးဂဲတို့ရဲ့ မေ ၂၄ ရက်ကထုတ်ပြန်တဲ့ အစီရင်ခံစာကို ကိုးကားပြီး ချန်နယ်နယူးအေးရှ သတင်းမှာ ဖော်ပြပါတယ်။ ဖော်ပြပါ ပမာဏက ၂၀၁၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၄ ဘီလီယံအထိရောက်ရှိခဲ့တဲ့ ကာစီနိုလုပ်ငန်းရဲ့ ဝင်ငွေနဲ့နှိုင်းယှဉ်ရင် ပိုမိုများပြားခဲ့တာကို တွေ့ရပါတယ်။

အီးကောမတ် ဈေးကွက်က ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ရှိခဲ့တဲ့အတွက် အွန်လိုင်းရောင်းချမှုက လက်လီရောင်းချမှုစုစုပေါင်းရဲ့ ၂ ဒသမ ၁ ရာခိုင်နှုန်း အထိပါဝင်လာတာကို တွေ့ရပါတယ်။ အဆိုပါနှုန်းထားကိုကြည့်ရင် စစ်တမ်းကောက်ယူခဲ့တဲ့ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ အမြင့်ဆုံးဖြစ်ပါတယ်။ လာမယ့် ၂၀၂၅ ခုနှစ်ရောက်ရှိပါက စင်ကာပူနိုင်ငံရဲ့ လက်လီရောင်းချမှုမှာ အီးကောမတ်ဈေးကွက်ရဲ့ ပါဝင်မှုအချိုးအစားက ၆ ဒသမ ၇ ရာခိုင်နှုန်း အထိရောက်ရှိမယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

စစ်တမ်းကောက်ယူခဲ့တဲ့ နိုင်ငံတွေထဲမှာ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံတို့ ပါဝင်ပါတယ်။ Grab နဲ့ Uber တို့အပါအဝင် အွန်လိုင်းစနစ်သုံးတက္ကစီဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း အစီရင်ခံစာမှာ အလေးပေး ဖော်ပြထားပါတယ်။ ၂၀၁၅ ခုနှစ်မှာ အွန်လိုင်းစနစ်သုံးတက္ကစီဝန်ဆောင်မှု ဈေးကွက်ရဲ့ဝင်ငွေက အမေရိကန်ဒေါ်လာ သန်း ၈၀၀ အထိရောက်ရှိခဲ့တဲ့အတွက် အင်ဒိုနီးရှားနိုင်ငံနဲ့တူညီနေတာကို တွေ့ရပါတယ်။ အားလုံးခြုံကြည့်ရင် ဒေသတစ်ခုလုံးရဲ့ အွန်လိုင်းတက္ကစီ ဝန်ဆောင်မှုတန်ဖိုးက ၂၀၁၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိပြီး ၂၀၂၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံအထိ ရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

အရှေ့တောင်အာရှ ဒေသမှာရှိတဲ့ အင်တာနက်သုံးစွဲသူ လက်ရှိအရေအတွက်က သန်း ၂၆၀ ရှိပြီး အင်တာနက်ဖွံ့ဖြိုးမှုအလျင်အမြန်ဆုံး ဒေသဖြစ်ကြောင်း စစ်တမ်းအရတွေ့ရပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ အင်တာနက်သုံးစွဲသူဦးရေ သန်း ၄၈၀ ရှိမယ် လို့ ခန့်မှန်းပါတယ်။ ဒါကြောင့် ၂၀၂၅ ခုနှစ်မှာ အရှေ့တောင်အာရှရဲ့ အင်တာနက်စီးပွားရေးက အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## လေကြောင်းသွားလာရေး အချက်အချာဒေသတစ်ခုအဖြစ် ဖန်တီးဖို့ မလေးရှားနိုင်ငံ ကြိုးပမ်း

မလေးရှားနိုင်ငံ ဆိုင်ပန်ရှိ ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင်မှာ လေကြောင်းသွားလာရေး အချက်အချာဒေသတစ်ခု တည်ဆောက်ဖို့အစီအစဉ်ကို မေ ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း ချန်နယ်နယူးအေးရှသတင်းမှာ ဖော်ပြပါတယ်။

စီမံကိန်းဆောင်ရွက်မယ့် ဧရိယာကစတုရန်းကီလိုမီတာ ၁၀၀ ရှိပြီး စီမံကိန်းအမည်ကို KLIA Aeropolis လို့ အမည်ပေးထားပါတယ်။ စီမံကိန်းထဲမှာ လေကြောင်းကုန်စည်နဲ့ ထောက်ပံ့ပို့ဆောင်ရေး၊ အာကာသနဲ့ လေကြောင်းဝန်ဆောင်မှု၊ အစည်းအဝေးခန်းမဆိုပြီး အစုအဖွဲ့သုံးခုပါဝင်မှာဖြစ်ပါတယ်။ ဒီစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရင် လေဆိပ်မြို့တော်တွေတည်ထောင်ရာမှာ ကမ္ဘာ့ခေါင်းဆောင်နေရာရရှိရေးဆိုတဲ့ မလေးရှားနိုင်ငံရဲ့ ရည်မှန်းချက်ကို ဖြည့်ဆည်းပေးနိုင်မယ့်အလားအလာရှိပါတယ်။

KLIA Aeropolis ဖွံ့ဖြိုးရေး စီမံကိန်းကိုအကောင်အထည်ဖော်နိုင်မယ်ဆိုရင် ဒီစီမံကိန်းကနေ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုကို ရင်းဂစ်ဘီလီယံ ၃၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံ) အထိအထောက်အကူပေးမှာဖြစ်ပြီး ၁၅ နှစ်တာကာလအတွင်း အလုပ်အကိုင် ၅၆၀၀၀ ကိုဖန်တီးပေးနိုင်မှာဖြစ်ကြောင်း Malaysia Airports Holding Bhd (MAHB) ညွှန်ကြားရေးမှူးချုပ် ဘက်ဒလီရှန် ဂါဇာလီကဖွံ့ဖြိုးရေးစီမံကိန်းဖွင့်ပွဲအခမ်းအနားမှာ ပြောပါတယ်။

မလေးရှားရဲ့ လေကြောင်းသွားလာရေးဗဟို အချက်အချာသစ်က စင်ကာပူနိုင်ငံရဲ့ ချန်ဂီလေဆိပ်ကိုပခုံးချင်းယှဉ်ဖို့ မဟုတ်ပါဘူး။ ဒါပေမယ့် တိုးတက်ဖွံ့ဖြိုးလာတဲ့ အာရှဒေသလေကြောင်းသွားလာရေးမှ ဖိတ်လျှံအကျိုးသက်ရောက်မှုတွေကို ရယူခံစားသွားမှာ ဖြစ်ပါတယ်။

"အာရှပစိဖိတ်ဒေသမှ တိုးတက်များပြားလာမယ့်လေကြောင်းခရီးသည်အရေအတွက်နဲ့တင် လုံလောက်မှုရှိမယ်လို့ ကျွန်တော်ယူဆပါတယ်။ လေယာဉ်တွေတိုးတက်များပြားလာပေမယ့် အာရှပစိဖိတ်ဒေသက လူလတ်တန်းစားခရီးသွားတွေကနေ ရရှိမယ့်ဝယ်လိုအားက အများကြီးရှိနေပါသေးတယ်။ နောက်ထပ်ဖြည့်ဆည်းရဦးမယ့် လိုအပ်ချက်က အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်တွေဖြစ်ပါတယ်။ KLIA က ဖြည့်ဆည်းပေးမှာကလည်း ဒီလိုအပ်ချက်ပဲဖြစ်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ခရီးသည်သန်း ၇၀ အတွက် ဝန်ဆောင်မှုပေးနိုင်မယ့် ပြေးလမ်းသုံးလမ်းကို လက်ရှိလည်ပတ်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် ခရီးတိုခရီးရှည် လေကြောင်းခရီးစဉ်တွေဆောင်ရွက်နိုင်အောင် မလေးရှားနိုင်ငံက စွမ်းဆောင်ရည်ရှိထားပြီး ဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဟိုချီမင်းစီးတီး

ဟိုချီမင်းစီးတီးရဲ့ ဈေးနှုန်းတည်ငြိမ်ရေးအစီအစဉ်အရ အမျိုးအစားအားဖြင့် ၂၁ ခု ရှိသော ပြည်တွင်းဆေးဝါးအမှတ်တံဆိပ် ၅၆၃ ခုကို ၂၀၁၇ ခုနှစ် မတ်လအထိ ၅ ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ရောင်းချသွားမှာဖြစ်ကြောင်း မြို့တော်ကျန်းမာရေးဌာနရဲ့ထုတ်ပြန်ချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။

### ဗန်ကောက်

ထိုင်းလယ်သမားများနဲ့ အစားအစာဖြန့်ဖြူးရေးလုပ်ငန်းအဆင့်ဆင့်တွင် ပါဝင်နေသူများရဲ့ဝင်ငွေမြင့်မားလာစေရန်အတွက် ထိုင်းအစိုးရကတန်ဖိုးမြှင့် အစားအစာနဲ့ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း မေ ၂၅ ရက်က ပြုလုပ်တဲ့ "THAIFEX-World of Food Asia" အခမ်းအနားမှာ ဒုတိယဝန်ကြီးချုပ် ဆွမ်ကစ်ဂျာတူဆရီပီတက်ရဲ့ ပြောကြားချက်ကို ကိုးကားပြီးနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

### ဝါရှင်တန်

ရေနံစိမ်းဈေးနှုန်းများက တစ်စည်ကို အမေရိကန်ဒေါ်လာ ၅၀ အထိမြင့်တက်ပြီး ငွေကြေးဖောင်းပွမှုနှုန်းကလည်း ရည်မှန်းထားတဲ့အတိုင်း ၂ ရာခိုင်နှုန်းအထိရောက်ရှိလာမယ်လို့ ခန့်မှန်းထားကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုကလည်း ဆက်လက်တိုးတက်လာမည်ဆိုပါက ယခုနှစ်နွေရာသီမှာ ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးဖို့အချိန်သင့်ပြီလို့ ယူဆကြောင်း အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်က မေ ၂၇ ရက်က ပြောကြားချက်ကို ကိုးကားပြီး rttnews ဝက်ဘ်ဆိုက်မှာဖော်ပြပါတယ်။

### မော်စကို

ဥရောပသမဂ္ဂ (အီးယူ) က ရုရှားနိုင်ငံအား အရေးယူပိတ်ဆို့မှုကို သက်တမ်းတိုး ဆောင်ရွက်ရန်ဆွေးနွေးပြင်ဆင်လျက်ရှိတဲ့အတွက် ရုရှားနိုင်ငံကလည်း အနောက်နိုင်ငံမှ စားသောက်ကုန်များအား အရေးယူပိတ်ဆို့မှုကို ၂၀၁၇ ခုနှစ်ကုန်အထိ တစ်နှစ်ခွဲ ထပ်မံတိုးမြှင့်လိုက်ကြောင်း ရုရှားဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒက်ရဲ့ ပြောကြားချက်ကိုကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

## MIDDLE EAST

# လာမယ့် အိုပက်အစည်းအဝေးရလဒ်များက အံ့သြစရာဖြစ်နိုင်

ဇွန်မှာကျင်းပတော့မယ့် အိုပက်အစည်းအဝေးရဲ့ ရလဒ်တွေကမျှော်လင့်ထားသလို ဖြစ်လာနိုင်မှာမဟုတ်ဘူးလို့အမေရိကန်ဘဏ်တစ်ခုဖြစ်တဲ့ ဂျေပီမော်ဂန်မှ လေ့လာဆန်းစစ်ရေးမှူးတွေက ယုံကြည်ထားကြောင်း ထရင့်ဒေါ့အေဇက်ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

"ပြီးတဲ့နှစ်က ရက်သတ္တပတ်ရှစ်ပတ်ကြာ ညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်ခဲ့ပေမယ့် ရေနံထုတ်လုပ်မှုကို လက်ရှိအတိုင်း ဆက်ထိန်းထားဖို့ သဘောတူညီမှုမရရှိခဲ့ပါဘူး။ ဒီအတိုင်းပဲ အိုပက်အဖွဲ့ရဲ့ ဇွန်လအစည်းအဝေးမှာလည်း အဓိပ္ပာယ်ရှိတဲ့ သဘောတူညီမှုရလာလိမ့်မယ်လို့ ဈေးကွက်ကမျှော်လင့်မထားပါဘူး"လို့ ဘဏ်ရဲ့လေ့လာဆန်းစစ်ရေးမှူးတွေရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အစည်းအဝေးကို ရုရှားနိုင်ငံ တက်ရောက်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် အစည်းအဝေးရလဒ်တွေက မျှော်လင့်မထားတဲ့ ရလဒ်မျိုးလည်းဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ်အိုပက်အဖွဲ့ဝင်မဟုတ်တဲ့နိုင်ငံတွေနဲ့ပါပြန်လည်ညှိနှိုင်းဖို့ဆိုတဲ့ရလဒ်မျိုးတွေလည်း ဖြစ်နိုင်ပါတယ်။

အီရန်နိုင်ငံက စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုမတိုင်မီက ထုတ်လုပ်မှုဖြစ်တဲ့ တစ်ရက်စည် ၃ ဒသမ ၆ သန်းထုတ်လုပ်ဖို့ သို့မဟုတ် တစ်ရက် ၄ သန်းနီးပါး ထုတ်လုပ်ဖို့ကြိုးစားနေပါတယ်။ တခြားနိုင်ငံတွေကလည်း အလားတူဆောင်ရွက်ပြီး တစ်ရက်ထုတ်လုပ်မှုကို စည် ၄ သန်းသတ်မှတ်ပြီး ပိုမိုထုတ်လုပ်ဖို့ ဆောင်ရွက်မလာနိုင်ဘူးလို့ ပြောလို့မရပါဘူး။

လေ့လာဆန်းစစ်ရေးမှူးတို့ရဲ့ အမြင်အရ ရေနံသိုလှောင်လက်ကျန်နည်းလာတဲ့ ဆော်ဒီအာရေးဘီးယားနိုင်ငံကလည်း တစ်ရက်ထုတ်လုပ်မှုကို စည် ၁၀ ဒသမ ၂ သန်းထိတိုးမြှင့်လာနိုင်မယ်လို့ ခန့်မှန်းကြပါတယ်။

အားလုံး ခြုံကြည့်မယ်ဆိုရင် အိုပက်အဖွဲ့ရဲ့ ထုတ်လုပ်မှုကို ၂၀၁၆ ခုနှစ်မှာ စည် ၃၃ သန်း နဲ့ ၂၀၁၇ ခုနှစ်မှာ စည် ၃၃ ဒသမ ၂ သန်းအထိသတ်မှတ်လိမ့်မယ်လို့ ဂျေပီမော်ဂန်က ခန့်မှန်းထားပါတယ်။ အိုပက်အဖွဲ့အစည်းအဝေးကို ဗီယင်နာမြို့မှာ ဇွန် ၂ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။

## USA

# ဆေးခန်း၌ ဆေးဝါးသစ်နဲ့ စမ်းသပ်ကုသမှုအား အမေရိကန်လူမျိုးအများစုလက်ခံ

အသစ်ကောက်ယူထားတဲ့ စစ်တမ်းတစ်ခုအရ အမေရိကန်လူမျိုး ၁၀ ဦးတွင် လေးဦးလောက်ကသာ ဆေးခန်းများ၌ ဆေးဝါးသစ်နဲ့ စမ်းသပ်ကုသမှုကို အပြုသဘော အမြင်ရှိကြောင်း မက်ဒီဆန်ဒေ့ါကွန်းသတင်းမှာ ဖော်ပြပါတယ်။ အမေရိကန်လူမျိုးသုံးပုံတစ်ပုံကသာ အဲဒီလိုစမ်းသပ်မှုမှာ တစ်ကြိမ်လောက်သာပူးပေါင်းပါဝင်ဖို့ ဆန္ဒရှိကြောင်း စစ်တမ်းမှာဖော်ပြပါတယ်။



ကင်ဆာဆေးတိုင်းက ပထမဆုံး ဆေးခန်းတွေမှာ စမ်းသပ်ကုသရတာဖြစ်တဲ့အတွက် ယခုတွေ့ရှိချက်ကြောင့် ကင်ဆာသုတေသန လုပ်ငန်းတွေအတွက် စိုးရိမ်စရာဖြစ်ရကြောင်း နယူးယောက်ရှိ Memorial Sloan Kettering Cancer Center မှ ဦးစီးဆောင်ရွက်တဲ့ စစ်တမ်းမှာ ဖော်ပြပါတယ်။ ယခင်က ဆောင်ရွက်ခဲ့တဲ့ စစ်တမ်းအရ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ကင်ဆာလူနာများအနက် နှစ်စဉ်လေးရာခိုင်နှုန်းကသာ ဆေးဝါးစမ်းသပ်ကုသမှုကို ခံယူကြောင်း တွေ့ရပါတယ်။

"ကင်ဆာရောဂါ ကုသတဲ့ဆေးတွေ ဖော်ထုတ်ဖို့အတွက် ဆေးခန်းတွေမှာ ဆေးဝါးသစ် စမ်းသပ်ကုသမှုဟာပိုမိုကောင်းမွန်တဲ့ကုသမှုဖြစ်အောင်ဖော်ထုတ်ဖို့အတွက် အခြေခံကောင်းဖြစ်ပါတယ်။ ဒီကုသမှုကို လက်ခံဖို့ ဆက်လက်ကျဆင်းနေမယ်ဆိုရင် ကင်ဆာသုတေသနလုပ်ငန်းအတွက် အကျပ်အတည်းနဲ့ ရင်ဆိုင်တွေ့ကြုံနိုင်ပါတယ်။ လူနာတွေ ဆက်လက်ပါဝင်ဖို့အတွက် ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ လိုပါတယ်"လို့ ကင်ဆာစင်တာမှ အကြီးအကဲ ဒေါက်တာဟိုဆေးကာဆယ်ဂါက က ပြောပါတယ်။

လောလောဆယ်မှာ Memorial Sloan Kettering မှာ ဆေးဝါးသစ်စမ်းသပ်ကုသမှုခံယူသူ ၉၀၀ ကျော်ရှိတယ်လို့ သုတေသီတွေက ပြောပါတယ်။

ယခုကောက်ယူတဲ့စစ်တမ်းမှာ အသက် ၁၈ နှစ်ကနေ ၆၉ နှစ်အထိရှိတဲ့ အရွယ်ရောက်သူ ၁၅၀၀ ပါဝင်ပါတယ်။ စစ်တမ်းအရ ဆေးခန်းမှာ ဆေးဝါးသစ်စမ်းသပ်ကုသမှုကို စိုးရိမ်သူ အများအပြားတွေ့ရပါတယ်။ စစ်တမ်းကောက်ယူခဲ့သူ ထက်ဝက်ကျော်က ဘေးထွက်ဆိုးကျိုးနဲ့ အန္တရာယ်ကင်းရှင်းမှုအတွက် စိုးရိမ်ကြောင်း တုံ့ပြန်ပါတယ်။

## EU

# ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးများက ဂရိကယ်တင်မှုရန်ပုံငွေအသစ်ကို အတည်ပြု

ဂရိနိုင်ငံကိုငွေကြေး ဆက်လက်ထောက်ပံ့ဖို့ ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးများ သဘောတူညီလိုက်ပြီဖြစ်တဲ့အတွက် ဂရိနိုင်ငံကချေးငွေရန်ပုံငွေသစ် ယူရို ၁၀ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံ) ကိုရရှိတော့မှာဖြစ်ကြောင်း အိုင်ဘီတိုင်းမ်သတင်းမှာဖော်ပြပါတယ်။

ဘရပ်ဆဲလ်မြို့မှာ ၁၁ နာရီကြာ အပြင်းအထန် ဆွေးနွေးပြီးနောက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ရဲ့ တိုက်တွန်းချက်အရ ယူရိုဇုန် ၁၉ နိုင်ငံမှဘဏ္ဍာရေးဝန်ကြီးများကကြွေးမြီသက်သာခွင့်တွေကို တိုးချဲ့ပေးဖို့ သဘောတူခဲ့ကြပါတယ်။

ယူရိုဇုန်ဥက္ကဋ္ဌ Jeroen Dijsselbloem က ယခုသဘောတူညီချက်ကို ဂရိကယ်တင်မှုချေးငွေ အစီအစဉ်မှာ အဆင့်သစ်တစ်ခုအဖြစ် တိုးမြှင့်ပေးလိုက်တဲ့ အဓိကစွမ်းဆောင်မှုအဖြစ် ချီးကျူးပြောကြားခဲ့ပါတယ်။

ဂရိနိုင်ငံက ကယ်တင်မှုချေးငွေကို ၂၀၁၆ ဇွန်မှ ယူရို ၇ ဒသ ၅ ဘီလီယံနဲ့ ၂၀၁၆ ခု စက်တင်ဘာမှာ ယူရို ၂ ဒသမ ၈ ဘီလီယံနှစ်သုတ်ခွဲပြီး အသီးသီး ရရှိမှာဖြစ်ပါတယ်။ ရရှိလာတဲ့ချေးငွေကို ဂရိနိုင်ငံကလုပ်ခလစာနဲ့ အငြိမ်းစားလစာတွေအတွက် ပေးချေရမှာ ဖြစ်ပါတယ်။ ဂရိနိုင်ငံကို ကြိုတင်ငွေထုတ်ပေးဖို့နဲ့ စည်းကမ်းသတ်မှတ်ချက်မပါတဲ့ ကြွေးမြီသက်သာခွင့်ကိုပေးဖို့ တောင်းဆိုခဲ့တာမအောင်မြင်ခဲ့ပေမယ့် သဘောတူညီချက်ကို အိုင်အမ်အက်ဖ်က ကြိုဆိုခဲ့ပါတယ်။ ဂရိနိုင်ငံ အတွက် ကယ်တင်မှုချေးငွေအစီအစဉ်မှာ ဆက်လက်ပါဝင်မယ်လို့လည်း ပြောပါတယ်။ ဒါပေမယ့် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) ရဲ့ ၁၈၀ ရာခိုင်နှုန်းရှိနေတဲ့ ဂရိနိုင်ငံရဲ့ ကြွေးမြီဝန်ထုပ်ဝန်ပိုး က ကြာရှည်ထိန်းထားဖို့ခက်ခဲကြောင်း အိုင်အမ်အက်ဖ်ကသတိပေးပြောကြားပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## SOUTH ASIA

# အိန္ဒိယအိုင်တီလုပ်ငန်းများ ဒစ်ဂျစ်တယ်ခေတ်ဦးကို ဝင်ရောက်လာ

အိန္ဒိယနိုင်ငံရဲ့ သတင်းအချက်အလက်နည်းပညာ(အိုင်တီ)ဝန်ဆောင်မှုလုပ်ငန်းတွေက ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းကာလမှစပြီး နိမ့်ချည်တစ်ခါ၊ မြင့်ချည်တစ်လှည့်ဖြစ်ကြောင်းနဲ့ ယခုအခါမှာ နည်းပညာကုမ္ပဏီတွေက မဟာဗျူဟာမြောက်အနေအထားကို ရောက်ရှိလာခဲ့တဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ အိုင်တီဖွံ့ဖြိုးမှုက ဒစ်ဂျစ်တယ်ခေတ်ကို ကူးပြောင်းစပြုလာပြီဖြစ်ကြောင်း သည်ဟိန္ဒူဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ဥပမာအားဖြင့် အိန္ဒိယနိုင်ငံရဲ့ အိုင်တီကုမ္ပဏီတစ်ခုဖြစ်တဲ့ Infosys က မကြာသေးမီ ကာလအတွင်းမှာ လုပ်ငန်းတွေအကြီးအကျယ် ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ကုမ္ပဏီရဲ့အမှုဆောင်ချုပ် (စီအီးအို) နဲ့ အုပ်ချုပ်မှုဒါရိုက်တာဗိရှာဆစ်ကာလက်ထက်မှာ အလှည့်အပြောင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ သူချမှတ်ခဲ့တဲ့ မဟာဗျူဟာအရ ယခုအခါမှာ ဒစ်ဂျစ်တယ်နည်းပညာများကို အလေးပေးဆောင်ရွက်လာနေပြီ ဖြစ်ပါတယ်။ အိုင်တီကုမ္ပဏီတွေက ဒစ်ဂျစ်တယ်နည်းပညာအခွင့်အလမ်းတွေကို အသုံးချဆောင်ရွက်ရာမှာအကောင်းဆုံးအနေအထားမှာရှိနေတဲ့အတွက် တိုးတက်မှု အခွင့်အလမ်းတွေမြင့်မားနေတာကို တွေ့မြင်နေရပါတယ်။

လက်ရှိဆောင်ရွက်နေတဲ့ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းမျက်နှာစာကို ကြည့်မယ်ဆိုရင် လုပ်ငန်းဆောင်ရွက်ရာမှာလိုအပ်တဲ့ အရင်းအမြစ်တွေရယူတဲ့ပုံစံက ပြောင်းလဲနေပါတယ်။ ဖောက်သည်တွေက အိုင်တီဝန်ဆောင်မှုလုပ်ငန်းတွေကို စီးပွားဘက်လုပ်ငန်းတွေအဖြစ်ရှာဖွေတဲ့အခါ ပူးတွဲပြီးစူးစမ်းရှာဖွေမှု၊ ပူးတွဲပြီးလုပ်ငန်း အရင်းအမြစ်တွေ ဖော်ထုတ်မှုနဲ့ ပူးတွဲပြီးတီထွင်ဆန်းသစ်မှုပြုနိုင်မယ့် သူတွေကို ဦးစားပေး ရှာဖွေလာကြကြောင်း အိုင်တီလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်း ဂတ်တနာရဲ့ ဒုတိယဥက္ကဋ္ဌ ပါသာဂျန်ဂါက ပြောပါတယ်။

ဂတ်တနာရဲ့ အစီရင်ခံစာအရ ၂၀၁၆ ခုနှစ်မှာ အိုင်တီလုပ်ငန်းတွေအတွက် စုစုပေါင်း အသုံးစရိတ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄ ထရီလီယံရှိတဲ့အနက် ဒစ်ဂျစ်တယ်နည်းပညာထွန်းကားမှုကြောင့် အိုင်တီဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ အသုံးစရိတ်က အမေရိကန်ဒေါ်လာ ၉၂၉ ဘီလီယံရှိပါတယ်။ လွန်ခဲ့တဲ့ငါးနှစ်ကနဲ့ နှိုင်းယှဉ်ရင် ဒစ်ဂျစ်တယ်နည်းပညာ က ပိုမိုအရေးပါတဲ့ကဏ္ဍကပါဝင်လာပါတယ်။ ဒါပေမယ့် ဒစ်ဂျစ်တယ်လုပ်ငန်းမှ ဝင်ငွေက အိုင်တီလုပ်ငန်းမှာ အချိုးအစားကြီးမားစွာမပါဝင်သေးတာကို တွေ့ရပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ထွန်းသစ်စ အာရှငွေကြေးအများစုက မေ ၂၇ ရက်မှာနေ့အလိုက် တန်ဖိုးမြင့်တက်လာကြပြီး ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ကြည့်ရင်လည်း တန်ဖိုးမြင့်တက်နေတာကို တွေ့ရပါတယ်။ ဒါပေမယ့် အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌရဲ့ သဘောထားက အမေရိကန် ဗဟိုဘဏ်အနေနဲ့ အတိုးနှုန်းမြှင့်တင်ပေး မပေးဆိုတဲ့အချက်အပေါ် ဩဇာသက်ရောက်မှုရှိနေတဲ့အတွက် ရင်းနှီး မြှုပ်နှံသူတွေက ငွေကြေးမူဝါဒနဲ့ ပတ်သက်ပြီး အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်ရဲ့ ဝေဖန်ပြောကြားချက်ကို စောင့်ကြည့်ပြီး သတိထားဆောင်ရွက်လျက်ရှိပါတယ်။

အမေရိကန် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက အရှိန်ရလာပြီလို့ ယူဆကြတဲ့အတွက် အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းကို ဇွန် သို့မဟုတ် ဇူလိုင်မှာ မြှင့်တင်ပေးလိမ့်မယ်လို့ အမေရိကန်ဗဟိုဘဏ်အရာရှိတွေက မကြာသေးမီက အရိပ်အမြွက် ပြောကြားခဲ့ပါတယ်။ အမေရိကန်စီးပွားရေးကအခြေခိုင်လာပြီဖြစ်ကြောင်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းနဲ့ အလုပ်လက်မဲ့နှုန်းကလည်း ဗဟိုဘဏ်ရဲ့ ရည်မှန်းချက်နဲ့ နီးစပ်လာပြီဖြစ်ကြောင်း မေ ၂၆ ရက်က ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဂျာရုန်ပါဝဲက ပြောပါတယ်။

ငွေကြေးဈေးကွက်နဲ့ ပတ်သက်လို့အရေးယူဆောင်ရွက်မှုတွေပြုလုပ်တဲ့အခါ တစ်ဦးနဲ့တစ်ဦး အနီးကပ်တိုင်ပင်ညှိနှိုင်းဖို့ ဂျပန်နိုင်ငံမှာကျင်းပတဲ့ ထိပ်သီးအစည်းအဝေးမှာ ဂျီ-၇ ခေါင်းဆောင်တွေ သဘောတူခဲ့ကြပါတယ်။

### တရုတ်ယွမ်

ကော်ပိုရေးရှင်းအဖွဲ့အစည်းများရဲ့ ဒေါ်လာဝယ်လိုအားမြင့်တက်လာတဲ့အတွက် မေ ၂၇ ရက်မှာ တရုတ်ယွမ်တန်ဖိုး ပြန်လည်ကျဆင်းခဲ့ပါတယ်။

ဒါပေမယ့် တရုတ်ဗဟိုဘဏ်ကတော့ ကမ္ဘာ့ဈေးကွက်မှာ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းတာကို အကြောင်းပြုပြီး ယွမ်ငွေတန်ဖိုးကို သုည ဒသမ ၀၉ ရာခိုင်နှုန်းမြှင့်တင်ခဲ့ကာ ဗဟိုဘဏ်ရဲ့ ပျမ်းမျှဖလှယ်နှုန်းကို ၆ ဒသမ ၅၄၉၀ ယွမ်နှုန်းသတ်မှတ်ပေးခဲ့ပါတယ်။ လက်ငင်းငွေကြေးဈေးကွက်မှာ ယွမ်ငွေတန်ဖိုးက အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၅၃၀ ယွမ်နှုန်းနဲ့ ဈေးဖွင့်ခဲ့ပါတယ်။ ပင်လယ်ရပ်ခြားဈေးကွက်မှာ ယွမ်တန်ဖိုးက ပြည်မကြီးဈေးကွက်အောက် သုည ဒသမ ၀၆ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆ ဒသမ ၅၆၄၂ ယွမ်နှုန်းရှိခဲ့ပါတယ်။

### အိန္ဒိယရူပီး

အိန္ဒိယနိုင်ငံအတွင်းသို့ နိုင်ငံခြား ငွေကြေးစီးဝင်မှုမြင့်မားနေချိန်မှာ ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်များက အမေရိကန်ဒေါ်လာကို ပိုမိုထုတ်ရောင်းလာတဲ့အတွက် မေ ၂၇ ရက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၁၃ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၇ ဒသမ ၀၄ ရူပီးနှုန်းရှိခဲ့ပါတယ်။ တတိယမြောက်နေ့အဖြစ် ဆက်တိုက်မြင့်တက်ခဲ့တာ ဖြစ်ပါတယ်။

ပြည်ပဈေးကွက်မှာ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးကျဆင်းမှုနဲ့ ရှယ်ယာဈေးကွက်အဖွင့်မှာ ပြည်တွင်းရှယ်ယာဈေးတွေမြင့်တက်မှုကလည်း ရူပီးတန်ဖိုးမြင့်တက်အောင် အထောက်အကူပေးခဲ့တယ်လို့ ဝယ်ရောင်းသမားတွေက ပြောပါတယ်။

### ဂျပန်ယန်း

နိုင်ငံခြားငွေ ဖလှယ်ရေးဈေးကွက်တွေမှာ ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ဖို့ ဂျီ-၇ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ထိပ်သီးအစည်းအဝေးမှာ အတည်ပြုခဲ့ပြီးနောက် မေ ၂၇ ရက်ကဒေါ်လာ၊ ယူရိုတို့နဲ့ဖလှယ်ရာမှာ ယန်းငွေတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ယန်းငွေ ဖလှယ်နှုန်းက မေ ၂၆ ရက်က နယူးယောက်ဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၀၉ ဒသမ ၇၆ ယန်းနှုန်းရှိရာမှ နောက်တစ်နေ့ တိုကျိုဈေးကွက်မှာ ၁၀၉ ဒသမ ၇၄ ယန်းနှုန်းရှိခဲ့ပါတယ်။ ယူရိုငွေကြေး တန်ဖိုးက မေ ၂၆ ရက်က နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၁၉၄ ဒေါ်လာနဲ့ ၁၂၂ ဒသမ ၈၆ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မှာ ၁ ဒသမ ၁၁၉၂ ဒေါ်လာနှုန်းနဲ့ ၁၂၂ ဒသမ ၈၃ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှင်းရင်းဂစ်

ရေနံစိမ်းဈေးနှုန်းတွေ ဆက်တိုက်မြင့်တက်လာတဲ့အတွက် မေ ၂၇ ရက် ဈေးဖွင့်ချိန်မှာ အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ် ဖလှယ်နှုန်းက မေ ၂၆ ရက် ညနေ ၅ နာရီက တစ်ဒေါ်လာကို ၄ ဒသမ ၀၇၈၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၂၉ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၇၄၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးကအများအားဖြင့် မြင့်တက်ခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

ရှယ်ယာတွေကို ပြည်ပမှ ဝယ်ယူမှုမြင့်မားလာတဲ့အတွက် မေ ၂၇ ရက်မှာ တောင်ကိုရီးယား ရှယ်ယာတန်ဖိုး မြင့်တက်ခဲ့ပြီး ငွေကြေးတန်ဖိုးက လည်း အနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ဝမ်ငွေကြေးတန်ဖိုးက မေ ၂၆ ရက်ကထက် ၁ ဒသမ ၁ ဝမ်နှုန်း ပိုမိုမြင့်တက်ခဲ့ပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၇၉ ဒသမ ၃၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

### ထိုင်းဘတ်

ထိုင်းဘတ်ငွေတန်ဖိုးက ဒေသတွင်းငွေကြေးတွေနည်းတူလိုက်ပါပြီး တန်ဖိုးမြင့်တက်ခဲ့ကြောင်း ထိုင်းဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဗီရာရာထိုင်းဆန်တီပရာဟော့က ပြောပါတယ်။ ရိုက်တာသတင်းဌာနက ပြုစုထားတဲ့ ကိန်းဂဏန်းများအရ မေ ၂၇ ရက်မှာ သုည ဒသမ ၀၇ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၆၁ ဘတ်နှုန်းရှိခဲ့ပါတယ်။

**ဘဏ်တင်-စုစည်းတင်ပြသည်**

## စင်ကာပူရှိ ဆွစ်ဇာလန် BSI ဘဏ်ကို ပိတ်သိမ်းဖို့ အမိန့်ထုတ်

စင်ကာပူတွင် လုပ်ငန်းဆောင်ရွက်နေတဲ့ ဆွစ်ဇာလန်မှ BSI ဘဏ်ကို ပိတ်သိမ်းဖို့ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (MAS) က မေ ၂၄ ရက်မှာ အမိန့်ထုတ်ပြန်ခဲ့ကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးစည်းမျဉ်းများကို ချိုးဖောက်ခြင်း၊ ဘဏ်လုပ်ငန်းများကို ကြီးကြပ်ရာတွင် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနဲ့ အချို့သောဘဏ်ဝန်ထမ်းများရဲ့ အကျင့်သိက္ခာပျက်ပြားမှုတို့ကြောင့် ကုန်သွယ်မှုဘဏ်အဖြစ် စင်ကာပူရှိဆွစ်ဇာလန် BSI ဘဏ်က ဆောင်ရွက်နေခြင်းကို ရပ်ဆိုင်းဖို့ အကြောင်းကြားခဲ့တာ ဖြစ်ပါတယ်။

ထို့ပြင် BSI ဘဏ်ရဲ့ အကြီးတန်းအရာထမ်းနဲ့ ဝန်ထမ်းခြောက်ဦးကို MAS က တရားရုံးသို့ လွှဲပြောင်းပေးပို့ပြီး ပြစ်မှုကျူးလွန်ခြင်း ရှိ၊ မရှိစစ်ဆေးစေခဲ့ပါတယ်။ BSI ဘဏ်က ၂၀၀၅ ခုနှစ်မှစပြီး စင်ကာပူနိုင်ငံမှာ ကုန်သွယ်မှုဘဏ်အဖြစ် လုပ်ငန်းဆောင်ရွက်ခဲ့တာဖြစ်ပြီး ပုဂ္ဂလိကဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေပေးခဲ့တာဖြစ်ပါတယ်။ စင်ကာပူရှိBSI ဘဏ်ကို ဆွစ်ဇာလန်ရှိ BSI SA ဘဏ်က ရာနှုန်းပြည့်ပိုင်ဆိုင်ထားပါတယ်။

"ဘဏ်ကိုဖျက်သိမ်းပြီးဖြစ်ပါတယ်။ ဘဏ်ရဲ့ ရရန်ပိုင်ခွင့်တွေက ပေးရန်တာဝန်နဲ့ ကတိကဝတ်တွေထက်ပိုမိုနေပါတယ်။ ဆွစ်ဇာလန်မှာရှိတဲ့ မိခင်ဘဏ်ဖြစ်တဲ့ BSI SAကလည်း ထောက်ပံ့မှု အပြည့်အဝပေးထားပါတယ်။ စင်ကာပူရှိ BSI ဘဏ်ကိုစနစ်တကျရပ်ဆိုင်းနိုင်ဖို့အတွက် MAS က ဆွစ်ဇာလန်ရှိ ဆွစ်ဇာလန်ဘဏ္ဍာရေးဈေးကွက်ကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ (FINMA) နဲ့ အတူပူးပေါင်းဆောင်ရွက်နေပါတယ်" လို့ MAS ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

၂၀၁၁ ခုနှစ်မှာ MAS က BSI ဘဏ်ကို စစ်ဆေးခဲ့ရာမှာ BSI ရဲ့ ဆောင်ရွက်ချက်တွေမူဝါဒအရယိုပေါက်တွေရှိနေသလို ထိန်းသိမ်းရေးလုပ်ငန်းတွေမှာလည်း အားနည်းမှုရှိခဲ့တာကို တွေ့ရပါတယ်။

## ရောင်းခွန်ကိုတိုးမြှင့်ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံက ဂျီ-၇ ဝန်ကြီးများကိုပြော

ဂျပန်နိုင်ငံက လာမယ့်နှစ်မှာရောင်းခွန်ကို တိုးမြှင့်ပေးသွားမယ်လို့ ယခင်ရက်သတ္တပတ်ကကျင်းပတဲ့ ဂျီ-၇ အစည်းအဝေးမှာ ဘဏ္ဍာရေးဝန်ကြီးတွေကို ကတိပေးခဲ့ကြောင်း မေ ၂၅ ရက်က ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုရဲ့ ပြောကြားချက်ကို ကိုးကားပြီးရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဒါပေမယ့် ယခုလိုဆောင်ရွက်ခဲ့တဲ့အတွက် အငြင်းပွားဖွယ်ရှိနေတဲ့ အခွန်တိုးမြှင့်မှုကိစ္စကို ဆက်လက်လုပ်ဆောင်မယ်လို့ ဂျပန်နိုင်ငံက အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းကို တရားဝင်ကတိပြုရာ ရောက်၊ မရောက် အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းကို ဖြေကြားခြင်းမပြုခဲ့ပါဘူး။

"ရောင်းခွန်တိုးမြှင့်ရေးက ဂျပန်ဘဏ္ဍာရေးအခြေအနေအပေါ် ယုံကြည်မှုရအောင် ဆက်လက်ထိန်းထားဖို့အတွက် အလွန်အရေးပါတဲ့ အကြောင်းအရာတစ်ခုဖြစ်ပါတယ်"လို့ အာဆိုကလွှတ်တော်ကို ပြောပါတယ်။ ဂျပန်နိုင်ငံမြောက်ပိုင်း ဆန်ဒိုင်းမှာကျင်းပတဲ့ ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးမှာ အဲဒီစီမံချက်ကို ပြောကြားခဲ့တယ်လို့ သူကပြောပါတယ်။

လေမန်းဘရားသားကုမ္ပဏီပြိုကွဲခဲ့ရတဲ့ အကျပ်အတည်းမျိုး ဒါမှမဟုတ် ကြီးမားတဲ့သဘာဝဘေးဒဏ်တွေ ဖြစ်ပေါ်မလာဘူးဆိုရင် လာမယ့်နှစ်ပြီမှာ ရောင်းခွန်ကိုလက်ရှိ ရှိနေတဲ့ ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားဖို့ အစိုးရကစီစဉ်ထားပါတယ်။



YOUR TRUST SERVICE ...
BAGAN
Automotive Co.,Ltd
No. 186-188, Room No.1/A, First Floor, Shine Condo, Pansodan Road, Kyauktada Township, Yangon.
Tel : 95-1-385800, 388158, 254102, 254594, Fax : 253578
No. 9/72(D), Between 39th & 40th St., 66th St., Maharmyaing (1) Ward, Maharaungmyay Tsp., Madalay.
Tel : 95-1-385800, 09-5186300, 09-425022866




ကားဝယ်ဖို့ ဘယ်နေရာမှာမှ စိတ်တိုင်းမကျဘူးဆိုရင် ... တစ်နေ့တစ်မျိုးမရိုးရအောင် ကားအသစ်များကိုသာ တင်သွင်းနေသော RIXS ကိုသာ ရောက်အောင်လာခဲ့ပါ။
LEXUS
NISSAN
RIXS International Company Limited
TOYOTA ALPHARD
2003 Model
2400 cc
စလစ် + 205 Lakhs
TOYOTA LEXUS IS
2005 Model
G Grade
2500 cc
စလစ် + 355 Lakhs
HONDA CRV
2003 Model
2000 cc
စလစ် + 170 Lakhs
TOYOTA NOAH
2003 Model
1990 cc
စလစ် + 130 Lakhs
TOYOTA WISH
2003 Model
1800 cc
စလစ် + 125- Lakhs
TOYOTA RAV 4
2003 Model
1800 cc
စလစ် + 175- Lakhs
TOYOTA CROWN (Royal Saloon)
2004 Model
2500 cc
စလစ် + 215 Lakhs
TOYOTA MARK II
2003 Model
2000 cc
စလစ် + 145 Lakhs
HONDA FIT
2011
G Grade
1300 cc
130 Lakhs
TOYOTA MARK II
2003 Model
35th Anniversary
2000 cc
စလစ် + 130 Lakhs
TOYOTA WISH
2003 Model
1800 cc
စလစ် + 130- Lakhs
TOYOTA PROBOX
2010
GL
1500 cc
ရန်ကုန်လိုင်စင် 140 Lakhs
HONDA CIVIC (HYBRID)
2006 Model
1300 cc
စလစ် + 110- Lakhs
HONDA FIT
2011
G Grade
1300 cc
135 Lakhs
HONDA INSIGHT (HYBRID)
2009 Model
1300 cc
155 Lakhs
TOYOTA COROLLA FIELDER (TAXI)
2007 Model
1490 cc
စလစ် + 100 Lakhs
TOYOTA BELTA
2011 Model
1300 cc
150- Lakhs
TOYOTA COROLLA FIELDER (TAXI)
2003 Model
1500 cc
စလစ် + 85- Lakhs
Head Office No.74 , 31st Street, Pabedan Township, Yangon, MYANMAR . Tel : 01 243737, 01 245732, Fax : 01 243737 Mobile : 09 43171713
Show Room No. 296, (E-2), Aye Yar Won Road, Tharkayta Township, Yangon, MYANMAR. Mobile : 09-425297240, 09 43171713
Email : contact@rixsmyanmar.com / Website : www.rixsgroup.com


Parisian®
CAKE & COFFEE
Contact Us
No. 446-466, Lower Kyee Myin Daing Road,
Kyee Myin Daing Township, Yangon.
(Opposite West Yangon Hospital).
Tel: 01-223361, 01-2314568, 01-211451
Hotline: 01-2301512 , 09-73128001
https://www.facebook.com/parisiancakeandcoffee
parisian.myanmar@gmail.com

ZENITH POWER
COMPANY LIMITED
Engineering | Procurement
Construction | Commissioning
Project Management
OFFICE (YGN) : No.45T, Tae Nu Yin Street, 7½ Mile, Off Pyay Road, Mayangone Township, Yangon, Myanmar. Tel : (95-1) 656 525 Mobile : (95-9) 40 158 7272
OFFICE (MDY) : No. 682, 35th Street, Between 73rd x 74th Street, Maw Ya Gi Wa Ward, Chan Aye Thar Zan Township, Mandalay. Mobile : (95-9) 401 587373 , 262 174 143
OFFICE (SG) : Block 12, Lorong Bakar Batu, # 05-08, Singapore 348745 Mobile : (65) 6742 3706
E-Mail : info@zenithpowermyanmar.com www.zenithpowermyanmar.com www.zenithpowerengineering.com.sg
SMART SOLUTION RELIABILITY EVERYWERE

COMMERCE
INTERNATIONAL

# ကမ္ဘာ့စီးပွားရေးကျဆင်းမှုကို စုပေါင်းအရေးယူဆောင်ရွက်ဖို့ ဂျီ-၇ ခေါင်းဆောင်တို့ ကတိပြု



အကြမ်းဖက်တိုက်ခိုက်မှုများနဲ့အတူ နိုင်ငံရေးအရ တိုက်ရိုက်ခြိမ်းခြောက်မှုများ၊ အစွန်းရောက်တိုက်ခိုက်မှုများနဲ့ ရွှေ့ပြောင်းဒုက္ခသည်များ မြင့်တက်လာမှုတို့အပါအဝင် ကမ္ဘာ့စီးပွားရေးကို အနှောင့်အယှက်ပေးနေတဲ့ အန္တရာယ်များကို စုပေါင်းဖြေရှင်းကြဖို့ ဂျီ-၇ ခေါင်းဆောင်များက မေ ၂၇ ရက်က ကတိပြုခဲ့ကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းမှာ ဖော်ပြထားပါတယ်။

ဂျပန်နိုင်ငံအလယ်ပိုင်းရှိပင်လယ်ကမ်းခြေအပန်းဖြေစခန်းမှာ ကျင်းပခဲ့တဲ့ ဂျီ-၇ ရဲ့ နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးက မေ ၂၇ ရက်မှာ ပြီးဆုံးခဲ့ပြီး ဖော်ပြပါစိန်ခေါ်မှုများကို နိုင်ငံတကာအတိုင်းအတာအရ ကြိုးပမ်းဆောင်ရွက်ရာမှာ "အထူးတာဝန်တစ်ရပ်အဖြစ် တာဝန်ယူဆောင်ရွက်ရန်" နှိုးဆော်တိုက်တွန်းခဲ့ကြပါတယ်။

သက်ဆိုင်ရာနိုင်ငံများရဲ့ ကျဆင်းနေတဲ့ စီးပွားရေးများကို လှုံ့ဆော်တွန်းအားပေးပြီး ရေရှည်တည်တံ့ အောင်မြင်မှုဝါဒ ချမှတ်ဆောင်ရွက်ရာမှာ ပူးပေါင်းဆောင်ရွက်ကြရန်လည်း ကတိပြုခဲ့ကြပါတယ်။

ကမ္ဘာ့လက်ရှိ စီးပွားရေးအခြေအနေမှာ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေး အကျပ်အတည်းမတိုင်မီက အခြေအနေမျိုးဖြစ်နေတဲ့အတွက် ကမ္ဘာ့စီးပွားရေး အကျပ်အတည်း နောက်တစ်ကြိမ်ဖြစ်ပေါ်မလာအောင်ဆောင်ရွက်ကြဖို့ ဂျီ-၇ အစည်းအဝေးကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပပေးတဲ့ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျီ-၇ ခေါင်းဆောင်များကို ပန်ကြားခဲ့ပါတယ်။

ဂျီ-၇ ခေါင်းဆောင်များက ကိုယ်ကျိုးစီးပွားကာကွယ်မှုနဲ့ ကုန်သွယ်မှု အတားအဆီးများကို ရှုတ်ချခဲ့ပါတယ်။ ထို့အတူ အချို့သောစက်မှုလုပ်ငန်းများ၊ အစိုးရထောက်ပံ့ကြေးများနဲ့ အခြားမက်လုံးပေးမှုများကြောင့် ပြဿနာများ ပိုမိုဆိုးရွားလာစေနိုင်တဲ့ အချက်များကိုလည်း ခေါင်းဆောင်များက သတိပေးပြောကြားခဲ့ပါတယ်။

ထိပ်သီးဆွေးနွေးပွဲအတွင်း အလွတ်သဘောဆွေးနွေးပွဲများမှာ အမေရိကန်၊ အီးယူနဲ့ ဂျပန်နိုင်ငံခေါင်းဆောင်များက ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ကုန်သွယ်မှုသဘောတူ စာချုပ်အမျိုးမျိုး ချုပ်ဆိုနိုင်ရေးကိစ္စကို ဆွေးနွေးခဲ့ပါတယ်။ ဗြိတိန်နိုင်ငံမှာ ဇွန် ၂၃ ရက် ဆန္ဒခံယူပွဲပြီးချိန်မှာ ဗြိတိန်နိုင်ငံ အီးယူမှ ထွက်ခွာမည်ဆိုပါက ဖြစ်ပေါ်လာမယ့်အလားအလာများကိုလည်း ဖော်ပြထားပါတယ်။

အရှေ့နဲ့ တောင်တရုတ်ပင်လယ်မှာ နယ်မြေပိုင်နက်ဆိုင်ရာ တင်းမာမှုများအတွက် စိုးရိမ်မှုရှိကြောင်း ကြေညာချက်မှာ ထုတ်ပြန်ထားပါတယ်။ ထို့ပြင် အဂတိလိုက်စားမှု၊ ဆိုက်ဘာပြစ်မှု၊ အကြမ်းဖက်မှု၊ ကမ္ဘာ့ကျန်းမာရေးနဲ့ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာကိစ္စတွေကိုလည်း အခြားဦးစားပေးလုပ်ငန်းများနည်းတူ ပူးပေါင်းဖြေရှင်းကြဖို့ ထိပ်သီးဆွေးနွေးပွဲကြေညာချက်မှာ ဖော်ပြထားပါတယ်။ **UNT**




Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 30th May 2016

<< April And May Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.30 | 1.55 | 1.90 | 2.20 | 3.50 | | | | 29.4.2016 | 28.4.2016 | 27.4.2016 | | | 9.5.2016 | 13.5.2016 | |
| | S/O CUT | | | | | | | 25.4.2016 | 24.4.2016 | 23.4.2016 | | | | | |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | | 17.5.2016 | 16.5.2016 | 19.5.2016 | | 29.5.2016 | 3.6.2016 | |
| | S/O CUT | | | | | | | | 13.5.2016 | 12.5.2016 | 15.5.2016 | | | | |
| MV.CITY OF MUMBAI V.31 | 1.55 | 1.90 | 2.20 | 3.50 | | | | 6.6.2016 | 7.6.2016 | 8.6.2016 | | | 18.6.2016 | 22.6.2016 | |
| | S/O CUT | | | | | | | 2.6.2016 | 3.6.2016 | 4.6.2016 | | | | | |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | | | | | | | | |
| | S/O CUT | | | | | | | | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။